# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၂၀)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်
၂၀၂၆ ခုနှစ်၊ မေ ၈ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိသည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသောပတ္တမြားကြီးအား ကြည့်ရှု

**ယခုရှာဖွေတွေ့ရှိခဲ့သော ပတ္တမြားသည် အလေးချိန် ၂၂၀၀ ဂရမ် (၁၁၀၀၀ ကရက်) ရှိသဖြင့် အရွယ်အစားကြီးမားသောကြောင့် ရှာဖွေတွေ့ရှိရန်ခက်ခဲပြီး ရှားပါး၊ ပတ္တမြားကြီးအနေဖြင့် ခရမ်းရောင်သမ်းသော အနီရောင်တွင် အဝါရိပ်ဖောက်သောအရောင်ရှိပြီး အရောင်အဆင့်အတန်းအားဖြင့် ကောင်းမွန်၊ အလင်းပေါက်အားသင့်တင့်ပြီး ဖန်ရောင်လက်ကောင်းမွန်ကာ ပြုပြင်ထားခြင်းမရှိသော သဘာဝအတိုင်းရှိသည့် ပတ္တမြားကြီးဖြစ် . . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိသည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသောပတ္တမြားကြီးအား ကြည့်ရှုစဉ်။

နေပြည်တော် မေ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကျင်းပပြီး ပြည်သူများ၏ဆန္ဒနှင့်အညီ ဆန္ဒမဲပေးရွေးချယ်ခဲ့သည့် ဒီမိုကရေစီအစိုးရအဖွဲ့ တာဝန်ယူပြီးနောက် မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာနှစ်သစ်ကူးကာလလွန်မြောက်သောအချိန်အခါသမယတွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်ရတနာမြေမှထူးခြားလှပပြီး အရွယ်အစားကြီးမားသည့် ပတ္တမြားတစ်ပွင့် ရှာဖွေတွေ့ရှိခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ ☆

**ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲဆက်လက်ပြသ**

စာ - ၃ သို့

**အခြေခံပညာလူရည်ချွန်စခန်း(ငွေဆောင်)နှင့် အဆင့်မြင့်ပညာလူရည်ချွန်စခန်း(ချောင်းသာ)ဖွင့်ပွဲပြုလုပ်**

စာ - ၁၂ သို့

ဆောင်းပါး

**တောင်သူအကျိုးများစေဖို့ ဆီထွက်နေကြာစိုက်ကြစို့**

စာ - ၆ သို့

ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

**စိတ်ထားမွန်မြတ်သည့် တို့ကြက်ခြေနီ**

စာ - ၁၃ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၈ ရက်)

# ညီညွတ်မှုအားနဲ့တို့ကူညီ လူသားချင်းစာနာတဲ့ကြက်ခြေနီ

ကြက်ခြေနီအသင်း၏အဓိပ္ပာယ်ကိုမြန်မာအဘိဓာန်တွင် “ဘေးဒုက္ခရောက်သူတို့ကို ကူညီကယ်ဆယ်စောင့်ရှောက်သောအသင်း”ဟူ၍ဖော်ပြထားသည်။ ကြက်ခြေနီဟူသောစကားလုံးကိုကြားသိလိုက်ရသည်နှင့် နှလုံးသားတွင်လူသားတို့ကိုကောင်းကျိုးပြုသူများဟုမှတ်ယူကြသည်။ ကြက်ခြေနီအသင်းပေါ်ပေါက်လာပုံသမိုင်းမှာလည်း လူသားတို့၏ဘေးဒုက္ခကို ကယ်တင်စောင့်ရှောက်ရာမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

နှစ်စဉ်နှစ်တိုင်း မေလ ၈ ရက်နေ့သည် ကမ္ဘာ့ကြက်ခြေနီနေ့ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကြက်ခြေနီနေ့အခမ်းအနားများကို ကျင်းပပြုလုပ်ကြသည်။ လူသားများကြုံခဲ့ရသည့် ကမ္ဘာစစ်ကြီးနှစ်ခုစလုံးတွင် ကြက်ခြေနီများသည်အရေးပါသည့်အခန်းကဏ္ဍမှပါဝင်ခဲ့ကြသည်။ မိမိတို့၏အသက်ကိုပဓာနမထားဘဲ မွန်မြတ်သည့်စိတ်ဓာတ်ဖြင့်ဒဏ်ရာရသူများကို ကူညီကယ်တင်ပေးခဲ့သည့် ကြက်ခြေနီအဖွဲ့ဝင်များ၏ လုပ်ရပ်များကလည်း သမိုင်းမှတ်တမ်းတွင် အထင်အရှားဖြစ်သည်။

ကြက်ခြေနီလှုပ်ရှားမှုသမိုင်းကြောင်းကိုပြန်ပြောင်းကြည့်သည့်အခါ ၁၈၅၉ ခုနှစ် ဆိုဖာရီနိုစစ်မြေပြင်က အစပြုခဲ့သည်။ ထိုစဉ်က ဟင်နရီဒူးနန့်သည် ခရီးသွားလာရင်း အဆိုပါစစ်မြေပြင်သို့ရောက်ရှိခဲ့သည်။ တိုက်ပွဲဖြစ်ပွားရာနှစ်ဖက်စလုံးမှသေဆုံးသူများ၊ဒဏ်ရာရသူများ များပြားလှသည်။ ဤသည်ကိုမြင်တွေ့သော ဟင်နရီဒူးနန့်က သနားကြင်နာသောစိတ်ဖြင့် လူနာများကိုပြုစုစောင့်ရှောက်ပေးခဲ့သည်။ ထိုသို့စောင့်ရှောက်ပေးရာတွင် နှစ်ဖက်စလုံးမှစစ်သည်များကို စိတ်ထားတူညီစွာပြုစုစောင့်ရှောက်ခြင်းဖြစ်သည်။ ထိုမှအစပြု၍ကြက်ခြေနီအသင်းများပေါ်ပေါက်လာကာ လူသားတို့ကောင်းကျိုးကို စေတနာဖြူစင်စွာဖြင့်သယ်ပိုးဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနည်းတူ လူမှုရေးအသင်းတစ်သင်းအဖြစ် မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၂၀ ပြည့်နှစ်တွင်ဖွဲ့စည်းခဲ့သည်။ အသင်း၏ရည်ရွယ်ချက်မှာ “ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်” ဖြစ်သည်။ အဆိုပါရည်ရွယ်ချက်အောင်မြင်စေရန်အတွက် ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါတားဆီးရန်၊ ဘေးဒုက္ခရောက်သူများကိုကူညီရန်ဟူသောလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် လူတို့ကြောင့်ဖြစ်သောဘေး၊ သဘာဝကြောင့်ဖြစ်သောဘေးများ တွေ့ကြုံရလေတိုင်း တပ်မတော်၊ မြန်မာနိုင်ငံရဲ၊ မြန်မာနိုင်ငံမီးသတ်တို့နှင့်အတူအစဉ်အမြဲအသင့်ရှိကာပါဝင်ကူညီနေသည်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဖြစ်သည်။

စေတနာ့ဝန်ထမ်းလုပ်အားရှင်များကိုအခြေခံကာ ဖွဲ့စည်းထားသည့်အသင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ဗြဟ္မစိုရ်တရားလေးပါးနှင့်ပြည့်စုံပြီး ကြင်နာသနားစိတ်၊ ရိုင်းပင်းကူညီလိုစိတ်၊ ပေးကမ်းလိုစိတ်၊ အများကောင်းကျိုးသယ်ပိုးလိုစိတ်ဖြင့် ပါဝင်ဆောင်ရွက်နေကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်အနေဖြင့်လည်း အစဉ်တစိုက်အသိအမှတ်ပြုအားပေးလျက်ရှိသည်။ ၁၉၅၉ ခုနှစ် အက်ဥပဒေကို ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ခေတ်စနစ်နှင့်ညီအောင်ပြင်ဆင်ပြဋ္ဌာန်းပေးခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းကိုလူမှုကရုဏာလုပ်ငန်းဆောင်ရွက်ရာတွင် လွတ်လပ်စွာလုပ်ဆောင်နိုင်သော တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် လူထုအခြေပြုအဖွဲ့အစည်းတစ်ခုအဖြစ် ဥပဒေနှင့်အညီတာဝန်ပေးအပ်ထားခြင်းဖြစ်သည်။ ဂျီနီဗာကွန်ဗင်းရှင်းများနှင့်အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုများ၏ ဥပဒေများအရ လူမှုကရုဏာလုပ်ငန်းများဆောင်ရွက်ကြရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းကို နိုင်ငံတော်၏အရန်အင်အားအဖြစ်ရပ်တည်ဆောင်ရွက်ရန် ဥပဒေနှင့်အညီအသိအမှတ်ပြုထားခြင်းဖြစ်သည်။

ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုများတွင် အခြေခံအားဖြင့်မူ(၇)ချက်ရှိသည်။ ယင်းတို့မှာ လူသားချင်းစာနာထောက်ထားခြင်း၊ ကြားနေခြင်း၊ စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း၊ ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်း၊ ခွဲခြားမှုမရှိခြင်း၊ လွတ်လပ်ခြင်းနှင့်စည်းလုံးညီညွတ်ခြင်းတို့ဖြစ်သည်။ ကမ္ဘာပေါ်ရှိမည်သည့်နေရာတွင်မဆို လူမှုဒုက္ခများကိုတားဆီးရန်နှင့်ကြုံတွေ့ရပါကလည်း လျော့နည်းသက်သာစေရန်ဆောင်ရွက်သည်။ စစ်ပွဲများ၌လည်းကောင်း၊ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် ဝါဒရေးရာအငြင်းပွားမှုများ၌လည်းကောင်း ဘက်လိုက်မှုမရှိဘဲကြားနေသည်။ လုပ်ငန်းဆောင်ရွက်မှုတိုင်းအတွက်အကျိုးအမြတ်ရရှိရေးဆန္ဒအလျှင်းမရှိသော စေတနာ့ဝန်ထမ်းကယ်ဆယ်ရေးလှုပ်ရှားမှုဖြစ်သည်။ ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုသည် လူသားတစ်ဦးချင်းစီ၏ ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်ဆောင်ရွက်ရာတွင် နိုင်ငံသား၊ လူမျိုး၊ ဘာသာရေးယုံကြည်မှု၊ လူတန်းစား၊ နိုင်ငံရေးခံယူချက်တို့နှင့်ပတ်သက်၍ ခွဲခွဲခြားခြားမပြုပါ။

ကြက်ခြေနီအသင်းသည် မြန်မာနိုင်ငံတွင်စဉ်ဆက်မပြတ်ရှိနေရမည့် လူမှုကူညီရေးအသင်းတစ်ခုဖြစ်သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားများနှင့်အညီ လူသားတို့ကောင်းကျိုးကိုသယ်ပိုးလိုစိတ်ရှိသူများ စဉ်ဆက်မပြတ်ပါဝင်နေကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ယနေ့တွင်ကျရောက်သော ကမ္ဘာ့ကြက်ခြေနီနေ့၏ဆောင်ပုဒ်အတိုင်း **“ညီညွတ်မှုအားနဲ့တို့ကူညီ လူသားချင်းစာနာတဲ့ကြက်ခြေနီ”** အဖြစ် ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ရေရရှိရေးလုပ်ငန်းဆောင်ရွက်ရန် ကွင်းဆင်းတိုင်းတာခြင်းဆောင်ရွက်

ကျေးသီး မေ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေကို ရာသီမရွေးဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ဝမ်ဖွန်းကျေးရွာ၌ ရက် ၁၀၀ စီမံချက်အရ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ရန် အကြိုကွင်းဆင်းတိုင်းတာခြင်းကို မေလ ၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးသီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိင်္ဂီဝင်းနှင့် တာဝန်ရှိသူများက ဝမ်ဖွန်းကျေးရွာ၌ အရှည် ၃ ဖာလုံရှိ စိမ့်စမ်းရေသွယ်ယူမည့် လမ်းကြောင်းတစ်လျှောက်နှင့် ဂါလန် ၃၀၀၀ ဆံ့ ရေစုကန် တည်ဆောက်မည့် မြေပြင်အခြေအနေများကို ကွင်းဆင်းကြည့်ရှုတိုင်းတာစစ်ဆေးကြပြီး ကျေးရွာကော်မတီဝင်များ၊ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်အရ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ တို့ကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကာရံ(ကျေးလက်)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲဆက်လက်ပြသ

ရန်ကုန် မေ ၇

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အထူးပြပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးပတ်လမ်းတွင် ပြသလျက်ရှိရာ ယနေ့တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)၊ ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်တို့မှ ဂေါပကအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ၊ လှည်းကူးပညာရေးဒီဂရီ ကောလိပ်၊ မင်္ဂလာဒုံမြို့နယ် တောတိုက်ဓမ္မရိပ်သာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားသူ ရဟန်းရှင်လူပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြရာ ၎င်းတို့၏ပြပွဲနှင့် ပတ်သက်သည့် သဘောထားအမြင်များကို ဖော်ပြလိုက်ရပါသည်-



**အရှင်ကေလာသ**
**နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)**



မော်ကွန်းထိန်းဆရာတော်ဦးဆောင်ပြီး သင်ကြားစီမံဆရာတော်တွေ၊ ကထိကဆရာတော်တွေ၊ နည်းပြဆရာတော်တွေနဲ့ သင်တန်းသားသံဃာတော်တွေ အားလုံး စုစုပေါင်း ၉၃ ပါး ကြွရောက်ခဲ့တာပါ။ ဒါတွေက သာသနာမှာ ထင်ကျန်ခဲ့မယ့်သမိုင်းတွေဖြစ်ပြီး တန်ဖိုးနားလည်သူတွေအတွက် တန်ဖိုးဖြတ်လို့မရပါဘူး။

သင်္ဂါယနာခြောက်ကြိမ်တင်ခဲ့ပြီး ထေရဝါဒဗုဒ္ဓဘာသာအတွက် အလွန်တန်ဖိုးရှိပါတယ်။ ရဟန်းရှင်လူပြည်သူတွေအနေနဲ့ ပြပွဲကို လာရောက်လေ့လာမယ်ဆိုရင် အသိဉာဏ်ဗဟုသုတတွေ ရရှိနိုင်သလို ဘုရားရှင်နဲ့ သံဃာတော်တွေ၊ တရားတော်တွေရဲ့ ဂုဏ်ကျေးဇူးတွေကို ပိုမိုသိရှိပြီး သာသနာတော်ကို ချစ်မြတ်နိုးတဲ့စိတ်တွေ ပိုမိုတိုးပွားလာမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် အားလုံးကို လာရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ဆန်းဝင်း**
**နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)**

ကျွန်တော်တို့ ထေရဝါဒဗုဒ္ဓဘာသာမှာ သင်္ဂါယနာတင်တာ ခြောက်ကြိမ်ရှိခဲ့တယ်။ ဒါကိုရည်ရွယ်ပြီး ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အနေနဲ့ ပြပွဲကျင်းပခြင်းဖြစ်ပါတယ်၊ လိုဏ်ဂူရဲ့ပတ်လမ်းမှာသင်္ဂါယနာတင်တာနဲ့ပတ်သက်ပြီး အစအဆုံးသိရှိနိုင်အောင် ပြသထားပါတယ်၊ ကျွန်တော်တို့ သာသနာရေးဝန်ကြီးဌာနက အဋ္ဌကထာတွေကို ကွန်ပျူတာစာစီနဲ့ ဆောင်ရွက်ခဲ့တဲ့ အဆင့်ဆင့်တွေကိုလည်း ပြခန်းတစ်ခု အနေနဲ့ သီးသန့်ပြသထားတယ်။

ဒီပြပွဲပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ နောင်လာနောက်သားလူငယ်တွေ ထေရဝါဒဗုဒ္ဓဘာသာသာသနာမှာ ဆဋ္ဌသင်္ဂါယနာကို ဘယ်လိုတင်ခဲ့တယ်ဆိုတာ သိရှိအောင်၊ ရဟန်းရှင်လူပြည်သူတွေ လာရောက်ဖူးမြော်နိုင်အောင်ရည်ရွယ်ပြီး ပြသခဲ့ခြင်းဖြစ်ပါတယ်၊ ဒါကြောင့် ဒီပြပွဲကို လာရောက်ကြဖို့ မေတ္တာရပ်ခံဖိတ်ကြားလိုပါတယ်။



**ဦးကျော်မိုး**
**ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)**
**နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)**

ဒီအထိမ်းအမှတ်ပြခန်းကို နိုင်ငံတော် အကြီးအကဲတွေရဲ့ လမ်းညွှန်မှုနဲ့အညီ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့် အထိမ်းအမှတ် အထူးပြပွဲအဖြစ် စီစဉ်ဆောင်ရွက်ထားတာပါ။ မြတ်စွာဘုရားရှင်



ရဲ့ ဖွား၊ ပွင့်၊ ဟော၊ စံပြခန်း၊ ဆဋ္ဌသင်္ဂါယနာတင်ခဲ့တဲ့ သမိုင်းမှတ်တမ်း၊ ညောင်ရမ်းဆရာတော်၊ မဟာစည်ဆရာတော်၊ မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အစရှိတဲ့ ထင်ရှားသောဆရာတော်ကြီးတွေရဲ့ မှတ်တမ်းတွေကိုလည်း တွေ့မြင်နိုင်ပါတယ်။

ပိဋကတ်သုံးပုံကို ကွန်ပျူတာစာမူဖြစ်အောင် ဦးဆောင်ခဲ့တဲ့ ရွှေသုဝဏ်ဆရာတော်ရဲ့ မှတ်တမ်း၊ အဋ္ဌကထာကျမ်းစာအုပ်နဲ့ သုတ္တနစာအုပ်ပြုစုခဲ့တဲ့ မှတ်တမ်းအပြင် ဆဋ္ဌသင်္ဂါယနာတင်စဉ်က အသုံးပြုခဲ့တဲ့ပုံနှိပ်စက်နဲ့ အခြားဗဟုသုတမှတ်တမ်းတွေကိုလည်း ပြသထားပါတယ်။

ပြခန်းကို မေလ(၁၀)ရက်အထိ ဖွင့်လှစ်ပြသသွားမှာဖြစ်တဲ့အတွက် ရဟန်းရှင်လူပြည်သူ၊ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ သမိုင်းကြောင်းတွေနဲ့ သင်္ဂါယနာတင်ခဲ့တဲ့ သမိုင်းဝင်အကြောင်းအရာတွေကို လာရောက်လေ့လာပြီး ဗဟုသုတတွေရယူကြဖို့ ဖိတ်ခေါ်လိုပါတယ်။

**ဒေါ်ကြည်ကြည်ဇော်**
**တောတိုက်ဓမ္မရိပ်သာဘုန်းတော်ကြီးသင်ပညာရေးကျောင်း**

သင်္ဂါယနာတင်တယ်ဆိုတာကို စာထဲမှာ ဖတ်ဖူးတာ၊ ကြားဖူးတာပဲရှိတယ်။ ဆရာတော်က ကားတွေစီစဉ်ပေးလို့ လာရောက်လေ့လာဖြစ်တာပါ။ လူဖြစ်နေတဲ့ကာလ ကြုံတုန်းကြုံခိုက်ကလေးတွေကို လာရောက်လေ့လာစေချင်တယ်၊ မြတ်စွာဘုရားနဲ့ပတ်သက်တဲ့ သာသနာတော်ဆိုင်ရာ အကြောင်းအရာတွေ၊ ကိုယ်မသိသေးတာတွေကို ထပ်သိရတယ်။ ပြပွဲမှာ တာဝန်ရှိသူတွေ ရှင်းပြသွားတဲ့ အိန္ဒိယနိုင်ငံက ဆီမီးထွန်းတာမျိုးဆိုရင် ကိုယ့်အတွက် ဗဟုသုတအသစ်တွေ လေ့လာခွင့်ရတဲ့အတွက် ဝမ်းသာကြည်နူးမိပါတယ်။

အချို့က ဗုဒ္ဓဘာသာကိုးကွယ်သူဆိုပေမယ့် ဗုဒ္ဓဘာသာအကြောင်းကို ထဲထဲ



ဝင်ဝင်မသိတဲ့ကလေးတွေ အများကြီးရှိပါတယ်။ ဒီလိုပြပွဲတွေကနေ ဗုဒ္ဓဘာသာက ဘာလဲဆိုတာကို ထဲထဲဝင်ဝင်သိသွားမယ်၊ ဗဟုသုတတွေလည်း အများကြီးရသွားမယ်လို့ မျှော်လင့်ပါတယ်။

**ဒေါ်လဲ့ကြည်ဖြူ**
**တွဲဖက်ပါမောက္ခ**
**လှည်းကူးပညာရေးဒီဂရီကောလိပ်**

ကျွန်မတို့ လှည်းကူးပညာရေးဒီဂရီကောလိပ်က ကျောင်းသား၊ ကျောင်းသူ အင်အား ၂၅၀ ခန့်နဲ့ မဟာပါသာဏလိုဏ်ဂူ ဆဋ္ဌသင်္ဂါယနာတင် နှစ်(၇၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲလာရောက်လေ့လာတာပါ။ ကျွန်မတို့ရဲ့ ထေရဝါဒဗုဒ္ဓဘာသာ မြန်မာနိုင်ငံမှာ ဒီလိုမျိုးဆဋ္ဌသင်္ဂါယနာတင် နှစ်(၇၀) ပြည့် အထိမ်းအမှတ်အထူးပြပွဲကို ကျောင်းသား၊ ကျောင်းသူတွေ၊ ပညာရေးဝန်ထမ်းတွေလည်း သိရှိလေ့လာစေလိုတဲ့ ရည်ရွယ်ချက်နဲ့ လာရောက်ခဲ့တာပါ။

ကျွန်မက ဘာသာရေးစာပေတွေကို ဖတ်ရှုရတာ ဝါသနာပါပါတယ်။ လူကိုယ်တိုင် ကွန်ရက်ပေါ်မှာ ဆဋ္ဌသင်္ဂါယနာတင်နှစ်(၇၀) ပြည့် အထိမ်းအမှတ်အောင်ပွဲအင်တာဗျူးကို ကြည့်မိပြီး ပြပွဲရောက်ခိုက် ဉာဏ်စမ်း



ပဟေဠိဝင်ဖြေခဲ့တာ မမျှော်လင့်ဘဲ အမှတ်ပြည့်ရတော့ ဝမ်းသာတယ်။ ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ၊ သာသနာတော်ဆိုင်ရာ ဗဟုသုတတွေကိုလေ့လာခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။

မြဝတီ

## သဇင်(FM)အသံလွှင့်အစီအစဉ်

၈-၅-၂၀၂၆(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှား ကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

## မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၇

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ (မိုး/ဇလ)

# ကမ္ဘဖလ

**တင့်တယ်**

**ယမန်နေ့မှအဆက်**

ကျွန်ုပ်မှာလည်း ကလေးသူငယ်အရွယ်သာဖြစ်သောကြောင့် ကျေးဇူးရှင်များကိုပင် ဆက်လက်မှီခိုလိုသောစိတ်ရှိ၏။ ကျွန်ုပ်၏ဖခင်ထံသို့ကား မိထွေးကို မသတီသဖြင့် လုံးဝမကပ်လိုခဲ့ပေ။ သို့ရာတွင် ကျေးဇူးရှင်အထည်သည် ဇနီးမောင်နှံတို့သည် ကျွန်ုပ်၏နောင်ရေးကို မြော်မြင်ကြသဖြင့် ဘုန်းကြီးကျောင်း၌ပင် စာသင်၍နေစေသည်။ ကျွန်ုပ်အတွက် လိုသမျှသော ကျောက်သင်ပုန်း၊ ကျောက်တံ၊ သင်ပုန်းကြီးစာအုပ်၊ အဝတ်အစား၊ ဖိနပ်၊ ခမောက်များပါမကျန် အားလုံးပင် ကျေးဇူးရှင်တို့က တာဝန်ယူကြပေသည်။ ကျေးဇူးရှင်များ၏အိမ်၌ ကျွန်ုပ်မနေဖြစ်သည့် အကြောင်းတစ်ရပ်ကား သူတို့၌ မွေးဖွားစသမီးငယ်ကလေးရှိနေ၏။ ထိုကလေးငယ်အား ကူဖော်အဒေါ်ကြီးက ကျေးဇူးရှင်များ စျေးထွက်ချိန်တွင် ထိန်းသိမ်းရပေရာ ကျွန်ုပ်ပါရှိနေလျှင် ကျွန်ုပ်အား သီးသန့်ဂရုစိုက်နိုင်မည်မဟုတ်။ ကျွန်ုပ်သာလျှင် ဟိုယောင်ယောင် သည်ယောင်ယောင်နှင့် စာပေပညာမသင်ဘဲ စည်းလွတ်ဝါးလွတ်ဖြစ်နေမည်ကို စိုးကြသောကြောင့် အထိန်းအကွပ်အညှပ်ရှိရာ ဆရာတော်၏ကျောင်းသို့ ပို့အပ်ကြခြင်းဖြစ်၏။

အားလုံးသိကြသည့်အတိုင်း "ဘုန်းကြီးကျောင်းသား အကောင်းစား၊ အင်္ဂလိပ်ကျောင်းသားသူတောင်းစား" စသည်အားဖြင့် မခံချင်စိတ်ကြောင့် ဂုဏ်တုဂုဏ်ပြိုင် သူနိုင်ငါနိုင် ကျောင်းသားဘဝအော်ကြဟစ်ကြရသည့်တိုင် ဘုန်းကြီးကျောင်းများ၌ ဘုန်းကြီးကျောင်းသားစင်စစ်ဘဝဖြင့် နေဖူးသောသူတိုင်းပင်လျှင် ဘုန်းကြီးကျောင်းသားဆိုသည်မှာ တကယ်ပင် "ထမင်းသိုးစား ဟင်းသိုးစား"တို့ပင် ဖြစ်ကြပါပေသည်။ ထမင်းသိုး ဟင်းသိုးကို စားလျက်ပင် ကျွန်ုပ်သည်ကြီးပြင်းလာခဲ့ရ၏။ အဘယ်ကြောင့်ဆိုသော် နံနက်စောစောဆိုလျှင် ၄ နာရီခွဲကထ၍ ကပျာကသီ မျက်နှာသစ်ပြီးလျှင် အုန်းမောင်းခေါက်ရ၏။ အုန်းမောင်းခေါက်ပြီးလျှင် ဘုရားဆောင်၌ရှိသော ကြေးစည်များကို ရိုက်ကာ တစ်ကျောင်းလုံး ဝတ်တက်ကြရပေသည်။ နာရီဝက်ခန့် ဘုရားဝတ်တက်အပြီး၌ ကိုယ်တော်များသင်္ကန်းရုံ၍နေကြစဉ် သပိတ်များကို အသင့်ပြင်ထားရ၏။ ထို့နောက် ကိုယ်တော်များတန်းစီ၍ ပိဏ္ဍပါတ်ဆွမ်းခံထွက်ရာ၌ ကျွန်ုပ်သည် ကြေးစည်ကလေးကို လက်ကကိုင်ကာ တဒူဝေဝေထုရင်း သင်္ကန်းတန်းကြီးရှေ့မှ ခပ်သုတ်သုတ်ပြေးလျက် နိဗ္ဗာန်ဆော်ရပေသည်။ မပြေးလျှင်မဖြစ်ပေ။ ကိုယ်တော်များမှာ ဆွမ်းလောင်းအိမ်စေ့ရအောင် အချိန်မီခြေလှမ်းကျဲကြီးများဖြင့် သုတ်ခြေတင်ကြရပေရာ ကိုယ်တော်များ၏ရှေ့မှ ပြေးမှလွှားမှ ကိုယ်တော်တို့နှင့် ရင်ပေါင်တန်းမိရုံရှိ၏။ ကျောင်းသို့ ပြန်ရောက်လျှင် အရုဏ်ဆွမ်း ပြင်ဆင်ရ၏။ ကိုယ်တော်များ ဆွမ်းစားချိန်တွင် သပိတ်များကိုဆေးရ၏။ ကိုယ်တော်များ ဆွမ်းဘုဉ်းပေးပြီးသောအခါ ကျွန်ုပ်တို့ ကျောင်းသားများ မျှတခွဲဝေ၍စားကြရ၏။ ပြီးလျှင် ပန်းကန်ခွက်ယောက်များဆေးကြောကြပြီးနောက် စာအံကြရပေသည်။

စာအံ၍ ၁၁ နာရီထိုးပြီဆိုလျှင် နေ့ဆွမ်းခံသော ကိုယ်တော်များ၏ နောက်သို့ တံငါပိုက်သဖွယ် ရက်လုပ်ထားသော ကြိုးအိတ်ကလေးများ အထဲ၌ အဖုံးအံကျပါသော သတ္တုခွက်ကလေးများကိုထည့်ကာ သင့်ရာ

**"ကျေးဇူးရှင်များ၏အိမ်၌ ကျွန်ုပ်မနေဖြစ်သည့် အကြောင်းတစ်ရပ်ကား သူတို့၌ မွေးဖွားစသမီးငယ်ကလေးရှိနေ၏။ ထိုကလေးငယ်အား ကူဖော်အဒေါ်ကြီးက ကျေးဇူးရှင်များ စျေးထွက်ချိန်တွင် ထိန်းသိမ်းရပေရာ ကျွန်ုပ်ပါရှိနေလျှင် ကျွန်ုပ်အား သီးသန့်ဂရုစိုက်နိုင်မည်မဟုတ်။ ကျွန်ုပ်သာလျှင် ဟိုယောင်ယောင် သည်ယောင်ယောင်နှင့် စာပေပညာမသင်ဘဲ စည်းလွတ်ဝါးလွတ်ဖြစ်နေမည်ကိုစိုးကြသောကြောင့် အထိန်းအကွပ်အညှပ်ရှိရာ ဆရာတော်၏ကျောင်းသို့ ပို့အပ်ကြခြင်းဖြစ်၏. . ."**

သင့်ရာသို့ လိုက်ကြရပြန်ပေသည်။ ၁၁ နာရီသာသာ၌ ကျောင်းသို့ ပြန်ရောက်၏။ ရောက်သောအခါ မိမိလိုက်ရသော ကိုယ်တော်၏ သပိတ်ကို ဆွမ်းစားကျောင်းသို့ ပြေး၍ပို့ရ၏။ ထိုအချိန်တွင် ကိုယ်တော်သည် ကျောင်းရေတွင်း၌ ခြေဆေးမျက်နှာသစ်၍နေလေသည်။ ဆွမ်းစားကျောင်းသို့ သပိတ်ပို့ပြီးသောအခါ မိမိလိုက်ရသော ကိုယ်တော်၏ မျက်နှာသုတ်ပဝါနှင့် ဖိနပ်ကို ကိုယ်တော်၏ အခန်းမှ ပြေးယူ၍ပေးရ၏။ ဤတွင် ကိုယ်တော်သည် မျက်နှာသုတ်၍ ဖိနပ်စီးကာ ဆွမ်းစားကျောင်းသို့ ကြွလေသည်။

ဤအခါတွင် ကျွန်ုပ်တို့ဘုန်းကြီးကျောင်းသားများမှာ ဆွမ်းစားကျောင်း၌စု၍ စားပွဲခင်း၊ ဆွမ်းပြင်၊ ဖျာခင်းအလုပ်ရှုပ်ကြပြန်၏။ ကိုယ်တော်များ ဘုဉ်းပေးကြသောအခါ၌ အနီးမှ ရိုသေစွာ ဒူးတုပ်၍ နေကြရ၏။ ကိုယ်တော်များ လိုရာကိုဖြည့်ရ၏။ ကိုယ်တော်တို့ ဆွမ်းဘုဉ်းပေးအပြီး၌ ဆွမ်းပွဲများကို ကြမ်းပြင်အနိမ့်ပိုင်းသို့ရွှေ့ကာ အချိုပွဲကပ်ရ၏။ ကိုယ်တော်များ အချိုပွဲထိုင်နေကြစဉ် ကျွန်ုပ်တို့မှာ ဆွမ်းကျန်များကိုစားကြရ၏။ သို့သော် ... ဆွမ်းကျန်အနက်မှ ကျောင်းသားများ ညစာအတွက် ကြွေဇလုံကြီးများဖြင့် ဖယ်ထားရ၏။ ဟင်းကိုလည်း ညစာအတွက် လုံလောက်အောင် ကြည့်ဖယ်ထားရသေး၏။ ဤသို့ နံနက်စာညစာ ဝေဖန်ဆုံးဖြတ်ပေးရသည့်တာဝန်မှာ ဆွမ်းစားကျောင်း ကိုယ်တော်၏လက်ထောက်တပည့်ရင်း ကိုရင်ကြီးဖြစ်လေသည်။

နေ့လယ်စာ ကျွန်ုပ်တို့စားသောက်ပြီးချိန်နှင့် ကိုယ်တော်များ အချိုပွဲကျချိန်တို့မှာ အလောတော်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့၏ထမင်းပွဲများကို အချိုပွဲများနှင့်ရော၍ သိမ်းဆည်းဆေးကြောရပေသည်။ မွန်းတည့်ချိန်၌ အုန်းမောင်းခေါက်ရပြန်၏။ မွန်းတည့်မှ နာရီပြန်တစ်ချက်အထိကား အားလပ်ချိန်ဖြစ်သည်။ ကျွန်ုပ်တို့ ကံချာတစ်တမ်း၊ တွင်းစိမ်တမ်းကစားနည်းအမျိုးမျိုးကစားရ၏။ သို့သော် ဆူဆူညံညံမလုပ်ရ၊ ဤအချိန်သည် ကိုယ်တော်ကြီးများကျိန်းကြသောအချိန်ဖြစ်၏။ တစ်ချက်တီးလျှင် ကြေးမောင်းကို ထန်းစေ့မှုတ်နှင့်ခေါက်၍ နာရီထိုးရ၏။ ထိုအချိန်မှစ၍ ညနေ လေးနာရီအထိကား စာအံချိန်ဖြစ်လေသည်။

ကျွန်ုပ်နေရသောကျောင်း၌ ကျောင်းသား ၂၀ ခန့်ရှိ၏။ ထို ၂၀ ခန့်အနက် ဆယ်ယောက်လောက်မှာ သဒ္ဒါကြီးတက်နေကြ၏။ ကျန်ငါးယောက်မှာ သင်္ဂြိုဟ်တက်နေကြ၏။ ကျွန်ုပ်တို့ အငယ်ဆုံးတစ်သိုက်မှာကား ကိုရင်ကြီးတစ်ပါး၏ ရှေ့မှောက်၌ (ကကြီးရေက ကကြီးရေးချကာ–ကကြီးရေ လုံးကြီးတင်ကိ) စသော စာလုံးပေါင်းတို့ကို အသံကုန်ဟစ်၍ နေရ၏။ (ကကြီးရေးချ ဝစ္စနှစ်လုံးပေါက် ... ကား ... ဟူသော စာကြောင်းအဆုံးကိုရောက်လျှင် ကိုရင်ကြီးက သူ့လက်၌ ကိုင်ထားသော ဝါးခြမ်းပြားကြီးဖြင့် ကြမ်းပြင်ကို ဗုန်းခနဲရိုက်၏။ ထိုဝါးခြမ်းပြားအသံကို နာခံ၍ (ကကြီးရေက)မှ (ကား) အထိ မိုးဦးက ဖားတွေလို သံပြိုင်ညီညီ အော်ကြရပြန်ပေသည်။ ကျောင်း၏တခြားနေရာများမှ (အတ္ထောအက္ခရသညာတော)နှင့် (သမ္မာသမ္ဗုဒ္ဓမတုလံ သသဒ္ဓမ္မ ဂဏုတ္တမံ) ဟူသော အော်သံတို့သည်လည်း ဆူညံနေပေသည်။ ကျောင်းအပေါ်ထပ်၌ ဆရာတော်ထံ အဋ္ဌကထာ ဝိဘင်းစာဝါလိုက်နေကြသော ကိုယ်တော်တို့၏ အသံများကား ဝါးလုံးခေါင်းအဝတွင် ပိတုန်းဝဲသလို တဒီးဒီးသာကြားရ၏။ စကားလုံးမသဲကွဲ။

ညနေသုံးနာရီခွဲလျှင် ကျောင်းဆင်း၏။ သို့သော် ကျောင်းဆင်းသည် ဟုမခေါ်၊ စာအံဖြုတ်သည်ဟုခေါ်ပေသည်။ သုံးနာရီခွဲမှ လေးနာရီခွဲအထိကစားချိန်ရ၏။ ၄ နာရီခွဲသောအခါ ကိုယ်တော်ကြီးများ ရေချိုးသည်ကို လက်ဆွဲဘုံပိုင်ဖြင့် တကြုတ်ကြုတ်ရေဆွဲပေးရခြင်း၊ ကျောင်းဝင်းကို တံမြက်စည်းလှည်းခြင်း၊ ဘုရားပန်းအိုးများ ပန်းရေလဲလှယ်ခြင်း၊ သောက်ရေအိုးများကို ရေဖြည့်ခြင်း၊ တစ်ခါတစ်ရံ၌ ကိုယ်တော်များ၏ သင်းပိုင်တို့ကို တလိန်းထိုးပေးရခြင်း စသည်တို့ဖြင့် အလုပ်ရှုပ်ကြပြန်၏။ သင်းပိုင်တလိန်းထိုးသည်ဆိုခြင်းမှာ သင်းပိုင်ကို ရှစ်ချိုးခေါက်၍ လိပ်ပြီးလျှင် ထိုအလိပ်ကို လက်ဆစ်မှ တံတောင်ဆစ်အထိ လက်ဖြင့်ဖိကာ လိမ့်၍ လျှော်ဖွပ်ရခြင်းဖြစ်ပေသည်။ တစ်ခါတစ်ရံ၌ ကနုတ်များကို ကုဋီသံပုံးမှ ယူလာ၍ ဆေးကြောရခြင်း၊ ကုဋီရှိ သန့်သက်ရေအိုးကို ရေဖြည့်၍ ဆေးသင့်က ဆေးကြောရခြင်း၊ ကျောင်းဝင်းရှိပန်းပင်များကို မြေဆွရေလောင်းပေါင်းသင်ရခြင်း၊ ကြေးဆင်းတု ကျောက်ဆင်းတုများကို အခါကြီး ရက်ကြီးနီးပါက တိုက်ချွတ်၍ ရေသပ္ပာယ်ရခြင်း စသည်အားဖြင့် ဘုန်းကြီးကျောင်းသားတို့၏ ညနေပိုင်းအလုပ်များမှာ မနည်းပါပေ။

**ဆက်လက်ဖော်ပြပါမည်။**

## ၂၀၂၆ ခုနှစ် ပဲခူးတိုင်းဒေသကြီး နွေရာသီအဆင့်မြင့် အားကစားသင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ပဲခူး မေ ၇

ပဲခူးမြို့၊ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီး မိုးလုံလေလုံအားကစားခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ၂၀၂၆ ခုနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ဖွင့်လှစ်သော နွေရာသီအဆင့်မြင့် အားကစားသင်တန်းဆင်းပွဲအခမ်းအနားကျင်းပသည်။



ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းက သင်တန်းသားများအနေဖြင့် ယခုနွေရာသီအဆင့်မြင့် အားကစားသင်တန်းမှ သင်ကြားပေးလိုက်သည့် မိမိတို့ဝါသနာပါရာ အားကစားနည်းများကို ဆက်လက်၍ စဉ်ဆက်မပြတ် လေ့ကျင့်၊ လေ့လာခြင်းအားဖြင့် တိုင်းဒေသကြီးဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာနိုင်မှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းနည်းပြဆရာ/ဆရာမ ၃၂ ဦးအတွက် ဂုဏ်ပြုငွေကျပ်(၃၂) သိန်းအား ပေးအပ်ပြီး ဘောလုံးသင်တန်းနှင့်အေရိုးဗစ်သင်တန်းတို့အတွက်သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ယင်းနောက် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ကြံ့ခိုင်ရေးအက၊ လက်ဝှေ့၊ တင်းနစ်၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ ကရာတေး၊ Fitness Dance သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ကြကြောင်း သိရသည်။

၄၁၀

## ရေနံချောင်းမြို့နယ်၌ အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကျွဲ နွား ပေါင်ပုပ်လက်ပုပ် ရောဂါကာကွယ်ဆေးအခမဲ့ထိုးနှံပေး

ရေနံချောင်း မေ ၇

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျွဲ၊ နွား ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းကို မေလ ၇ ရက်တွင် ဘဲဆိပ်ကျေးရွာအုပ်စု ဘဲဆိပ်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဝင်း၊ မိတ်ဖက်ဌာနဆိုင်ရာများနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမေလွင်ဦးက ရက် ၁၀၀ စီမံချက်ဖြင့် မြို့နယ်အတွင်း အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိရာ ကျွဲ၊ နွားမွေးမြူသူများအနေဖြင့် တိရစ္ဆာန်ကူးစက်ရောဂါများဖြစ်ပွားမှုမရှိစေရေး ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောပြီး မွေးမြူရေးဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက ဘဲဆိပ်ကျေးရွာအတွင်း တောင်သူများမွေးမြူထားသည့် ကျွဲ၊ နွားအကောင်ရေ ၂၀၅ ကောင်အား ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးကြောင်း သိရသည်။

**ကိုစိုးကြီး**

★ ရှေ့ဖုံးမှအဆက်

အဆိုပါ ပတ္တမြားကြီးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော်၊ ဧည့်ခန်းမဆောင်၌ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီးနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ပတ္တမြားကြီး၏အချက်အလက်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် 



မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိသည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသော အလေးချိန် ၂၂၀၀ ဂရမ်(၁၁၀၀၀ ကရက်)ရှိ ပတ္တမြားကြီးအား တွေ့ရစဉ်။

အခမ်းအနားတက်ရောက်လာကြသူများသည် ပတ္တမြားကြီးအား ကြည့်ရှုကြသည်။

ယခုရှာဖွေတွေ့ရှိခဲ့သော ပတ္တမြားသည် အလေးချိန် ၂၂၀၀ ဂရမ် (၁၁၀၀၀ ကရက်) ရှိသဖြင့်အရွယ်အစားကြီးမားသောကြောင့် ရှာဖွေတွေ့ရှိရန်ခက်ခဲပြီး ရှားပါးကြောင်း၊ ပတ္တမြားကြီးအနေဖြင့် ခရမ်းရောင်သမ်းသော အနီရောင်တွင် အဝါရိပ်ဖောက်သော အရောင်ရှိပြီး အရောင်အဆင့်အတန်းအားဖြင့် ကောင်းမွန်ကြောင်း၊ အလင်းပေါက်အား သင့်တင့်ပြီးဖန်ရောင်လက်ကောင်းမွန်ကာ ပြုပြင်ထားခြင်း မရှိသော သဘာဝအတိုင်းရှိသည့် ပတ္တမြားကြီးဖြစ်ကြောင်းသိရှိရသည်။

ယခင်က မိမိတို့နိုင်ငံတွင် ရှားပါးပြီး တန်ဖိုးရှိသည့် ၁၉၉၀ ပြည့်နှစ်တွင် ရရှိခဲ့သော အလေးချိန် ၉၉ ဒသမ ၂၅ ဂရမ်(၄၉၆ ဒသမ ၂၅ ကရက်) ရှိ နဝတ ပတ္တမြား၊ ၁၉၉၆ ခုနှစ်တွင် ရရှိခဲ့သော အလေးချိန် ၄၂၉၀ ဂရမ်(၂၁၄၅၀ ကရက်) ရှိပတ္တမြားနှင့် ၂၀၂၂ ခုနှစ်တွင် ရရှိခဲ့သော အလေးချိန် ၅၅၇ ဒသမ ၈၅ ဂရမ်(၂၇၈၉ ဒသမ ၂၅ ကရက်) ရှိ နစက ပတ္တမြားတို့ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ယခုပတ္တမြား အပါအဝင် ပတ္တမြား ၄ ပွင့်လုံးသည် မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်ဒေသမှ ထွက်ရှိပြီး သက်ဆိုင်ရာပတ္တမြားတစ်ပွင့်ချင်းအလိုက် ဂုဏ်သတ္တိ ထူးခြားချက်များရှိသောကြောင့် အလွန်တန်ဖိုးရှိသည့် ပတ္တမြားများဖြစ်ကြကြောင်း၊ ၁၉၉၆ ခုနှစ် ရရှိခဲ့သော ပတ္တမြားသည် အလေးချိန် အားဖြင့် အများဆုံးဖြစ်သော်လည်း အရောင်နှင့် အရည်အသွေးနှိုင်းယှဉ်ပါက ယခုနောက်ဆုံးတွေ့ရှိခဲ့သော ပတ္တမြားသည် အရောင်နှင့် အရည်အသွေး ပိုမိုကောင်းမွန်သောကြောင့် တန်ဖိုးပိုမိုမြင့်မားကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ မြေ၊ အဆောက်အအုံ၊ အခြားပိုင်ဆိုင်ပစ္စည်းများ ငှားရမ်းခွင့်ပြုခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၇

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက်ဌာနသို့မဟုတ် အဖွဲ့အစည်းက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေ၊ အဆောက်အအုံနှင့် အခြားပိုင်ဆိုင်ပစ္စည်းများ ငှားရမ်းခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁) အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီး



ဦးအောင်ကျော်ဟိုးက ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဌာန သို့မဟုတ် အဖွဲ့အစည်းက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေ၊ အဆောက်အအုံနှင့် အခြားပိုင် ဆိုင်ပစ္စည်းများကို နှစ်တို၊ နှစ်ရှည် ငှားရမ်းခွင့်ပြုရာတွင် လုပ်ထုံးလုပ်နည်းများ တစ်ပြေးညီဖြစ်စေခြင်းမှ တစ်ဆင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရသည့် ဝန်ကြီးဌာနများအချင်းချင်း အကြား လုပ်ထုံးလုပ်နည်းများ ပိုမိုပွင့်လင်းမြင်သာမှုရှိလာစေပြီး ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပိုမိုတိုးတက်လာနိုင်သည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒ လုပ်ငန်းစဉ်များ ပိုမိုတိုးတက်ကောင်း မွန်လာစေမည့်အပြင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအကြား ပိုမိုထိရောက်စွာ ပေါင်းစပ်ညှိနှိုင်း ဆောင် ရွက်ပေးနိုင်သည့် အကျိုးကျေးဇူးများလည်းရရှိလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဌာန သို့မဟုတ် အဖွဲ့အစည်းက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေ၊ အဆောက်အအုံနှင့် အခြားပိုင်ဆိုင် ပစ္စည်းများ ငှားရမ်းခွင့်ပြုခြင်း လုပ်ငန်းစဉ်ဆိုင်ရာ ညွှန်ကြားချက်အမှတ် (၁/၂၀၂၄) ပါ လုပ်ငန်းစဉ် အဆင့်ဆင့်အား ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ဝန်ကြီးဌာနများမှ အဆိုပါလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအပေါ် တွေ့ကြုံရသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပြီး သိရှိလိုသည်များအပေါ် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။**မြဝတီ**

# ပြင်ဦးလွင် လူရည်ချွန်စခန်း ဖွင့်ပွဲအခမ်းအနားကျင်းပ




ပြင်ဦးလွင် မေ ၇

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်လူရည်ချွန်စခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပြင်ဦးလွင်မြို့နယ်ရှိ ကန်တော်ကြီးအမျိုးသားအထိမ်းအမှတ်ဥယျာဉ်၌ ကျင်းပသည်။

အခမ်းအနားသို့ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ နယ်မြေခံတပ်နယ်ရှိအရာရှိကြီးများ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ လူရည်ချွန်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများ၊ ကြီးကြပ်ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြင်ဦးလွင်လူရည်ချွန်စခန်းကို လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်၊ ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်က လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရင်ထိုးတံဆိပ်များ ပေးအပ်သည်။ ဆက်လက်၍ လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများကိုယ်စား လူရည်ချွန်ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လူရည်ချွန်ကျောင်းသား ကျောင်းသူများကို ရင်ထိုးတံဆိပ်များ တပ်ဆင်ပေးကာ ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်ကြပြီး လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည်။ ဆက်လက်၍ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများသည် ကန်တော်ကြီး အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် တိုင်းရင်းသားကျေးရွာများသို့ လှည့်လည်ကြည့်ရှုလည်ပတ်ကြသည်။

မွန်းလွဲပိုင်းတွင် ရွှေနန်းထိုက်ဟိုတယ်၌ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက လူရည်ချွန်မောင်မယ်များအား တွေ့ဆုံအားပေးစကား ပြောကြားသည်။ ထို့နောက် လူရည်ချွန်မောင်မယ်များသည် သုမင်္ဂလာဈေးသို့ သွားရောက်လည်ပတ်၍ ဂိမ်းများပျော်ရွှင်စွာကစားကြပြီး တာဝန်ရှိသူများက အဆိုပါ သုမင်္ဂလာဈေး ဘက်စုံသုံးခန်းမ၌ ဖျော်ဖြေရေးအစီအစဉ်များနှင့်အတူ ညစာဖြင့် တည်ခင်းဧည့်ခံပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ပြင်ဦးလွင်(ခရိုင် ပြန်/ဆက်)**

# တောင်သူအကျိုးများစေဖို့ ဆီထွက်နေကြာစိုက်ကြစို့

မောင်ဇော်(မိုးကောင်း)

နေကြာဆီသည် ကျန်းမာရေးနှင့်ညီညွတ်သော မပြည့်ဝဆီဖြစ်သည့်အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံ၏ပြည်တွင်းစားသုံးသူဈေးကွက်တွင် လူကြိုက်များလာသည်ကို တွေ့ရှိရသည်။ ဈေးကွက်အတွင်း ရောင်းချနေသော နေကြာဆီများသည် ယေဘုယျအားဖြင့် နေကြာဆီအသစ်များပေါ်သည့်အချိန်တွင်သာ ဈေးနှုန်းအနည်းငယ်ကျဆင်းတတ်ပြီး သာမန်အားဖြင့် နေကြာဆီ ၁ ပိဿာလျှင် ငွေကျပ် နှစ်သောင်းမှ နှစ်သောင်းခွဲဝန်းကျင်ခန့်အထိရှိကြောင်း တွေ့ရှိရသည်။

နေကြာဆီသည် ကိုလက်စထရော(Colestrol) ဓာတ်နည်းသဖြင့် ကျွန်တော်တို့ ကျန်းမာရေးအတွက် စားသုံးသင့်သော စားသုံးဆီဖြစ်ပါသည်။ အနောက်နိုင်ငံများတွင် အများဆုံးစားသုံးသည့် စားသုံးဆီ (Edible Oil)လည်းဖြစ်ပါသည်။ နေကြာဆီနှင့်ကြော်လျှင် ဆီလျော့နည်းမသွားဘဲ ကြာရှည်စွာကြော်လှော်နိုင်သဖြင့် “အကြော်ခံဆီ”ဟူ၍လည်း ခေါ်ဆိုကြပါသည်။ နေကြာဆီသည် မပြည့်ဝဆီဖြစ်ပြီး သင့်တင့်စွာစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက် ကောင်းမွန်သည့် သွေးတွင်းအဆီဓာတ် (High-density lipoprotein- HDL)ကို မြင့်တက်စေနိုင်ပြီး မကောင်းသည့်အဆီဓာတ်(Low-density lipoprotein-LDL)ကို လျှော့ချပေးခြင်းဖြင့် နှလုံးရောဂါနှင့် အမျိုးအစား(၂) ဆီးချိုရောဂါစသည့် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားနိုင်ခြေကို လျော့နည်းစေနိုင်သည်။ နေကြာဆီသည် မှိုပါဝင်မှုမရှိခြင်း၊ အနံ့အရသာကောင်းမွန်ခြင်း၊ အကြော်ခံခြင်းတို့ကြောင့် ကျန်းမာရေးနှင့် အထူးသင့်လျော်သည့် စားသုံးဆီအဖြစ် ဈေးကွက်တွင် လူကြိုက်များရေပန်းစားနေခြင်းဖြစ်ပါသည်။

ထိုသို့ လူကြိုက်များရေပန်းစားပြီး ဈေးကွက်ဝယ်လိုအားရှိကာ ဝင်ငွေကောင်းသော နေကြာဆီကို ပြည်တွင်း၌ ပိုမိုတိုးမြှင့်ထုတ်လုပ်ရန်အတွက် နေကြာအား ပိုမိုကျယ်ပြန့်စွာစိုက်ပျိုးနိုင်ရန်လိုအပ်သည်။ ထို့ကြောင့်လည်း နေကြာနှင့်ပတ်သက်သည့်အချက်အလက်များကိုလေ့လာကြည့်သည့်အခါ နေကြာသီးနှံသည် အအေးဒဏ်နှင့်အပူဒဏ်ကို အခြားအပင်များထက်ခံနိုင်ရည်ရှိသည့်အတွက် ဒေသအမျိုးမျိုး၊ ရာသီဥတုအမျိုးမျိုးတွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသည်ကိုတွေ့ရှိရပါသည်။ ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် ကမ္ဘာပေါ်တွင် နေကြာစိုက်ပျိုးထုတ်လုပ်မှုအများဆုံးနိုင်ငံများဖြစ်သည်ကို တွေ့ရှိရသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေးနိုင်ငံဖြစ်သဖြင့် နေကြာသီးနှံကဲ့သို့ ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးပြီး ပြည်တွင်းစားသုံးမှုအတွက် လိုအပ်သော စားသုံးဆီများကို ပြည်တွင်း၌ ပြည့်ဝစွာထုတ်လုပ်သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ပါသည်။ နိုင်ငံ၏ပြည်တွင်းစားသုံးမှုအတွက် လိုအပ်သော စားသုံးဆီပမာဏကိုလေ့လာကြည့်လျှင် လူတစ်ဦးတစ်နှစ်အတွက် စားသုံးဆီအား ၆ ပိဿာနှုန်းဖြင့် မှတည်တွက်ချက်ပါက လူဦးရေ ၅၁ သန်းကျော်အတွက် ဆီတန်ချိန် ငါးသိန်းကျော်လိုအပ်ပါသည်။ လက်ရှိအချိန်အထိ ပြည်တွင်းတွင် စားသုံးဆီလုံလောက်စွာမထုတ်လုပ်နိုင်သည့်အတွက် ပြည်ပမှဝယ်ယူတင်သွင်းနေရမှုကြောင့် စားသုံးဆီထုတ်လုပ်နိုင်သော မြေပဲ၊ နှမ်း၊ မုန်ညင်း၊ နေကြာ၊ ပဲပုပ်စသောသီးနှံများကို တိုးချဲ့စိုက်ပျိုးရေး နိုင်ငံတော်အစိုးရမှလည်း အားပေးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ နေကြာသည် ဆီထွက်သီးနှံများတွင် စိုက်ပျိုးရသော မျိုးစေ့ပမာဏနှင့်ထွက်ရှိသော မျိုးစေ့ပမာဏကိုနှိုင်းယှဉ်ပါက အချိုးအစားမြင့်မားပြီး ဆီထွက်ရှိမှုရာခိုင်နှုန်းပိုမိုများပြားသည့်အပြင်နေကြာဆီသည် ကျန်းမာရေးနှင့်ညီညွတ်ခြင်း စသည့်အားသာချက်များရှိသည့်အတွက် တိုးချဲ့စိုက်ပျိုးရန် အထူးသင့်လျော်သော ဆီထွက်သီးနှံဖြစ်ပါသည်။

ဆီထွက်သီးနှံနေကြာသည် သီးထပ်ဖြစ်စေ၊ သီးညှပ်ဖြစ်စေ စိုက်ပျိုးနိုင်သော အပင်ဖြစ်သည်။ လယ်မြေတွင် စပါးရိတ်သိမ်းအပြီးဖြစ်စေ၊ ယာမြေတွင် မိုးသီးနှံရိတ်သိမ်းအပြီးဖြစ်စေ၊ ကိုင်းကျွန်းမြေများတွင်ဖြစ်စေ စိုက်ပျိုးနိုင်ပါသည်။ မြန်မာနိုင်ငံတွင် မိုးရာသီနှင့် ဆောင်းရာသီတို့တွင် နေကြာကို အဓိကထားစိုက်ပျိုးကြရာ မိုးနေကြာကို မေလမှ ဇွန်လအတွင်း စိုက်ပျိုးကြပြီး ဆောင်းနေကြာကို မိုးနှောင်းရာသီ စက်တင်ဘာလမှ အောက်တိုဘာလအတွင်း စိုက်ပျိုးကြသည်ကို တွေ့ရသည်။ မေလအတွင်းသို့ရောက်ရှိလာပြီဖြစ်သည့် ယခုအချိန်၌ နေကြာစိုက်ပျိုးရန်အတွက် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ မြေအရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ခြင်းနှင့်သင့်လျော်သည့် မြေဩဇာများကို ထည့်သွင်းအသုံးပြုခြင်း၊ စိုက်ပျိုးရေနှင့် အောင်ရေကိုဖူလုံစွာရရှိအသုံးပြုခြင်း၊ စိုက်နည်းစနစ်များမှန်ကန်မှုရှိခြင်းနှင့် ခေတ်မီနည်းစနစ်များအသုံးပြုခြင်းစသော **မျိုး၊ မြေ၊ ရေ၊ နည်း**တို့ကို စနစ်တကျအသုံးပြုဆောင်ရွက်ပါက ဧကန်မုချ ဖြစ်ထွန်းအောင်မြင်မည်ဖြစ်ပါသည်။

ကျွန်တော်တို့နိုင်ငံတွင် စိုက်ပျိုးသင့်ကြောင်း သုတေသနပြုထုတ်ဝေထားသည့် အထွက်တိုးနေကြာမျိုးနှစ်မျိုးရှိပြီး ပထမတစ်မျိုးမှာ **ရေဆင်းစပ်မျိုးနေကြာ-၁** ဖြစ်သည်။ သက်တမ်းရက် ၈၀ မှ ၈၅ ရက်ရှိသောမျိုးဖြစ်သည်။ အပင်ပေါက်ရာခိုင်နှုန်းမြင့်မားပြီး အပင်သန်စွမ်းကောင်းမွန်သည်။ အပင်အမြင့်မှာ ၄ ပေမှ ၄ ဒသမ ၅ ပေရှိပြီး ယိုင်လဲမှုဒဏ်ကိုခံနိုင်ရည်ရှိသည်။ နေကြာတွင် ကျရောက်တတ်သော နေကြာရွက်ခြောက်ရောဂါဒဏ်ကို အသင့်အတင့်ခံနိုင်ရည်ရှိသည်။ အပွင့်အရွယ်အစားကြီးမား၍ အချင်း ၅ လက်မမှ ၉ လက်မခန့်ရှိသည်။ တစ်ပွင့်တွင် အောင်စေ့ ၅၀၀ မှ ၉၀၀ အထိပါရှိသည်။ အစေ့အရွယ်အစားကြီးမား၍ အစေ့ ၁၀၀၀ အလေးချိန်ဂရမ် ၄၅ မှ ၅၀ ရှိသည်။ ဆီပါဝင်မှုနှုန်းလည်းများပြီး ရာခိုင်နှုန်းအားဖြင့် ၄၈ ရာခိုင်နှုန်းမှ ၅၁ ရာခိုင်နှုန်းအထိပါဝင်သည်။ ပျားဖြင့်သော်လည်းကောင်း၊ လူဖြင့်သော်လည်းကောင်း ဝတ်မှုန်ကူးပေးရန်မလိုအပ်ဘဲ တစ်ဧကအထွက်နှုန်း ၅၅ တင်းမှ တင်း ၆၀ အထိ ရရှိနိုင်သောမျိုးဖြစ်ကြောင်း သိရှိရပါသည်။

ဒုတိယမျိုးမှာ **ဆင်းရွှေကြာ-၂** ဖြစ်သည်။ အထွက်ကောင်းမျိုး(Open Pollinated Variety-OPV) ဖြစ်ပြီး သက်တမ်းမှာ ရက် ၈၀ မှ ၈၅ ရက်ရှိသောမျိုးဖြစ်သည်။ အပင်အမြင့်မှာ ၄ ပေမှ ၄ ဒသမ ၅ ပေရှိပြီး အပွင့် အချင်း ၅ လက်မမှ ၈ လက်မရှိသည်။ တစ်ပွင့်တွင် အောင်စေ့ ၅၀၀ မှ ၈၀၀ ခန့်ပါရှိသည်။ အစေ့ ၁၀၀၀ အလေးချိန်ဂရမ် ၄၂ မှ ၄၅ ရှိသည်။ ဆီထွက်ရာခိုင်နှုန်း ၄၅ မှ ၄၈ ရာခိုင်နှုန်းအထိရှိသည်။ တစ်ဧကအထွက်နှုန်း ၂၅ တင်းမှ တင်း ၃၀ ထွက်နိုင်သောမျိုးဖြစ်ပြီး ဒေသမရွေးစိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း သိရှိရပါသည်။ အဆိုပါနေကြာမျိုးများသည် သက်လျင်အထွက်ကောင်းမျိုးများဖြစ်သဖြင့် တန်ဖိုးကြီးလှသော မြေကြီးပေါ်တွင် သေချာရွေးချယ်စိုက်ပျိုးပါက **“မြေကြီးကရွှေသီး”** သကဲ့သို့ ကျေနပ်အားရစွာ တောင်သူကြီးတို့ပျော်ရွှင်ကြရမည်မှာမလွဲဧကန်ပင်ဖြစ်ပါသည်။

နေကြာကို မြန်မာနိုင်ငံ၏ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးကြသည်ကို တွေ့ရှိရပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆိုရလျှင် ယခုနှစ်တွင် နေကြာစိုက်ဧက ၁ ဒသမ ၁ သန်းကျော်ရှိကြောင်း တွေ့ရသည်။ မြေမျက်နှာသွင်ပြင်နှင့် နယ်မြေဒေသ ရာသီဥတုအရ ဒေသတစ်ခုနှင့်တစ်ခု၏ တစ်ဧကအထွက်နှုန်းချင်းမတူညီဘဲ ရှမ်းပြည်နယ်တွင် တစ်ဧကပျမ်းမျှအထွက်နှုန်း တင်း ၃၀ ကျော်ထွက်ရှိကြောင်းနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆိုလျှင် တစ်ဧကပျမ်းမျှ ၂၃ တင်းဝန်းကျင်ထွက်ရှိကြောင်း တွေ့ရှိရသည်။ နေကြာတစ်တင်းအား ဆီကြိတ်ခွဲလျှင် ပျမ်းမျှအားဖြင့် နေကြာဆီ ၂ ပိဿာခွဲမှ ၄ ပိဿာဝန်းကျင်ထွက်ရှိသဖြင့် ဒေသနှင့်ကိုက်ညီပြီး ဆီထွက်နှုန်းကောင်းသော နေကြာမျိုးများကိုရွေးချယ်၍ ပိုမိုစိုက်ပျိုးပါက တောင်သူဦးကြီးများ၏ ဝင်ငွေတိုးတက်၍ နိုင်ငံတော်၏စားသုံးဆီလိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

နေကြာတစ်ဧက ထွန်ယက်စိုက်ပျိုးရန်အတွက် မျိုးစေ့ ၄ ပြည်မှ ၅ ပြည်ခန့်သာလိုအပ်သည်။ စတင်မြေယာထွန်ယက်ပြုပြင်ချိန်မှ ရိတ်သိမ်းပြီးချိန်အထိ စုစုပေါင်းကုန်ကျငွေမှာ နေရာဒေသအပေါ်မူတည်ပြီး အနည်းဆုံး ငါးသိန်းမှခုနစ်သိန်းဝန်းကျင်ခန့်ကုန်ကျနိုင်ကြောင်းတွေ့ရှိရသည်။ ပြန်လည်ရောင်းချပါက နေကြာတစ်တင်းလျှင် ငွေကျပ် ခြောက်သောင်းကျော်မှ ရှစ်သောင်းဝန်းကျင်အထိ ဈေးကွက်ပေါက်ဈေးရရှိနိုင်သည့်အတွက်တစ်ဧကလျှင်နေကြာတင်း ၂၀ ခန့်ထွက်ရှိလျှင်ပင် အကျိုးအမြတ်အနေဖြင့် အနည်းဆုံး ငွေကျပ်ငါးသိန်းကျော်ကို အကျိုးအမြတ်ရရှိနိုင်သည်ဖြစ်ရာ ဝင်ငွေရရှိရန် သေချာသောသီးနှံပင်ဖြစ်ပါသည်။

ယခုအခါတွင် နိုင်ငံတော်သမ္မတကြီးဦးမင်းအောင်လှိုင်ဦးဆောင်သောအစိုးရကလည်း တောင်သူလယ်သမားဦးကြီးများ၏ ဝင်ငွေတိုးတက်ရရှိစေရန်အတွက် လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေများကို တိုးမြှင့်ပေးအပ်လျက်ရှိရာ စပါး၊ ဂျုံနှင့်ချည်မျှင်ရှည်ဝါတို့အတွက် တစ်ဧကလျှင် ငွေကျပ် သုံးသိန်း၊ အခြားသီးနှံ ၁၈ မျိုးအတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းခွဲနှင့် ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂုန်လျှော်တို့နှင့်ပတ်သက်၍ တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲအထိပေးအပ်ရန် ဆောင်ရွက်လျက်ရှိပါသည်။ နေကြာကဲ့သို့သော ဆီထွက်သီးနှံစိုက်ပျိုးရေးကိုအားပေးမြှင့်တင်ရန်အတွက် နိုင်ငံတော်အစိုးရမှ ယခင်ပေးအပ်လျက်ရှိသော တစ်ဧကလျှင် ငွေကျပ်တစ်သိန်းအစား ယခုကဲ့သို့ ငွေကျပ်နှစ်သိန်းခွဲအဖြစ် တိုးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။ နေကြာတစ်ဧကစိုက်ပျိုးမှုအတွက် ကုန်ကျစရိတ်တွင်အဓိကကျသော သွင်းအားစုများဖြစ်သည့် မျိုးစေ့၊ မြေဩဇာနှင့် ပိုးသတ်ဆေးများကို ဝယ်ယူဖြည့်တင်းရန်အတွက် လုံလောက်သောပမာဏကို နိုင်ငံတော်မှ စိုက်ပျိုးစရိတ်အဖြစ် ထုတ်ချေးပေးထားပြီး နေကြာစိုက်တောင်သူဦးကြီးများအနေဖြင့် လုပ်အားဝါယမစိုက်ထုတ်ကာ ဖိဖိစီးစီးကြိုးစားဆောင်ရွက်မည်ဆိုပါက မလွဲမသွေအထွက်နှုန်းကောင်းမွန်မည်ဖြစ်ပါသည်။

ကျွန်တော်တို့ နိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်ဖြစ်သည့် စားသုံးဆီများကို ပြည်ပနိုင်ငံများမှ တင်သွင်းနေရသည့်အတွက် **စာမျက်နှာ ၇ သို့ →**





# ပြည်သူ့စစ်မှုထမ်းများ၏ကျွမ်းကျင်မှုများနှင့် လုပ်ငန်းအတွေ့အကြုံများအရ သင့်လျော်သည့် အလုပ်အကိုင်များနှင့် စနစ်တကျချိတ်ဆက်ပေးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်



နေပြည်တော် မေ ၇

ပြည်တွင်းအလုပ်အကိုင်ခန့်အပ်ပေးနိုင်ရေးလုပ်ငန်းကော်မတီ (၁/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ်(၅၁) အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းက တာဝန်ကျေပွန်ပြီးသော ပြည်သူ့စစ်မှုထမ်းများ၏ ကျွမ်းကျင်မှုများနှင့် လုပ်ငန်းအတွေ့အကြုံများအရ သင့်လျော်သည့်အလုပ်အကိုင်များနှင့် စနစ်တကျချိတ်ဆက်ပေးနိုင်ရေး ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း၊ စစ်မှုထမ်းကာလပြည့်ပြီး ပြည်တွင်းအလုပ်အကိုင်လုပ်ကိုင်လိုသူများ၏အချက်အလက်များရယူ၍ ၎င်းတို့ဆန္ဒပြုသည့် အစိုးရဌာန/ပြည်တွင်းကုမ္ပဏီများတွင် လျှောက်ထားနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန်အတွက် လုပ်ငန်းကော်မတီဝင်များ၊ ဝန်ကြီးဌာနများ၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်၍ အလုပ်အကိုင်ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းစဉ်များကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် လိုအပ်ကြောင်း။

လုပ်ငန်းကော်မတီဝင်များအနေဖြင့် အစိုးရဝန်ထမ်းလုပ်လိုသော ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်ပြီးသူများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်တွင်းစက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီ၊ အလုပ်ဌာနသို့ သွားရောက်လုပ်ကိုင်လိုသူများကို သက်ဆိုင်ရာ လုပ်ငန်းရှင်၊ စက်မှုဇုန်ကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုကြောင်းပြောကြားသည်။

ပြည်တွင်းအလုပ်အကိုင်ခန့်အပ်ပေးနိုင်ရေးလုပ်ငန်းကော်မတီသည် ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ ၄၅ နှင့်အညီ စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများကို ၎င်းတို့၏ မူလအလုပ်အကိုင်ကိုဖြစ်စေ၊ အလုပ်ရှင်က မူလအလုပ်အကိုင်တွင် ပြန်လည်ခန့်ထားရန်အခက်အခဲရှိသည့်အခါ အလားတူ အလုပ်အကိုင်တွင်ဖြစ်စေ ခန့်ထားနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်းသည် ၎င်းတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အပံ့ဖြစ်စေပါကြောင်းသိရသည်။ မြဝတီ

## နိုင်ငံ့သားကောင်းတာဝန်ကျေ ပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှဖွဲ့စည်းပေးထားသည့် “စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ”အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေအသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်–

(က) ကာကွယ်ရေးဝန်ကြီးဌာန – ၀၆၇၃၄၀၄၆၃၄၊ ၀၆၇၃၄၀၄၆၃၅။

(ခ) စစ်ရေးချုပ်ရုံး – ၀၃၆၃၁၃၄၇။

(ဂ) အလုပ်သမားဝန်ကြီးဌာန – ၀၆၇၃၄၃၀၁၈၁၊ ၀၆၇၃၄၃၀၁၈၂။

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ**
**အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

# တောင်ငူခရိုင်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရရည်မှန်းချက် စီမံကိန်းလုပ်ငန်းများတာဝန်ပေးပွဲအခမ်းအနားကျင်းပ

တောင်ငူ မေ ၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဘုရင့်နောင်အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရရည်မှန်းချက်စီမံကိန်းလုပ်ငန်းများတာဝန်ပေးပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက တောင်ငူခရိုင်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်းကဏ္ဍအလိုက် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက တောင်ငူခရိုင်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ဒေသန္တရရည်မှန်းချက်စီမံကိန်း လုပ်ငန်းကဏ္ဍတစ်ခုချင်းအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား ခရိုင်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးများထံသို့ တာဝန်ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။ (၄၁၀)

→ စာမျက်နှာ ၆ မှအဆက်

နိုင်ငံခြားငွေသုံးစွဲနေရသည့်အပြင် ဈေးနှုန်းကြီးမြင့်မှုများလည်းဖြစ်ပေါ်လျက်ရှိပါသည်။ ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်သည့် ဆီထွက်သီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ပါက စားသုံးဆီများ ပြည်ပမှတင်သွင်းမှုကိုလျှော့ချနိုင်ပြီး ပြည်တွင်းတွင်လည်း စားသုံးဆီများကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးနိုင်မည့်အပြင် ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ကြမည်ဖြစ်ပါသည်။ စားသုံးဆီကုန်ကြမ်းများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ စသည်တို့ကို ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးထုတ်လုပ်ရန်လည်းလိုအပ်ပါသည်။

**◆ ဆီထွက်သီးနှံနေကြာသည် မြန်မာနိုင်ငံ၏ ရာသီဥတု၊ ရေ/မြေသဘာဝနှင့်အထူးသင့်လျော်ပြီး စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်နည်းပါးသည့် သီးနှံတစ်မျိုးဖြစ် . . .**

**◆ အထွက်နှုန်းကောင်းမွန်သည့်အပြင် ဆီထွက်ရှိမှုနှုန်းလည်း ကောင်းမွန်ခြင်းတို့ကြောင့် ပြည်တွင်းဆီစားသုံးမှုဖူလုံရန်အတွက် တိုးချဲ့စိုက်ပျိုးသင့်သော သီးနှံအမျိုးအစားတစ်မျိုးဖြစ် . . .**

နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံသားများအားလုံး အလုပ်လုပ်ကြရန်လွန်စွာအရေးကြီးကြောင်း နိုင်ငံတော်သမ္မတကြီးမှလည်း တိုက်တွန်းပြောကြားခဲ့သည်။ နိုင်ငံတော်အစိုးရ၏ မူဝါဒမှာလည်း ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုကို အားပေးခြင်းဖြစ်ပါသည်၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍကိုအားပေးမြှင့်တင်ခြင်းဖြင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝကိုမြင့်မားလာစေမည့်အပြင်ပြည်သူတစ်ရပ်လုံးကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ခံစားကြရမည်ဖြစ်ပါသည်။ ဆီထွက်သီးနှံများအနက် နေကြာသီးနှံသည် မြန်မာနိုင်ငံ၏ ရာသီဥတု၊ ရေ/မြေသဘာဝနှင့် အထူးသင့်လျော်ပြီး စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်နည်းပါးသည့် သီးနှံတစ်မျိုးဖြစ်ပါသည်။ အထွက်နှုန်းကောင်းမွန်သည့်အပြင် ဆီထွက်ရှိမှုနှုန်းလည်း ကောင်းမွန်ခြင်းတို့ကြောင့် ပြည်တွင်းဆီစားသုံးမှု ဖူလုံရန်အတွက် တိုးချဲ့စိုက်ပျိုးသင့်သော သီးနှံအမျိုးအစားတစ်မျိုးဖြစ်သည်။ ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို လျှော့ချပေးနိုင်သော သွင်းကုန်အစားထိုး သီးနှံတစ်မျိုးလည်း ဖြစ်ပါသည်။ **နိုင်ငံတော်ရွေးသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့** ဆိုသည့်အတိုင်း ဆီထုတ်နေကြာကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်းအားဖြင့် တောင်သူဦးကြီးများ၊ ဆီစက်ပိုင်ရှင်လုပ်ငန်းရှင်များအပြင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုတိုးတက်ရရှိစေနိုင်ပါသည်။ စားသုံးသူ ပြည်သူများအနေဖြင့်လည်း ဈေးနှုန်းသင့်တင့်စွာ ကျန်းမာရေးနှင့်ညီညွတ်သော နေကြာဆီကို ယုံကြည်စိတ်ချစွာ ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်သည့်အတွက် ပြည်တွင်း စားသုံးဆီသုံးစွဲမှုဖူလုံရေးနှင့် စိုက်ပျိုးသူတောင်သူဦးကြီးများအကျိုးစီးပွားတိုးတက်စေမည့် ဆီထွက်နေကြာသီးနှံကို တိုးချဲ့စိုက်ပျိုးကြပါစို့ဟု တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

# ငွေဆောင်လူရည်ချွန်စခန်းမှ ကောဒသမတန်းလူရည်ချွန်မောင်မယ်များနှင့် လူရည်ချွန်ဟောင်းကြီးတို့၏ ရင်တွင်းစကားသံများ

ငွေဆောင် မေ ၇

**ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ လူရည်ချွန်စခန်း(ငွေဆောင်)၌ မြန်မာတစ်နိုင်ငံလုံးမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကောဒသမတန်း လူရည်ချွန်မောင်မယ် ၁၃၃ ဦးနှင့် ကြီးကြပ်ဆရာ၊ ဆရာမများသည် မေလ ၆ ရက်မှ ၉ ရက်အထိ ယာယီစခန်းချ၍ လူရည်ချွန်ဟောင်းကြီးများနှင့် ရင်းနှီးနွေးထွေးစွာတွေ့ဆုံခြင်း၊ ဒေသန္တရဗဟုသုတလေ့လာခြင်း၊ ကမ်းခြေတွင် အပန်းဖြေခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လူရည်ချွန်စခန်းတွင်ရောက်ရှိနေသည့် လူရည်ချွန်ဟောင်းကြီးများ၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကောဒသမတန်းလူရည်ချွန်မောင်မယ်များ၏ ရင်တွင်းစကားသံများကို ပြည်သူများသိရှိနိုင်ရန်အတွက်ဖော်ပြအပ်ပါသည်-**


မရွှေယွန်းမီ


ဒေါက်တာအေးအေးမြင့်


မောင်ခန့်ညီရှင်းသန့်


မခင်နှင်းသက်စံ

**မရွှေယွန်းမီ(နှစ်ထပ်ကွမ်းလူရည်ချွန်၊ ကယားပြည်နယ်)**

သမီးကတော့ ကယားပြည်နယ် လွိုင်ကော်ခရိုင် လွိုင်ကော်မြို့ရဲ့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှာ ပညာသင်ကြားနေတဲ့ ကောဒသမတန်းကျောင်းသူ(နှစ်ထပ်ကွမ်းလူရည်ချွန်) မရွှေယွန်းမီဖြစ်ပါတယ်။ သမီးက အရင်က ငွေဆောင်ကိုတစ်ခါမှမရောက်ခဲ့ဖူးပါဘူးရှင့်။ ငွေဆောင်ကမ်းခြေကို ရောက်တဲ့အခါမှာတော့ ကြည်လင်တဲ့ ပင်လယ်ရေနဲ့ ကမ်းခြေအလှကို တွေ့လိုက်ရတဲ့အခါမှာတော့ အရမ်းကို အမောပြေသွားတယ်၊ ခေါင်းမူးတာတွေလည်း ပျောက်သွားပါတယ်ရှင့်။ ပြီးတော့ ကြိုးနေတဲ့သူတွေကြောင့်လည်း တကယ်အားတက်ရပါတယ်။ သူတို့ကိုကြည့်ပြီးတော့ အရမ်းကို ပီတိဖြစ်မိပါတယ်ရှင့်။ ကမ်းခြေတွေကတော့ သမီး social media ပေါ်မှာ အများကြီးမြင်ဖူးတွေ့ဖူးပါတယ်။ အခြားနိုင်ငံက ကမ်းခြေတွေဆိုရင်လည်း တော်တော်များများ အရမ်းလှကြပါတယ်။ ဒါပေမဲ့ သမီးတို့နိုင်ငံကလည်း အခြားနိုင်ငံတွေနဲ့ယှဉ်နိုင်တယ်။ အရမ်းကြီးနိမ့်ကျမနေပါဘူး။ ငွေဆောင်ကမ်းခြေက အရမ်းလှတဲ့ကမ်းခြေတစ်ခုဖြစ်ပါတယ်။ သမီးတို့နိုင်ငံမှာလည်း အခုလိုမျိုး အရမ်းလှပတဲ့ ကမ်းခြေတွေရှိတဲ့အတွက် ကိုယ့်မြန်မာနိုင်ငံကိုလည်း အရမ်းကို ဂုဏ်ယူမိပါတယ်။ သမီးတို့လူရည်ချွန်တစ်ယောက်ဖြစ်လာပြီဆိုရင် နိုင်ငံတော်အတွက် ဘယ်အချိန်မဆို အဆင်သင့်ရှိနေပေးရပါမယ်။ သမီးတို့လူရည်ချွန်တွေကို နိုင်ငံတော်က ယုံယုံကြည်ကြည်နဲ့ရွေးချယ်ပေးထားတာဖြစ်တဲ့အတွက် နိုင်ငံတော်အတွက်ဆိုရင် အမြဲအသင့်ရှိနေရပါမယ်။ သမီးအနေနဲ့လည်း နိုင်ငံတော်အတွက် ကျရာကဏ္ဍက





နေပြီးတော့ အစွမ်းကုန်ကြိုးစားပြီး ပံ့ပိုးပေးသွားမှာပါရှင့်။ သမီးရဲ့ရည်မှန်းချက်ကတော့ Grade – 12 စာမေးပွဲဖြေဆိုပြီးသွားရင် နိုင်ငံခြားဘာသာမှာ အထူးပြုဘာသာတစ်ရပ်ကို သင်ကြားပေးတဲ့ ကထိကတစ်ယောက် ဖြစ်ချင်ပါတယ်ရှင့်။

**ဒေါက်တာအေးအေးမြင့်( ၁၉၇၇ ခုနှစ် လူရည်ချွန်၊ ၁၉၆၄ – ၁၉၈၈ လူရည်ချွန်အဖွဲ့)**

ကျွန်မနာမည်ကတော့ ဒေါက်တာအေးအေးမြင့်ပါ။ ကျွန်မက ၁၉၇၇ ခုနှစ်မှာ လူရည်ချွန်တစ်ယောက်ဖြစ်ခဲ့ပါတယ်ရှင်။ လူရည်ချွန်တစ်ယောက်ဖြစ်ဖို့အတွက် စာတော်ရုံတစ်ခုတည်းမဟုတ်ဘဲ ဘက်စုံထူးချွန်မှုရပါမယ်။ စိတ်ဓာတ်၊ စည်းကမ်း၊ ကာယပညာ ကျွန်မတို့ခေတ်က အကုန်ဖြေရပါတယ်။ အဲဒါအပြင် လူ့ရဲ့စိတ်ထားကောင်းမွန်မှု၊ သွက်လက်ချက်ချာမှုအားလုံးကိုကြည့်ပြီး အဆင့်ဆင့်ဖြေဆိုပြီးမှ Outstanding Student ဆိုတဲ့ လူရည်ချွန်အဖြစ်ရွေးချယ်ခံရတာဖြစ်ပါတယ်။ အဲ့လိုရွေးချယ်ခံရပြီးတဲ့နောက် ပညာရေးတက္ကသိုလ်မှာ ငါးနှစ်အထိကျောင်းတက်ခဲ့ပါတယ်၊ပြီးတော့ ဆရာချွန်တွေကိုမွေးထုတ်တဲ့ဆရာမအဖြစ် အ.ထ.က(၄)အလုံမှာ အထက်တန်းပြနဲ့ ၁၀ နှစ်ကြာ အင်္ဂလိပ်စာ သင်ကြားပြသပေးခဲ့ပါတယ်။ မဟာပညာရေးဘွဲ့ပြီးတဲ့အခါမှာ ကျွန်မက ပညာရေးသုတေသနမှာ သုတေသနလက်ထောက်အဖြစ် ဆောင်ရွက်ရင်းနဲ့ ပညာရေးတက္ကသိုလ်ကိုနည်းပြအဖြစ်နဲ့ပြောင်းရွှေ့ခဲ့ပါတယ်။ ပြောင်းရွှေ့ပြီး နည်းပြကနေတစ်ဆင့် ပညာရေးတက္ကသိုလ်မှာ စာမေးပွဲဝင်ဖြေရင်းနဲ့ဂျပန်ပညာတော်သင်ဆုကိုရပါတယ်။ ဂျပန်နိုင်ငံရဲ့ University of Tokyo ကနေ Ph.D Education ပညာရေးပါရဂူဘွဲ့ကိုရရှိခဲ့ပါတယ်။ အဲ့ဒါက လူရည်ချွန်ဆိုတဲ့ လူငယ်ဘဝက စလိုက်ပြီးတော့ ကြိုးစားမှုအရှိန်ကြောင့် ကျွန်မက အသိပညာပိုင်း ၊ အတတ်ပညာပိုင်းအောင်မြင်လာတဲ့အပြင် ပညာရေးတက္ကသိုလ်မှာ ပါမောက္ခချုပ်အဖြစ် ၂၀၁၉ ခုနှစ်အထိ ထမ်းဆောင်နိုင်ခဲ့ပါတယ်။ ကျွန်မက လူငယ်လူရည်ချွန်တွေကို ပြန်လည်မွေးထုတ်ပေးတဲ့ဆရာချွန်တွေ၊ ဆရာမချွန်တွေကို မွေးထုတ်ပေးတဲ့ ကဏ္ဍမှာ တာဝန်ယူခဲ့တဲ့သူတစ်ဦးလည်းဖြစ်ပါတယ်။ ငွေဆောင်လူရည်ချွန်စခန်းမှာက Grade – 11 လူငယ်လေးဖြစ်ကြတယ်ဆိုတော့ ကျွန်မရဲ့စိတ်ထဲမှာ ငွေဆောင်လူရည်ချွန်စခန်းကိုသွားပြီးတော့ အခြေခံပညာက လူရည်ချွန်တွေကို အားပေးချင်စိတ်၊ ဂုဏ်ပြုချင်စိတ်ပေါ်လာတဲ့အတွက် ဒီနေ့ပွဲကို လာရောက်ရခြင်းပဲဖြစ်ပါတယ်ရှင့်။

**မောင်ခန့်ညီရှင်းသန့်(၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် ကောဒသမတန်း လူရည်ချွန်၊ ရှမ်းပြည်နယ်)**

ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင်ကနေပြီးတော့ ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ်မှာ လူရည်ချွန်ဆုကိုရရှိခဲ့တဲ့ ကောဒသမတန်းကျောင်းသား မောင်ခန့်ညီရှင်းသန့်ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော်လက်ရှိ ပညာသင်ယူနေတဲ့ကျောင်းကတော့ အ.ထ.က(၅) တောင်ကြီးဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော့်ရဲ့အစ်ကိုတွေ အစ်မတွေကလည်း လူရည်ချွန်တွေဖြစ်တဲ့အတွက် ငယ်ငယ်ကတည်းက လူရည်ချွန်ဖြစ်ချင်စိတ်က ကိန်းအောင်းနေခဲ့ပါတယ်။ Grade – 11 မှာတော့ ကျွန်တော့်ရဲ့လူရည်ချွန်ဖြစ်ချင်စိတ်က အထမြောက်ခဲ့ပါတယ်။ အရမ်းလည်း ကြိုးစားခဲ့ရပါတယ်။ ကျွန်တော် Grade – 12 စာမေးပွဲဖြေဆိုပြီးသွားရင် ဆေးပညာကိုဆက်လက်သင်ယူမယ်လို့ ရည်ရွယ်ချက်ရှိပါတယ်။ ဆရာဝန်တစ်ယောက်ဖြစ်လာရင် နိုင်ငံတော်အတွက်၊ ပြည်သူတွေအားလုံးအတွက် အားထားရတဲ့ ဆရာဝန်ကောင်းတစ်ယောက်ဖြစ်စေရမယ်လို့ ခံယူထားပါတယ်ခင်ဗျာ။

**မခင်နှင်းသက်စံ(၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် ကောဒသမတန်း လူရည်ချွန်၊ ရခိုင်ပြည်နယ်)**

သမီးကတော့ ရခိုင်ပြည်နယ် စစ်တွေခရိုင် စစ်တွေမြို့ အ.ထ.က( ၂)စစ်တွေမှာ ပညာသင်ကြားနေတဲ့ ကောဒသမတန်းလူရည်ချွန် မခင်နှင်းသက်စံဖြစ်ပါတယ်ရှင့်။ ရခိုင်ပြည်နယ်ကဆိုရင် သမီးတစ်ယောက်တည်းပါလာတာဖြစ်လို့ တိုင်းနဲ့ပြည်နယ်အသီးသီးက လူရည်ချွန်တွေနဲ့ တွေ့ဆုံခွင့်ရလို့ အရမ်းကိုပျော်ရွှင်မိပါတယ်။ ငွေဆောင်လူရည်ချွန်စခန်းကို လာခဲ့ရတဲ့လမ်းတစ်လျှောက်မှာလည်း အရမ်းကိုပျော်ရွှင်ခဲ့ရသလို ပေါင်းသင်းဆက်ဆံရေး skill လည်း တိုးတက်လာခဲ့ပါတယ်။ ငွေဆောင်လူရည်ချွန်စခန်းကို ရောက်တဲ့အခါမှာ ကြိုနေကြတဲ့သူတွေကိုကြည့်ပြီး အရမ်းကိုအမောပြေရပါတယ်။ လေ့လာရေးခရီးသွားတဲ့အခါမှာ ပုသိမ်ထီးလုပ်ငန်းကို သေသေချာချာ လေ့လာသွားပါမယ်။ လေ့လာခဲ့တဲ့အကြောင်းအရာတွေကိုသူငယ်ချင်းတွေနဲ့ ပြန်လည်မျှဝေသွားပါမယ်။ သမီးက ဆရာဝန်ကောင်းတစ်ယောက်ဖြစ်ချင်ပါတယ်။ နိုင်ငံခြားမှာပါရဂူဘွဲ့ရတဲ့အထိ ဆေးကျောင်းတက်ပြီးတော့ မြန်မာနိုင်ငံကိုပြန်လာပြီး ပြည်သူတွေကို ဆေးကုသပေးပါမယ်။ နိုင်ငံအတွက် အားထားရတဲ့ ဆရာဝန် ကောင်းတစ်ယောက်ဖြစ်စေရမယ်လို့ ရည်မှန်းထားပါတယ်ရှင့်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောမီးလောင်ကျွမ်းမှုလေ့လာစောင့်ကြည့်ရေးအတွက် ကွန်ပျူတာစနစ်တပ်ဆင်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကျင်းပ



**တောင်ကြီး မေ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ မေလ ၇ ရက်နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး တောင်ကြီးမြို့၌ ဆောင်ရွက်မည့် တောမီးလောင်ကျွမ်းမှု လေ့လာစောင့်ကြည့်ရေးအတွက် ကွန်ပျူတာစနစ်တပ်ဆင်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးစိုင်းဝမ်းလှိုင်းတစ်ပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများတွင် နှစ်စဉ်ပွင့်လင်း ခြောက်သွေ့ကာလများအတွင်း တောမီးလောင်ကျွမ်းမှု Fire Hotspot ဖြစ်ပေါ်မှုအကြိမ်ရေများမြင့်မားပြီး နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်လေ့ရှိကြောင်း၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် ပတ်ဝန်းကျင်၊ လူမှုရေး၊ ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာ ထိခိုက်မှုများဖြစ်စေသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုဖြစ်သည့်အတွက် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုကာကွယ်လျှော့ချရေးလုပ်ငန်းများကို မြန်မာ-ထိုင်းနှစ်နိုင်ငံ ပူးပေါင်းညှိနှိုင်းစီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံနယ်စပ်ရေးရာဌာန ညွှန်ကြားရေးမှူးက တောမီးလောင်ကျွမ်းမှု စောင့်ကြည့်ရေးအတွက် ကွန်ပျူတာစနစ် တပ်ဆင်ခြင်းနှင့်စီမံခန့်ခွဲခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံနယ်စပ်ရေးရာဌာန၊ ညွှန်ကြားရေးမှူးက တောမီးလောင်ကျွမ်းမှု စောင့်ကြည့်ရေးအတွက် ကွန်ပျူတာစနစ် တပ်ဆင်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာသင်တန်းနှင့် စပ်လျဉ်းသည့်ပစ္စည်းများကို ပေးအပ်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးက လက်ခံရယူကြောင်း သိရသည်။ (၄၀၅)

# နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များဆောင်ရွက်ပေး

**ထားဝယ် မေ ၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရက် ၁၀၀ စီမံချက်ဖြင့် ထားဝယ်မြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် သွားလာရေးခက်ခဲသော မြေးခံဘော်ကျေးရွာအုပ်စုရှိ ပြည်သူများအား မေလ ၆ ရက် နံနက်ပိုင်းတွင် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက် ၁၀ နှစ်နှင့်အထက် ပြည်သူများအား မှတ်ပုံတင်အသစ်ပြုလုပ်ပေးခြင်း၊ အသက် ၁၈ နှစ်ပြည့်မှတ်ပုံတင်လဲလှယ်ပေးခြင်း၊ ဟောင်းနွမ်းပျက်စီးသည့် မှတ်ပုံတင်များကို အသစ်လဲလှယ်ပြုလုပ်ပေးခြင်းနှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ထို့နောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့်ဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားပြီး ဆောင်ရွက်ပြီးစီးသည့်နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ပြည်သူများလက်ဝယ်အရောက်ပေးအပ်ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်

**တန့်ယန်း မေ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနှင့် ရေတွင်း၊ ရေကန်များအား အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းတို့ကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များက မေလ ၇ ရက် နံနက်ပိုင်းတွင် အမှတ်(၆) ရပ်ကွက်၌ ပူးပေါင်းဆောင်ရွက်ကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ကျန်းမာရေးဆရာမ ဒေါ်မြင့်မြင့်ထူးကျော်နှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပြီး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနှင့် ရေတွင်း၊ ရေကန်များအား အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်မှ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများဆောင်ရွက်ကြကြောင်း သိရသည်။

မင်းလွင်ဦး(တန့်ယန်း)

ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် ဂုဏ်ပြုကဗျာ

## စမ်းပမာအေးတဲ့ကြက်ခြေနီ
## (နှယ်သာကီသံဖြတ်)

❖ ညီတူမခွဲ ကြည်ဖြူမြဲ
ပြည်သူထဲက ကြက်ခြေနီ။

❖ အနှစ်သဒ္ဓါလွှမ်း မေတ္တာဖျန်း
ချစ်စရာပန်းကွဲ့ ကြက်ခြေနီ။

❖ အရေးဟူသမျှ ဖေးကူမ
ပေးလှူကြတဲ့ ကြက်ခြေနီ။

❖ နှစ္စာလန်းလို့ အသက်ရှည်စေရည်
ကရုဏာပန်းတို့ ကြက်ခြေနီ။

❖ အစဉ်ဖြာလန်း၊ ယှဉ်လာစမ်းက
အကြင်နာလွှမ်းလို့ အမျက်ပြေသည်
ခင်စရာပန်းတို့ ကြက်ခြေနီလေ့။

❖ မြေကမ္ဘာတစ်ဝန်း ကြေညာကမ်း
ဝေဆာလန်းလို့ အခက်ဝေစည်
စေတနာပန်းတို့ ကြက်ခြေနီလေ့။

❖ လှယဉ်ထူးသန့် လရဲ့ပမာ
ဖခင်ဒူးနန့် စခဲ့တာရှင့်။

❖ စရိုက်အသွင်မွေးမြူ နမ်းမဝပေါင်
နိုက်တင်ဂေးက လမ်းပြဆောင်သလေ့။

❖ အယုတ်အလှအဆင်းမရွေး သယ်ပိုးမည်
ဒုက္ခကင်းရေး ရွယ်ကိုးသည်။

❖ မီး၊ ရေ၊ လေဘေး တွေးပူသည်
ခရီးရှည်အဝေး ပြေးကူညီ။

❖ အပြောသာသလောက် ထောက်ထားသည်
တောရွာတစ်လျှောက် အရောက်သွားမည်။

❖ ပြဿမျှယုံကြည်ချက်တို့ မြင့်မားသည်
လူ့ဘဝဂုဏ်ရည်တက်လို့ ဝင့်ကြွားပြီ။

❖ အမူအရာယဉ်ကျေး ရှုမဝပြီ
ပျူငှာရွှင်အေး ယုယသည်။

❖ အလို...
အနအလှစုံတည်
လူ့ဘဝဂုဏ်ရည် ထွန်းတောက်ကြွားစေဖို့
ထောက်ထား ညှာတာစွာနဲ့
စာနာကာ စောင့်ရှောက်ကြပြီပေါ့
လောကကမ္ဘာ သာယာအေးရအောင်
ဘယာဘေး ရန်အသွယ်သွယ်ကို
အမြန်ကယ်ဆယ် ပန်းပမာမွေးတယ်လ
စမ်းပမာအေးတဲ့"ကြက်ခြေနီ"ရယ်လေး။ ။

ရေနံ့သာမောင်ကျော်ညွှန့်

# မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည်မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရုံးအမှတ်(၂၆)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-နီပေါ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များ၊ ဘဏ်လုပ်ငန်းကဏ္ဍဆိုင်ရာ ICT နှင့် ဒစ်ဂျစ်တယ်ပူးပေါင်းဆောင်ရွက်မှု နှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာန အမြဲတမ်းအတွင်းဝန်နှင့် မြန်မာ့စီးပွား ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

မြဝတီ

# မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၇

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ပါကစ္စတန် နှစ်နိုင်ငံအကြား သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ IT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာ နေခြည်လွဲလွဲသိန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr.Harishchandra Ghimire အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာ – နီပေါ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမို ကောင်းမွန်လာစေရေးတို့အတွက် အခြေခံ အဆောက်အဦဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ဒစ်ဂျစ်တယ်နှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးရေးတွင် ပါဝင်ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့် အတူ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။မြဝတီ

# (၃၄) ကြိမ်မြောက် အမျိုးသားအဆင့် မုတ်သုံဖိုရမ်ကျင်းပ

နေပြည်တော် မေ ၇

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဦးစီး၍ (၃၄)ကြိမ်မြောက် အမျိုးသားအဆင့် မုတ်သုံ ဖိုရမ်ဆွေးနွေးပွဲကို ယနေ့တွင် မိုးလေဝသ နှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ဘက်စုံ သဘာဝဘေး ကြိုတင်သတိပေးဗဟိုဌာန (Multi-Hazard Early Warning Center) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး ဆောင်ရွက်နေသောဌာနများ၊ စိုက်ပျိုးရေးဆောင်ရွက်နေသောဌာနများ၊ ရေနှင့်ပတ်သက်၍ဆောင်ရွက်နေသောဌာန များ၊ အခြားဆက်စပ်ဌာနများမှ ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီး ဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကျော်မိုးဦးက အဖွင့်အမှာစကားပြောကြား သည်။

(၃၄)ကြိမ်မြောက် မုတ်သုံဖိုရမ်တွင် ၂၀၂၆ ခုနှစ်မိုးရာသီကာလ (အနောက်တောင် မုတ်သုံရာသီကာလ)အတွက် မိုးလေဝသ နှင့် ဇလဗေဒဆိုင်ရာယေဘုယျခန့်မှန်းချက် များကို တင်ပြဆွေးနွေးခြင်း၊ စိုက်ပျိုး ရေးမိုးလေဝသအခြေအနေနှင့် ၂၀၂၆ ခုနှစ် တွင်ဖြစ်ပေါ်နိုင်သည့် အယ်နီညိုအခြေ အနေနှင့်ပတ်သက်၍ တင်ပြခြင်း၊ မြန်မာ နိုင်ငံနှင့် ငလျင်ဘေးအန္တရာယ်အကြောင်း တို့ကိုရှင်းလင်းတင်ပြခြင်း၊ ရာသီအလိုက် ခန့်မှန်းချက်များကိုအသုံးပြုသည့်သက်ဆိုင် ရာကဏ္ဍအသီးသီးမှ ပြီးခဲ့သည့် ၂၀၂၅ – ၂၀၂၆ ခုနှစ် ဆောင်းရာသီကာလအတွင်း ကြုံတွေ့ခဲ့ရသော ရာသီဥတုနှင့် မိုးလေဝသ ဆိုင်ရာအတွေ့အကြုံများ၊ သင်ခန်းစာ များကိုဆွေးနွေးခြင်းနှင့် လာမည့် ၂၀၂၆ ခုနှစ် မိုးရာသီကာလအတွက် ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုအခြေအနေများ ဆွေးနွေး ခြင်း၊ ဖြည့်စွက်အကြံပြုချက်များကို ဆွေးနွေး ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်းသိရ သည်။

မြဝတီ

# မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၇

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးသည်မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး H.E.Mr. Tariq Karim နှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိမြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံ သည်။

တွေ့ဆုံစဉ် မြန်မာ–ပါကစ္စတန်နိုင်ငံတို့ အကြား ကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက် ရန်၊ နှစ်နိုင်ငံအကြား အဆက်အသွယ်ဘဏ် များတည်ထောင်ရန်၊ ဘဏ်လုပ်ငန်း ဆိုင်ရာကိစ္စရပ်များတွင် လူ့စွမ်းအားအရင်း အမြစ်များနှင့် နည်းပညာအကူအညီများ ပံ့ပိုးရန်၊ နှစ်နိုင်ငံဗဟိုဘဏ်များအကြား ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များအတွက် ပါဝင်ကူညီဆောင်ရွက်ရန်နှင့် နိုင်ငံခြား ငွေကြေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက် ၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟို ဘဏ်မှ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူ များ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆˚C | / | ၃၉˚C |
| ရန်ကုန် | ၂၇˚C | / | ၄၀˚C |
| မန္တလေး | ၂၈˚C | / | ၃၈˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ၂၀၂၆ ခုနှစ် အင်းလေးခေါင်တိုင်လူရည်ချွန်စခန်းဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တက်ရောက်




နေပြည်တော် မေ ၇

၂၀၂၆ ခုနှစ် အင်းလေးခေါင်တိုင်လူရည်ချွန်စခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ညောင်ရွှေမြို့ အင်းလေးခေါင်တိုင်လူရည်ချွန်စခန်း၌ ကျင်းပသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က လူရည်ချွန်စခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ၂၀၂၆ ခုနှစ် အင်းလေးခေါင်တိုင်လူရည်ချွန်စခန်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယပိုင်းအခမ်းအနားကို HUPIN ဟိုတယ်ခန်းမ၌ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးကို အားပေးစို့ ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးဝန်ကြီးဌာနက ပံ့ပိုးပေးမည်ဖြစ်ရာ လူရည်ချွန်မောင်မယ်များအနေဖြင့် နိုင်ငံတော်၏ပံ့ပိုးမှုနှင့်အတူ ထူးချွန်ပြောင်မြောက်သောကျွမ်းကျင်ပညာရှင်များ ဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း၊ မိမိတို့၏တာဝန်ဝတ္တရားများ ကျေပွန်စွာထမ်းဆောင်ပြီး ပညာနှင့်နိုင်ငံတော်၏ ပုံရိပ်ကိုဖန်တီးကာ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ကျရာကဏ္ဍကနေ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လူရည်ချွန်မောင်မယ်များနှင့် လူရည်ချွန်ကြီးကြပ်သူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် လူမှုရေးရာဝန်ကြီးတို့က လူရည်ချွန်မောင်မယ်များကို ရင်ထိုးတံဆိပ်များပေးအပ်သည်။

ထို့နောက် တောင်ကြီးဒေသရှိ ၁၉၆၄-၁၉၈၈ လူရည်ချွန်ကြီးများက လူရည်ချွန်မောင်မယ် ၁၃၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ငွေကျပ် ၂၆၄ သိန်းကို ၁၉၆၄-၁၉၈၈ လူရည်ချွန်ကြီးများကိုယ်စား ပြည်နယ်လူမှုရေးရာဝန်ကြီးက လူရည်ချွန်မောင်မယ်များအားလုံး၏ကိုယ်စား လူရည်ချွန်မောင်မယ်နှစ်ဦးကို ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အင်းလေးခေါင်တိုင်လူရည်ချွန်စခန်း၌ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများနှင့်အတူ နေ့လယ်စာအတူတကွသုံးဆောင်ကြသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ် ကေလာရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ရောက်ရှိကာ စာသင်ဆောင်များဥပဓိရုပ်ကောင်းမွန်ရေး ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**မြဝတီ**

---

# နိုင်ငံတော်ကအားကိုးအားထားပြုရမည့် ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်လာစေရေး စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်စေလို



နေပြည်တော် မေ ၇

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒွါဒသမတန်း လူရည်ချွန်စခန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်လူရည်ချွန်စခန်း (Royal President Hotel)၌ ကျင်းပသည်။

ဦးစွာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒွါဒသမတန်း နေပြည်တော်လူရည်ချွန်စခန်းမှုခ်ဦးကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက လူရည်ချွန်စွမ်းအားသီချင်းဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကိုအားပေးမြှင့်တင်လျက်ရှိရာ "တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ဗလငါးတန်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရန်" ဆိုသည့် အမျိုးသားပညာရေးရည်မှန်းချက်ကို ချမှတ်ထားရှိပြီး အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေးကဏ္ဍနှစ်ရပ်လုံးအတွက် ဗလငါးတန်တည်းဟူသော ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလတို့နှင့်ပြည့်စုံသော လူငယ်များ ပြုစုပျိုးထောင်ရေးကို အဓိကထားဆောင်ရွက်လျက်ရှိပြီး လူရည်ချွန်စီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ Grade-12 လူရည်ချွန် မောင်မယ်များအနေဖြင့် မိမိတို့ဒေသ၊ ကျောင်း၊ ပတ်ဝန်းကျင်တွင် အခြားသော ကျောင်းသား၊ ကျောင်းသူများ အတုယူရမည့် အမူအကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်းနှင့် နေပြည်တော်လူရည်ချွန်အပန်းဖြေစခန်းမှ ခွန်အားသစ်များရရှိပြီး နိုင်ငံတော်က အားကိုးအားထားပြုရမည့်ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများ ဖြစ်လာစေရေး စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဒွါဒသမတန်း လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများကို ရင်ထိုးတံဆိပ်တပ်ဆင်ပေးခြင်း၊ နေပြည်တော်လူရည်ချွန်စခန်းမှ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်းတို့အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ခြင်းနှင့် ဒွါဒသမတန်း လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများကိုယ်စား လူရည်ချွန်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခြင်းများ ဆောင်ရွက်ကြပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

---

# အခြေခံပညာလူရည်ချွန်စခန်း(ငွေဆောင်)နှင့် အဆင့်မြင့်ပညာလူရည်ချွန်စခန်း(ချောင်းသာ) ဖွင့်ပွဲပြုလုပ်



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက အခြေခံပညာလူရည်ချွန်စခန်း (ငွေဆောင်)အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

နေပြည်တော် မေ ၇

ဧရာဝတီတိုင်းဒေသကြီး၌ အခြေခံပညာလူရည်ချွန်စခန်း(ငွေဆောင်)အား ငွေဆောင်မြို့ ယမုံနာဦးဟိုတယ်၌လည်းကောင်း၊ အဆင့်မြင့်ပညာလူရည်ချွန်စခန်း(ချောင်းသာ)အား ချောင်းသာမြို့ Akariz Garden Resort ၌လည်းကောင်း ယနေ့နံနက်ပိုင်းတွင် ဖွင့်ပွဲများပြုလုပ်ကြရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အဆင့်မြင့်ပညာနှင့်အခြေခံပညာမှလူရည်ချွန်မောင်မယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆင့်မြင့်ပညာနှင့် အခြေခံပညာလူရည်ချွန်စခန်းများအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လူရည်ချွန်မောင်မယ်များက မြန်မာ့ကျောင်းနှင့် စခန်းနွေမွန်လူရည်ချွန်သီချင်းများဖြင့် သီဆိုဖွင့်လှစ်ကြသည်။ ၎င်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ လူရည်ချွန်မောင်မယ်များက လက်ခံရယူကြသည်။

ဆက်လက်ပြီး အဆင့်မြင့်ပညာနှင့် အခြေခံပညာ လူရည်ချွန်စခန်းများမှ တာဝန်ခံစခန်းမှူးများက စခန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများမှ စခန်းအသီးသီးရှိ ကိုယ်စားပြုလူရည်ချွန်မောင်မယ်များအား ရင်ထိုးတံဆိပ်များချီးမြှင့်ကြပြီး အမှတ်တရလက်ဆောင်များပေးအပ်ကြသည်။ ထို့နောက် လူရည်ချွန်မောင်မယ်များနှင့် ပုသိမ်တက္ကသိုလ် အနုပညာအသင်း ကျောင်းသား၊ ကျောင်းသူများမှတက်ရောက်လာကြသူများအား တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းမှူးတို့က လူရည်ချွန်မောင်မယ်များနှင့် အမှတ်တရဓာတ်ပုံများ ရိုက်ကူးခဲ့ကြပြီး လူရည်ချွန်မောင်မယ်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

**ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်ဂုဏ်ပြုဆောင်းပါး**

# စိတ်ထားမွန်မြတ်သည့် တို့ကြက်ခြေနီ

**ကိုအောင်**

ကြက်ခြေနီအသင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းကြီးတစ်ခုဖြစ်သည်။ စစ်မြေပြင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ် ကျရောက်ချိန်ဖြစ်စေ၊ ကပ်ရောဂါဘေးကြီးကျရောက်ချိန်ဖြစ်စေ မည်သည့်အရေးပေါ်အခြေအနေတွင်မဆို ကြက်ခြေနီအသင်းသည်ရှေးဦးစွာဝင်ရောက်ကူညီသော အဖွဲ့ဖြစ်သည်။

ကြက်ခြေနီအသင်းသည် လူမျိုး၊ ဘာသာ၊ နိုင်ငံရေးအတွေးအခေါ်၊ လူမှုအဆင့်အတန်းတို့ကို ခွဲခြားခြင်းမရှိဘဲ ဒုက္ခရောက်နေသူတိုင်းကို အကူအညီပေးသည်။ စစ်ပွဲအတွင်းတွင် ဒဏ်ရာရသူများကို ကုသပေးခြင်း၊ စစ်သုံ့ပန်းများ၏အခြေအနေကို ကြီးကြပ်ခြင်း၊ မိသားစုနှင့်ကွဲကွာနေသူများကို ပြန်လည်ဆက်သွယ်ပေးခြင်းတို့သည် အသင်း၏အဓိကလုပ်ငန်းစဉ်များဖြစ်သည်။ ထို့ပြင် ငြိမ်းချမ်းသောအချိန်တွင်လည်း ကျန်းမာရေးကဏ္ဍ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်တွင်ပါဝင်ဆောင်ရွက်ကြသည့် စေတနာလုပ်အားရှင်များကိုဂုဏ်ပြုသည့် "ကမ္ဘာ့ကြက်ခြေနီနေ့"ဖြစ်သည်။ ကြက်ခြေနီအသင်း၏အဓိကရည်ရွယ်ချက်မှာ လူနာတစ်ဦးကိုတွေ့ရှိသောအခါ ဆေးရုံ၊ ဆေးပေးခန်းသို့ ချက်ချင်း သို့မဟုတ် အချိန်ပိုင်းအတွင်း မပို့ဆောင်နိုင်ပါက လူနာ၏အသက်အန္တရာယ်အား ရှေးဦးသူနာပြုစုနည်းလမ်းဖြင့် ကူညီကာကွယ်စောင့်ရှောက်ကယ်တင်ခြင်းဖြစ်သည်။

**ကမ္ဘာ့ကြက်ခြေနီနေ့၏သမိုင်းကြောင်း**

၁၉၄၈ ခုနှစ် မေလ ၈ ရက်တွင် စတင်ကျင်းပခဲ့သည့် ကမ္ဘာ့ကြက်ခြေနီနေ့သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီကို စတင်တည်ထောင်သူ ဟင်နရီဒူးနန့်မွေးဖွားခဲ့သည့် မေလ ၈ ရက်ကို ဂုဏ်ပြုခြင်းဖြစ်သည်။ ဟင်နရီဒူးနန့်သည် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားမှုများ၏ဖခင်ကြီးအဖြစ် ကျော်ကြားသူဖြစ်ပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်း၏ တည်ထောင်သူအဖြစ်လူသိများသည်။ ဟင်နရီဒူးနန့်ကို ၁၈၂၈ ခုနှစ် မေလ ၈ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မွေးဖွားခဲ့သည်။

ဟင်နရီဒူးနန့်သည် ၁၈၅၉ ခုနှစ်တွင် ဆိုဖာရီနိုတိုက်ပွဲကို မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရပြီး စစ်မြေပြင်တွင် ဒဏ်ရာရသူများအား မည်သူမျှကူညီခြင်းမရှိသည်ကို မြင်တွေ့ခဲ့ရသည်။ ဆိုဖာရီနိုတိုက်ပွဲသည် ဒုတိယအီတလီလွတ်လပ်ရေးစစ်ပွဲ၏ အရေးပါသော တိုက်ပွဲတစ်ခုဖြစ်ပြီး သေဆုံးသူ၊ ဒဏ်ရာရသူများပြားခဲ့သည်။ ထို့ပြင် ဆေးကုသရေးစနစ်မလုံလောက်မှုကြောင့် ဒဏ်ရာရသူများ ဆုံးရှုံးမှုများခဲ့ရသည်။ ထို့ကြောင့် ဟင်နရီဒူးနန့်သည် စစ်ဒဏ်ရာရသူများအား ရွာအနီးဝန်းကျင်မှ လူအများကိုစုဝေးစေ၍ ဘက်မရွေးဘဲ ပြုစုကူညီပေးခဲ့ပြီး ဘက်မရွေးကူညီရန်အတွက်အဖွဲ့အစည်းတစ်ခုလိုအပ်ကြောင်း သိမြင်လာခဲ့သည်။ ထို့နောက် နေရပ်ပြန်ရောက်ချိန်တွင် မိမိကြုံတွေ့ခဲ့ရသော အကြောင်းအရာများကို "A Memory of Solferino" စာအုပ်အား ရေးသားပြုစုခဲ့သည်။ ထိုစာအုပ်ကို နိုင်ငံ့ခေါင်းဆောင်များထံ ရေးသားဖြန့်ဝေပြီးနောက် ၁၈၆၃ ခုနှစ်တွင် သူ၏အားထုတ်မှုဖြင့် ဂျီနီဗာညီလာခံကိုကျင်းပကာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီကို တည်ထောင်ခဲ့သည်။ ထို့နောက် ၁၈၆၄ ခုနှစ်တွင် ဂျီနီဗာသဘောတူညီချက်ကို ချမှတ်ကာ စစ်ဖြစ်ပွားစဉ် ဒဏ်ရာရသူများ၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် အရပ်သားများအား ကာကွယ်ရန်စံနှုန်းများ သတ်မှတ်ခဲ့သည်။ ၎င်း၏လူသားချင်းစာနာမှုဆိုင်ရာ လုပ်ဆောင်ချက်များကြောင့် ၁၉၀၁ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးဆုကိုရရှိခဲ့သည်။

**အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏အမှတ်တံဆိပ်**

ကြက်ခြေနီ အမှတ်အသားသည် ဘေးအန္တရာယ်ကျရောက်ချိန်၊ စစ်မက်ဖြစ်ပွားချိန်တွင် ကြက်ခြေနီလှုပ်ရှားမှု၌

**❍ ကြက်ခြေနီစေတနာ့ဝန်ထမ်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဘေးဒုက္ခခံရလွယ်သောဒေသများတွင် အသက်ဘေးနှင့်နီးကပ်နေသော ပြည်သူတို့အတွက် ရှေ့တန်းမှ မားမားမတ်မတ်ရပ်တည်ပေးနေသူများဖြစ် . . .**

**❍ လူမျိုး၊ ဘာသာ၊ နိုင်ငံရေးခံယူချက်မရွေး လူသားအားလုံး၏ အသက်နှင့်ဂုဏ်သိက္ခာကို တန်းတူညီမျှကာကွယ်စောင့်ရှောက်သည့် ကြက်ခြေနီ၏မွန်မြတ်သောစံနှုန်းများနှင့် လုပ်ရပ်များသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လူသားချင်းစာနာမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ထာဝရတန်ဖိုးထားရမည့်အမွေအနှစ်တစ်ခုအဖြစ် တည်ရှိနေမည်ဖြစ် . . .**

ရေးနှင့် တုံ့ပြန်မှု၊ သွေးလှူဒါန်းမှု စသည့်ကဏ္ဍပေါင်းစုံတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားလျက်ရှိသည်။ ထို့ကြောင့် ကြက်ခြေနီအသင်းသည် လူသားတို့၏ အခြေခံအကျဆုံးဖြစ်သည့် အသက်၊ ကျန်းမာရေးနှင့်လူ့ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ရာတွင် မရှိမဖြစ်အရေးပါသောအဖွဲ့အစည်းဖြစ်သည်။

ကြက်ခြေနီစေတနာ့ဝန်ထမ်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဘေးဒုက္ခခံရလွယ်သောဒေသများတွင် အသက်ဘေးနှင့်နီးကပ်နေသော ပြည်သူတို့အတွက် ရှေ့တန်းမှမားမားမတ်မတ်ရပ်တည်ပေးနေသူများဖြစ်သည်။ ထို့ပြင် လူတစ်ဦးချင်းစီ၏အသက်ရှင်သန်ခွင့်နှင့်ဂုဏ်သိက္ခာကို အထူးတန်ဖိုးထား၍ ဘေးဒုက္ခခံစားရသူတို့၏မျက်ရည်များကို သုတ်ပေးခြင်းနှင့်ကိုယ်ချင်းစာတရားတို့ကို ဖော်ဆောင်ပေးလျက်ရှိသည်။

မေလ ၈ ရက်သည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မွန်မြတ်လှသည့် ကြက်ခြေနီလူမှုကရုဏာလှုပ်ရှားမှုများနှင့် အဆိုပါလှုပ်ရှားမှုများပါဝင်သောအပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းနှင့် အမျိုးသားကြက်ခြေနီအသင်းများ၊ လူပုဂ္ဂိုလ်များက လူမှုကရုဏာလုပ်ငန်းများတွင် အသုံးပြုသောအမှတ်အသားဖြစ်သည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့အစည်းနှင့် လခြမ်းနီအဖွဲ့အစည်းလူမှုရေးလှုပ်ရှားမှုအဖွဲ့အစည်းကြီးသည် နိုင်ငံတကာဆိုင်ရာ လူသားချင်းစာနာသောလှုပ်ရှားမှုတစ်ခုဖြစ်သည်။

**သက်တမ်းအရှည်ကြာဆုံး လူမှုကရုဏာအဖွဲ့အစည်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံးနှင့် ဦးဆောင်ဦးရွက်ပြုနေသော လူမှုကရုဏာအဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ဘေးအန္တရာယ်ကျရောက်သူများ၏ ကျန်းမာရေးနှင့် ပိုမိုကောင်းမွန်သောဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကြက်ခြေနီလုပ်ငန်းများကို ၁၉၂၀ ပြည့်နှစ်မှစတင်ကာ အိန္ဒိယနိုင်ငံ ကြက်ခြေနီအသင်း၏အသင်းခွဲအဖြစ် စတင်ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၃၇ ခုနှစ်တွင် ဗမာနိုင်ငံ ကြက်ခြေနီအသင်းအဖြစ် သီးခြားရပ်တည်ခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၃၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီကအသိအမှတ်ပြုခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း၏အသင်းဝင်ဖြစ်လာခဲ့သည်။

နိုင်ငံတော်အစိုးရသည် ဗမာနိုင်ငံကြက်ခြေနီအသင်းအက်ဥပဒေကို ၁၉၅၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး အမြဲတမ်းလူမှုကရုဏာအသင်းအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ အဆိုပါအက်ဥပဒေကို ၁၉၆၄ ခုနှစ်၊ ၁၉၇၁ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်တို့တွင် ထပ်မံပြင်ဆင်ခဲ့သည်။ အဆိုပါအက်ဥပဒေအရ စိန့်ဂျွန်းသူနာပြုတပ်ဖွဲ့အား ကြက်ခြေနီသူနာပြုတပ်ဖွဲ့အဖြစ် ဗမာနိုင်ငံ ကြက်ခြေနီအသင်းတွင် ထည့်သွင်းဖွဲ့စည်းခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်ဥပဒေပြဋ္ဌာန်းချက်အရ ဗမာနိုင်ငံကြက်ခြေနီအသင်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။

၂၁ ရာစုတွင် လူမှုကရုဏာဆိုင်ရာအခြေအနေပြောင်းလဲလာခြင်းနှင့်အတူ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူထုအခြေပြုဘေးဒဏ်ခံနိုင်ရေးလုပ်ငန်းများကို ပိုမိုအလေးထားဆောင်ရွက်ခဲ့သည်။ အရည်အချင်းပြည့်ဝသောစေတနာလုပ်အားရှင်များသည် ရပ်ရွာလူထုအား ၎င်းတို့ဒေသတွင် ဖြစ်ပွားလေ့ရှိသည့် ဘေးအန္တရာယ်များနှင့် ၎င်းတို့၏အားသာချက်များကိုသိရှိနိုင်စေရန် အကူအညီပေးပြီး ရပ်ရွာလူထုအနေဖြင့်ရင်ဆိုင်ရသည့်အခက်အခဲများကို ၎င်းတို့ကိုယ်တိုင်ဖြေရှင်းနိုင်ရန်အတွက် လိုအပ်သောကျွမ်းကျင်မှုများရရှိလာစေရန် ကူညီပံ့ပိုးပေးခဲ့သည်။ အသင်း၏ဆောင်ရွက်သည့်စီမံကိန်းတိုင်းသည် ရေရှည်တည်တံ့ရေးနှင့်ဘေးဒဏ်ခံနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အခြေအနေများ၊ အရေးပေါ်ကျန်းမာရေးအခြေအနေများ၊ သဘာဝဘေးအန္တရာယ်များ၊ ပဋိပက္ခများ၊ အကြမ်းဖက်မှုအခြေအနေများ၏သက်ရောက်မှုများကို လျှော့ပါးစေခြင်းဖြင့် ထိခိုက်ခံစားရသော ရပ်ရွာလူထုအပေါ် ပိုမိုတိုးမြှင့်ပံ့ပိုးပေးရန်၊ ရပ်ရွာလူထု၏ ဘေးဒဏ်ခံနိုင်စွမ်းကို မြှင့်တင်ရန်၊ ကျန်းမာရေး၊ ရှေးဦးပြုစုခြင်း၊ ရေနှင့်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ဘေးအန္တရာယ်လျော့ပါးရေး၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအခြေအနေများ၊ အမိုးအကာနှင့် အသက်မွေးဝမ်းကျောင်း စသည့်ရပ်ရွာလူထု၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်၊ အသင်းအဆင့်တိုင်းတွင် ထိရောက်သောတုံ့ပြန်မှုများဆောင်ရွက်နိုင်ရန်အတွက် ကောင်းမွန်သော ကြိုတင်ပြင်ဆင်မှုဆိုင်ရာစွမ်းရည်ပြည့်ဝရေးဆောင်ရွက်ရန်၊ ကြက်ခြေနီအခြေခံမူများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတန်ဖိုးများ၊ လူမှုကရုဏာလုပ်ငန်းဆိုင်ရာ တန်ဖိုးများ၊ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေများကို အလွှာအသီးသီးတွင် နားလည်မှုနှင့်လေးစားမှုကိုမြှင့်တင်ရန်၊ သာမန်နှင့်အရေးပေါ်အခြေအနေများတွင် ထိရောက်သောပြန်ကြားဆက်သွယ်ရေး၊ သတင်းအချက်အလက်ရယူမှုဝေရေးနှင့် အစီရင်ခံရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် အသင်းအဆင့်တိုင်း၏ ပြန်ကြားဆက်သွယ်ရေး၊

**စာမျက်နှာ ၁၄ သို့▲**



▲ စာမျက်နှာ ၁၃ မှအဆက်

သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာစွမ်းရည်များကို အားဖြည့်မြှင့်တင်ရန်၊ လူမှုကရုဏာလုပ်ငန်းများတွင် ကျား/မ မတူကွဲပြားမှုနှင့်ကွဲပြားခြားနားမှု ထိခိုက်နစ်နာစေမှုလျော့ပါးရေး၊ စိတ်ပိုင်းနှင့် လူမှုပိုင်းဆိုင်ရာအားပေးကူညီမှု၊ လူတိုင်း ပါဝင်ဆောင်ရွက်ခွင့်ရှိမှုနှင့် ရပ်ရွာလူထုနှင့်အတူ လက်တွဲဆောင်ရွက်မှု စသည်တို့ကို ကဏ္ဍစုံနှင့်ဆက်စပ်သည့်ကိစ္စရပ်များအဖြစ် ဆောင်ရွက်ရန်၊ အသင်းအဆင့်တိုင်းတွင် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အသင်း၏ ဥပဒေ၊ နည်းဥပဒေနှင့်အညီ နိုင်ငံတော်၏ အရန်အင်အားအဖြစ် ပိုမိုတိုးတက်အားကောင်းလာစေရန်၊ လူမှုကရုဏာဆိုင်ရာလိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာတုံ့ပြန်နိုင်ရန်နှင့် အသင်း၏အဓိကဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်စေရန်အတွက် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်အသင်းခွဲများနှင့် အသင်းခွဲငယ်များ၏စနစ်နှင့်စွမ်းဆောင်ရည်များတိုးတက်လာစေရန်၊ ကြက်ခြေနီလူငယ်များ၏ လူမှုကရုဏာလုပ်ငန်းများတွင် တက်ကြွစွာဦးဆောင်ပါဝင်ဆောင်ရွက်နိုင်ရေး စွမ်းရည်မြှင့်တင်ရန်၊ အသင်းအဆင့်တိုင်းတွင် အမှီအခိုကင်းစွာရေရှည်တည်တံ့၍ လုံလောက်သည့် ကိုယ်ပိုင်ရန်ပုံငွေရရှိရေးအတွက် အရင်းအမြစ်များ စုစည်းအသုံးချနိုင်သော စွမ်းရည်တိုးမြှင့်ရန်၊ အသင်း၏လူမှုကရုဏာလုပ်ငန်းများအား တာဝန်ခံနိုင်မှု စွမ်းဆောင်နိုင်မှုနှင့်ထိရောက်မှု၊ ပွင့်လင်းမြင်သာမှုများ တိုးမြှင့်နိုင်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုစွမ်းဆောင်ရည် (လူသားအရင်းအမြစ်နှင့် ဖွံ့ဖြိုးတိုးတက်မှုစနစ်၊ အစီအစဉ်ရေးဆွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာစွမ်းရည်များ)ကို ပိုမိုအားဖြည့်ဆောင်ရွက်ရန်၊ လက်ရှိကျင့်သုံးနေသည့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု မူဘောင်မှတစ်ဆင့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံနိုင်မှု တိုးမြှင့်စေရန်အတွက် ပြည်တွင်းနှင့်ပြည်ပတွင် ထိရောက်သောပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်ရန် စသည့်မဟာဗျူဟာရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စစ်ပွဲများ၊ သဘာဝဘေးအန္တရာယ်များနှင့်ရောဂါကပ်ဘေးများ၏ ခြိမ်းခြောက်မှုများသည် ပုံစံအမျိုးမျိုးဖြင့် ဆက်လက်ရှိနေဆဲဖြစ်သော်လည်း ထိုမှောင်မိုက်သောအခြေအနေများကြားတွင် ကြက်ခြေနီအသင်းကြီးသည် မည်သည့်ခွဲခြားမှုမျှမရှိဘဲ "လူသားချင်းစာနာထောက်ထားမှု" ဟူသော မွန်မြတ်သည့်စိတ်ဓာတ်ဖြင့် အဆက်မပြတ်လင်းလက်နေသောအလင်းရောင်ကြီးတစ်ခုအဖြစ် ရပ်တည်ခဲ့သည်။ ကြက်ခြေနီအသင်းကြီးသည် စစ်မီးတောက်လောင်နေသော စစ်မြေပြင်မှသည် သဘာဝဘေးအန္တရာယ်နှင့်ကပ်ရောဂါကျရောက်နေသော ဒေသများအထိ လူသားတို့၏ဝမ်းနည်းကြေကွဲဖွယ်ဒုက္ခရောက်ရာအရပ်တိုင်းသို့ စေတနာ၊ ကရုဏာနှင့်ဖွဲ့လုံ့လတို့ကို ယူဆောင်သွားနိုင်သည့် ကမ္ဘာ့အကြီးဆုံးနှင့်သက်တမ်းအရင့်ဆုံး လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းဖြစ်ကြောင်း အသိအမှတ်ပြုရမည်ဖြစ်သည်။ လူမျိုး၊ ဘာသာ၊ နိုင်ငံရေးခံယူချက်မရွေး လူသားအားလုံး၏အသက်နှင့်ဂုဏ်သိက္ခာကို တန်းတူညီမျှ ကာကွယ်စောင့်ရှောက်သည့် ကြက်ခြေနီ၏ မွန်မြတ်သော စံနှုန်းများနှင့်လုပ်ရပ်များသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လူသားချင်းစာနာမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ထာဝရတန်ဖိုးထားရမည့် အမွေအနှစ်တစ်ခုအဖြစ် တည်ရှိနေမည်ဖြစ်ပါကြောင်း မေလ ၈ ရက်တွင်ကျရောက်သည့် ကမ္ဘာ့ကြက်ခြေနီနေ့အား ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# ငဖဲမြို့နယ်၌ ရပ်ကွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ နည်းဥပဒေများ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ



ငဖဲ မေ ၇

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်းရှိရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ပြန်လည်ရွေးချယ်ရာတွင် တာဝန်ယူဆောင်ရွက်မည့်ကြီးကြပ်ရေးအဖွဲ့များအား ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများ အသိပညာပေးဆွေးနွေးပွဲကို မေလ ၆ ရက်နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလှိုင်က ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းဆောင်ရွက်မှု၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ခြင်းလုပ်ငန်းစဉ်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတို့တွင် ပြည့်စုံရမည့်အချက်များ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာတာဝန်ခံရွေးချယ်ခြင်းလုပ်ငန်းစဉ်များ၊ လိုက်နာရန်စည်းကမ်းချက်များနှင့် အုပ်ချုပ်ရေးမှူးရွေးချယ်ခြင်းလုပ်ငန်းစဉ်များကို အသိပညာပေးရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော ရပ်ကွက်၊ ကျေးရွာကြီးကြပ်ရေးအဖွဲ့များက သိရှိလိုသည်များကိုမေးမြန်းရာ ငဖဲမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြကြောင်း သိရသည်။ **မယု(ငဖဲ)**



**တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် အမှတ်(၁)နှင့်အမှတ်(၂)ရပ်ကွက်တို့၌ သောက်သုံးရေလိုအပ်လျက်ရှိသော အိမ်ထောင်စုများသို့ ပုလောမြို့နယ်မီးသတ်စခန်းမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက မေလ ၆ ရက်မွန်းလွဲပိုင်းတွင် ရေဂါလန် ၂၄၀၀ သွားရောက်လှူဒါန်းပေးစဉ်။**

(၄၁၂)

# ကျောက်ပန်းတောင်းမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် အခြေခံမွေးမြူရေးသင်တန်းဖွင့်လှစ်

ကျောက်ပန်းတောင်း မေ ၇

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်နေပြည်သူများ မွေးမြူရေး အသိပညာဗဟုသုတများ တိုးပွားစေရန်နှင့်မှန်ကန်သည့်မွေးမြူရေးနည်းလမ်းကောင်းများရရှိစေရန်ရည်ရွယ်၍ အခြေခံမွေးမြူရေးသင်တန်းဖွင့်ပွဲကို မေလ ၆ ရက် နံနက်ပိုင်းတွင် ပြည်တော်သာရပ်ကွက် ကျောက်ပန်းတောင်း-ပုပ္ပားလမ်းဘေးရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းထွန်းလင်းက အမှာစကားပြောကြားပြီး သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် နွား၊ ဆိတ်၊ ဝက်၊ ကြက် အစရှိသည့် တိရစ္ဆာန်များနှင့် ပတ်သက်သည့် အခြေခံမွေးမြူရေးနည်းလမ်းများ၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးနည်းလမ်းများ၊ ဇီဝလုံခြုံမှု တိုးမြှင့်ရေးနှင့် အားဖြစ်စေသည့် အာဟာရများအကြောင်းတို့ကို စာတွေ့လက်တွေ့ သင်ကြားပေးသွားမည့်အပြင် မွေးမြူရေးခြံများအား ကွင်းဆင်းလေ့လာခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများအား လက်တွေ့ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် လက်ပံပျား၊ ယင်းမာကုန်း၊ ဝက်ချုပ်ကုန်းနှင့်လှည်းပြည့်တောင်ကျေးရွာတို့မှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးက သင်တန်းကာလ သုံးရက်ကြာ တက်ရောက်သင်ကြားကြကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

# ဆီထွက်သီးနှံမျိုးနေကြာ စံပြကွက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ကျွန်းလှ မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံမျိုးနေကြာစံပြကွက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပြခြင်းကို မေလ ၇ ရက်နံနက်ပိုင်းတွင် တပ်ကုန်းကျေးရွာ ကွင်းအမှတ်(၄၉၅) တောင်သူဦးကျော်ဝင်းစိုး၏ ယာမြေ ၅ ဧက၌ ကျင်းပသည်။

"ကျွန်းလှမြို့နယ်မှာ မိုးနေကြာစံပြကွက်စိုက်ပျိုးတဲ့တောင်သူတွေကို ဒေသရာသီဥတုနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်းမျိုးများရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ အချိန်မီစိုက်ပျိုးရေး၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။



အဆိုပါကွင်းသရုပ်ပြပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်က နေကြာမျိုးစေ့များ ပေးအပ်သည်။

ထို့နောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ ပူးပေါင်း၍ မိုးနေကြာစံပြကွက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြကြကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

**MWD Variety Channel**

**၈-၅-၂၀၂၄(သောကြာနေ့)**

၁။ ၀၉:၄၀ ကလေးတို့ရှင်များနှင့်တွေ့ဆုံခြင်း
၂။ ၁၀:၃၀ ကျန်းမာသောဘဝ
၃။ ၁၁:၃၅ သောတဆင်စရာ တေးမြန်မာ
၄။ ၁၆:၂၀ လူငယ်ရှေ့ရေး အတွေးကမ္ဘာ

# လယ်ဝေးမြို့နယ် သမဝါယမစနစ်စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း သမဝါယမစနစ်ဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာအုပ်စု ကွင်းအမှတ်-၁၈၅၄(ခ)တွင် ဒို့မြန်မာအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းက အသားတိုးနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် သမဝါယမစနစ်ဖြင့်စနစ်ကျသောမွေးမြူရေး လုပ်ငန်းများဖြစ်ပေါ်လာစေရေး အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တိရစ္ဆာန်ရောဂါများမကျရောက်စေရေး ကြိုတင်ကာကွယ်ဆောင်ရွက်ကြရန်နှင့် တိရစ္ဆာန်ဖြည့်စွက်စာများ လုံလောက်မှုရှိစေရေး စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ရှားချောင်းကျေးရွာရှိ နွေစပါးစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက တောင်သူများအနေဖြင့် ရောင်းချရာတွင်လည်း တစ်ဦးချင်းရောင်းချပါက အကျိုးအမြတ်ရရှိမှုနည်းပါးနိုင်ကြောင်း၊ ထို့ကြောင့် သမဝါယမစနစ်ဖြင့် တစ်ကွင်းတစ်ဆက်တည်းရှိသော လယ်ကွင်းများတွင် ထွန်ယက်ချိန်၊ စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်များ တူညီစေရေး စုပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း လိုအပ်သည့် မျိုးကောင်းမျိုးသန့်၊ သွင်းအားစုဓာတ်မြေဩဇာများ အချိန်မီရရှိရေး၊ စိုက်ပျိုးရေရရှိရေး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စနစ်ကျလယ်ယာစနစ်ဖော်ထုတ်ဆောင်ရွက်နိုင်သည်အထိ မျှော်မှန်းပြီး ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်းဆွေးနွေးမှာကြားပြီး ဒေသခံတောင်သူများ၏ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ နေပြည်တော်အစီရင်ခံစာထုတ်ပြန်

နေပြည်တော် မေ ၇

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ နေပြည်တော်အစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ကျင်းပသည်။

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် အောင်မြင်စွာကောက်ယူခဲ့ပြီး မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရွှေ့ပြောင်း လူဦးရေစာရင်း၊ သန်းခေါင်စာရင်းပင်မအစီရင်ခံစာဖြစ်သည့် ပြည်ထောင်စုအစီရင်ခံစာ၊ အနှစ်ချုပ်အစီရင်ခံစာနှင့် စာရင်းအင်းအသုံးပြုသူများအတွက် စာရင်းဇယားများပါဝင်သည့် အစီရင်ခံစာများကို သတ်မှတ်ကာလများအတွင်း တစ်ဆင့်ပြီးတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါကြောင်း။

နေပြည်တော်အစီရင်ခံစာတွင် နေပြည်တော်၏ လူဦးရေဆိုင်ရာအချက်အလက်များအပြင် ရွှေ့ပြောင်းသွားလာခြင်း၊ ပညာရေး၊ လုပ်သားအင်အား၊ မသန်စွမ်းမှု၊ အိမ်အကြောင်းအရာ၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြောင်းအရာစသည့် အခန်းကဏ္ဍများ စုံစုံလင်လင်ပါဝင်ပါကြောင်း၊ သန်းခေါင်စာရင်းမှဖော်ထုတ်ရရှိသည့် အချက်အလက်များသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် အမျိုးသားရေးရည်မှန်းချက်များအတွက် လမ်းပြမြေပုံအဖြစ် ပေးစွမ်းနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ထုတ်ပြန်သည့် နေပြည်တော်သန်းခေါင်စာရင်းအစီရင်ခံစာသည် နေပြည်တော်၏ စာတတ်မြောက်မှုနှုန်း၊ ပညာရည်အဆင့်အတန်း၊ ကျောင်းဆက်မတက်သည့် အခြေအနေများအပေါ် သုံးသပ်၍ ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် လိုအပ်သည့်အစီအမံများ ရေးဆွဲနိုင်ရေး ညွှန်ပြပေးသကဲ့သို့ လုပ်သားအင်အား၊ အလုပ်အကိုင်အခြေအနေနှင့် အလုပ်လက်မဲ့နှုန်းတို့ကလည်း နေပြည်တော်တွင်ရှိသည့် ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သန်းခေါင်စာရင်းအချက်အလက်များကို အသုံးချ၍ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။




ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ နေပြည်တော်အစီရင်ခံစာထုတ်ပြန်နိုင်မှုနှင့် အစီရင်ခံစာပါ အချက်အလက်များကိုအခြေခံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်မည့် လုပ်ငန်းအခြေအနေကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိနိုင်မည့် အချက်အလက်များအပေါ်အခြေခံကာ မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်နိုင်ရေးနှင့် နေပြည်တော်အစီရင်ခံစာနှင့်ပတ်သက်၍ ဖော်ထုတ်ရရှိနိုင်မည့် အခြေအနေကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းဆိုင်ရာ နေပြည်တော်အစီရင်ခံစာများကို လွှဲပြောင်းပေးအပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လက်ခံရယူခဲ့ကြောင်း သိရသည်။ မြဝတီ

# အမျိုးသားပြတိုက်(နေပြည်တော်)အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကြည့်ရှုစစ်ဆေး မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၇

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက်(နေပြည်တော်)သို့သွားရောက်၍ အမျိုးသားပြတိုက်(နေပြည်တော်)၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ အမျိုးသားပြတိုက်တာဝန်ခံက လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပြတိုက်ခန်းမများ၊ ပြသပစ္စည်းများ ပြင်ဆင်မှုကိုအရှိန်မြှင့်တင်ကာ တိုးချဲ့ဖွင့်လှစ်သွားနိုင်ရေး ဆောင်ရွက်ရန်၊ သီဟာသနပလ္လင်ပြခန်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်သွားရန်၊ လာရောက်ကြည့်ရှုသူဧည့်သည်များ ပိုမိုဝင်ရောက်လာစေရန်နှင့် အမျိုးသားပြတိုက်(နေပြည်တော်)ကို အများပြည်သူပိုမိုသိရှိလာကြစေရန် ပြခန်းတစ်ခုချင်းစီအလိုက် ပြသပစ္စည်းများကို မီဒီယာများမှတစ်ဆင့် တင်ဆက်ပြသနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ငင်းစုဆောင်းထားရှိသည့်ရေဝတီကျောက်လွှာထုမှတွေ့ရှိရသော ကျောက်ဖြစ်ရုပ်ကြွင်းအား အမျိုးသားပြတိုက်တွင် ပြသနိုင်ရေး လှူဒါန်းရာ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြတိုက်တာဝန်ခံတို့က လက်ခံရယူပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြတိုက်တွင်ဖွင့်လှစ်ပြသထားသည့်ပြခန်းများ၊ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်အဆောက်အအုံပိုင်းဆိုင်ရာများ ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုများကိုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tariq Karim အား နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၃) ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်နိုင်ရေး၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုအားကောင်းလာစေရေး၊ မြန်မာနိုင်ငံမှ ပုဂံမြို့နှင့် ပါကစ္စတန်နိုင်ငံမှ တက္ကသီလာမြို့ (Taxila) တို့ကို ညီအစ်မမြို့တော် (Sister City) အဖြစ် ထူထောင်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးနိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ဘာသာရေးအခြေခံ ခရီးသွားလုပ်ငန်းများနှင့် ဘာသာရေးဆိုင်ရာ ခရီးစဉ်များအပြန်အလှန်စီစဉ်ဆောင်ရွက်နိုင်ရေး၊ ခရီးသွားလုပ်ငန်းအပြင်အထည်အလိပ်လုပ်ငန်းများနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံခရီးသွားပြည်သူများ အပြန်အလှန် သွားလာလည်ပတ်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံရှိ ခရီးသွားဆွဲဆောင်ရာနေရာများကို မီဒီယာများမှတစ်ဆင့်မြှင့်တင်ကြော်ငြာပေးသွားနိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ပြည်သူအများအလုပ်အကိုင်ရရှိစေရန်၊ ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားပြီး ပြည်ပပို့ကုန်တိုးတက်စေရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတိုးများလာစေရန်နှင့် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိစေရန်တို့အတွက် အထူးစီးပွားရေးဇုန်များကို အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးသည် အရေးကြီး



နေပြည်တော် မေ ၇

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်-၃ အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ပထမအကြိမ်ပြုလုပ်သည့် အစည်းအဝေးဖြစ်ကြောင်း၊ အစိုးရသစ်ကာလအတွင်း နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို နိုင်ငံတော်သမ္မတက မှာကြားလမ်းညွှန်ခဲ့ပြီးဖြစ်ရာ အထူးစီးပွားရေးဇုန်များအနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့်အထူးစီးပွားရေးဇုန်များသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောအစိတ်အပိုင်းဖြစ်ကြောင်း၊ ပြည်သူအများအလုပ်အကိုင်ရရှိစေရန်၊ ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားပြီး ပြည်ပပို့ကုန်တိုးတက်စေရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတိုးများလာစေရန်နှင့် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိစေရန်တို့အတွက် အထူးစီးပွားရေးဇုန်များကို အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးသည် အရေးကြီးပါကြောင်းပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ယခင်ကျင်းပခဲ့သည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက အမှာစာများကိုတင်ပြကြပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အထူးစီးပွားရေးဇုန်များ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သုံးသပ်တွေ့ရှိချက်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။

မြဝတီ

# အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ




နေပြည်တော် မေ ၇

ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီသည် မေလ ၅ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာသားဖွားဆရာမများနေ့နှင့် မေလ ၁၂ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သူနာပြုတက္ကသိုလ် ရန်ကုန် (Auditorium) ခန်းမ၌ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ကမ္ဘာ့ကပ်ရောဂါဘေးကာလတွင် ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံအတွင်းရှိ လူသားများ၏ အသက်ဘေးအန္တရာယ်များကို ဘေးကင်းလုံခြုံစေရန်ဆောင်ရွက်ခဲ့ပြီး လူသားများ၏ အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ပါကြောင်း၊ အရေးပေါ်လူနာများကို အချိန်မီ ပြုစုကုသကယ်ဆယ်ရာတွင် သူနာပြုသားဖွားများ၏ကိုယ်ကျိုးစွန့်မှု၊ အနစ်နာခံမှု၊ သူနာပြုကျင့်ဝတ်ကိုလိုက်နာ၍ နေ့ညမရွေး တာဝန်ထမ်းဆောင်ခဲ့ကြသည်ကို တွေ့ရှိရပါသဖြင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် များစွာ ဂုဏ်ယူကျေနပ်ပါကြောင်း၊ ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများကိုပေးရန်၊ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များအောင်မြင်ရန် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက်ဗဟိုသားဖွားသင်တန်းကျောင်းနှင့် သူနာပြုတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေသီဆိုပြီး ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ဆေးပညာရှင်တံဆိပ် (တတိယအဆင့်)ရရှိသူ တစ်ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယအဆင့်) ရရှိသူ ၃၃ ဦးတို့ကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးတို့က ထပ်ဆင့်ဂုဏ်ပြုလက်မှတ်များကို ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်က မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီသို့ အလှူငွေများပေးအပ်ခဲ့သည့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

ဒုတိယပိုင်း အစီအစဉ်တွင် အပြည်ပြည်ဆိုင်ရာသားဖွားဆရာမများနေ့၏ ဆောင်ပုဒ်ဖြစ်သော "One Million More Midwives" (မိခင်နှင့်ကလေးကျန်းမာရေး၊ သားဖွားဆရာမများပိုမိုမွေးထုတ်ပေး)နှင့်အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့ဆောင်ပုဒ်ဖြစ်သော "Our Nurses. Our Future. Empowered Nurses Save Lives" (အနာဂတ်ကမ္ဘာကျန်းမာဖွံ့ဖြိုးဖို့ သူနာပြုစွမ်းရည်မြှင့်တင်လို့ အသက်ပေါင်းများစွာကယ်ဆယ်စို့)တို့ကို မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ရှင်းလင်းပြောကြားကာ သူနာပြုသားဖွားနှင့်သက်ဆိုင်သော ပညာပေးအစီအစဉ်များ၊ ဖျော်ဖြေရေးအစီအစဉ်များဆောင်ရွက်ကြကြောင်းသိရသည်။

မြဝတီ

# ဗိုအားမြင့် ဓာတ်အားခွဲရုံ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်





နေပြည်တော် မေ ၇

ဗို့အားမြင့် ဓာတ်အားခွဲရုံ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ လျှပ်စစ်စစ်ဆေးရေးဓာတ်ခွဲခန်းနှင့် လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းခန်းမ၌ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့မှ တာဝန်ရှိသူများ၊ လျှပ်စစ် စစ်ဆေးရေးဌာနမှ အငြိမ်းစားယူခဲ့သည့် ပညာရှင်ဆရာကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆရာ/ဆရာမများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအနေဖြင့် မိမိတို့၏ လက်တွေ့လုပ်ငန်းခွင်တွင်တွေ့ကြုံခဲ့ရသည့် နည်းပညာဆိုင်ရာအခက်အခဲများကိုအခြေခံ၍ သင်ယူလေ့လာရမည့်ပညာရပ်များဖြင့်ပေါင်းစပ်ကာ ပိုမိုအန္တရာယ်ကင်းသော လုပ်ငန်းခွင်ကို ဖော်ဆောင်နိုင်ခြင်းဖြင့် လျှပ်စစ်အင်ဂျင်နီယာများ၊ လျှပ်စစ်လုပ်ငန်းဆောင်ရွက်သူများဖြစ်လာအောင်ကြိုးစားကြရန်တိုက်တွန်းပြောကြားသည်။

သင်တန်းကို သင်တန်းသား/သင်တန်းသူ စုစုပေါင်း ၅၀ ဖြင့် မေလ ၇ ရက်မှ ၁၅ ရက်အထိ ဗို့အားမြင့် ဓာတ်အားခွဲရုံ ပြုပြင်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်းသည့် အသိပညာ၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် လျှပ်စစ်ဥပဒေ၊ လျှပ်စစ်နည်းဥပဒေ၊ လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ စသည့်ဘာသာရပ်ခုနစ်ခုကို လျှပ်စစ်စစ်ဆေးရေးဌာနမှ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုရှိပြီး လက်တွေ့လျှပ်စစ်လုပ်ငန်းခွင်နှင့်စစ်ဆေးရေးလုပ်ငန်းအတွေ့အကြုံရှိသည့် နည်းပြများမှ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr.Harish- chandra Ghimire အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာနှင့်နီပေါနိုင်ငံတို့အကြားရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ကောင်းမွန်သည့်ဆက်ဆံရေးကို ပြန်လည်သုံးသပ်ကြပြီး နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများချဲ့ထွင်နိုင်မည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်ပြုပြင်မွမ်းမံရေး လုပ်ငန်းများဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေးပြီး အလှူငွေများလက်ခံ



နေပြည်တော် မေ ၇

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်း၊ သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရင်ပြင်တော်နှင့် မြေထိန်းနံရံကြံ့ခိုင်ရေးလုပ်ငန်းများ၊ တံခွန်တိုင်တည်ဆောက်မှု လုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေ၊ ရင်ပြင်တော်ပတ်လမ်းကွန်ကရစ်ခင်းကျင်းနေမှုအခြေအနေနှင့် အရှေ့တောင်ဘက်နှင့်အနောက်တောင်ဘက်တို့ရှိ ဓာတ်လှေကားနှစ်စင်းတည်ဆောက်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဥပ္ပါတသန္တိစေတီတော် ပြုပြင်မွမ်းမံရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်းက ရင်ပြင်တော်ပတ်လမ်းကွန်ကရစ်ခင်းကျင်းခြင်းလုပ်ငန်း ၅၀ ရာခိုင်နှုန်းပြီးစီးမှု၊ အောက်ပစ္စယံ၊ အထက်ပစ္စယံကျောက်ကြီးစီမြေထိန်းနံရံကြံ့ခိုင်ရေးလုပ်ငန်း ၆၅ ရာခိုင်နှုန်းပြီးစီးမှု၊ လိုဏ်ဂူတော်အတွင်း ၂ပေပတ်လည် Marvel ကျောက်ပြားခင်းကျင်းမှု ၈၀ ရာခိုင်နှုန်းပြီးစီးမှု၊ စေတီတော်ကြီး၏ စိန်ဖူးတော်၊ ထီးတော်၊ ငှက်မြတ်နားတော် ပြုပြင်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

ထို့နောက်ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံရန်အတွက် အလှူရှင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နေ ဦးဝင်းသန်း + ဒေါ်ရီရီဝင်း သားသမီးမြေးတစ်စုက လှူဒါန်းငွေကျပ်သိန်း ၅၀၀ ကို လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

မြဝတီ

## တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဇေယျာသီရိမြို့နယ်ရှိ သတင်းစာတိုက်ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း တွေ့ဆုံ၊ လုပ်ငန်းများကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၇

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အရာထမ်း၊ အမှုထမ်းများနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အရာထမ်း၊ အမှုထမ်းများအား သီးခြားစီတွေ့ဆုံပြီး လုပ်ငန်းပိုင်းဆိုင်ရာများ မှာကြားသည်။

ထိုသို့တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့် ဆောင်ရွက်ချက်များအား ပြည်သူလူထုက ထဲထဲဝင်ဝင်သိရှိနားလည်စေရန်နှင့် အသိပညာဗဟုသုတများရရှိစေရန်အတွက်ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အဓိကကျသောအခန်းကဏ္ဍမှ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီဒီယာကဏ္ဍမှ ပံ့ပိုးကူညီပေးရန်နှင့် ပြည်တွင်းခရီးသွားလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် ဆွဲဆောင်မှုရှိသော အစီအစဉ်များ ဖန်တီးတင်ဆက်သွားရန်လိုအပ်ကြောင်း။

ဝန်ထမ်းများအားလုံးသည် မိမိတို့၏ အတတ်ပညာနှင့်အနုပညာကို ပေါင်းစပ်ကာ နိုင်ငံတော်၏မူဝါဒများကို ပြည်သူများထံ ထင်သာမြင်သာရှိအောင် ထိရောက်စွာ ပြန်ကြားပေးကြရန်လိုအပ်ကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို Program များတွင်ထည့်သွင်းရန်လိုအပ်ကြောင်းနှင့် သတင်းထုတ်ပြန်ရေးဆိုင်ရာမူဝါဒများကို လိုက်နာဆောင်ရွက်ရန် ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ဂြိုဟ်တုစလောင်းများ တပ်ဆင်အသုံးပြုနေမှုနှင့် water cooling Aircon System တပ်ဆင်ထားရှိမှုတို့ကို လည်းကောင်း၊ ဝန်ထမ်းများ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများဆောင်ရွက်နိုင်ရေးနှင့် အပန်းဖြေနိုင်ရေး ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် နေပြည်တော်အသံလွှင့်ရုံ အမှတ်(၁)ရှိ မေယု FM ရေဒီယိုနှင့် အမှတ်(၂)ရှိ သပြေရေဒီယိုအစီအစဉ်များထုတ်လွှင့်နေမှုနှင့် ရေဒီယိုထုတ်လွှင့်ရေးစက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ကလေးစာဖတ်ခန်း၊ ပြည်သူ့စာကြည့်တိုက်အတွင်း၌ ကျောင်းသူများလာရောက်စာပေဖတ်ရှုနေမှု၊ စာကြည့်တိုက်အတွင်း စာအုပ်များစနစ်တကျ ထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများအား ချီးမြှင့်ငွေများပေးအပ်ကာ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များ စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပနေမှုကိုကြည့်ရှုအားပေးရာ စာရေးဆရာများက အမှတ်တရလက်ဆောင်အဖြစ် ၎င်းတို့ရေးသားထုတ်ဝေထားသည့်စာအုပ်များကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်ကြကြောင်းသိရသည်။

မြဝတီ

### (၇-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၉,၇၆၂,၂၈၃.၂၃ | ၇,၉၈၅,၆၀၉.၉၉ | ၆၆,၈၃၂,၈၈၇.၃၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဂျုံ၊ တိရစ္ဆာန်အစာ၊ စားသုံးကုန်စည်၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဓာတ်မြေဩဇာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ သန်းကိုလည်းကောင်း၊ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၃၄ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၁ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

### ၇-၅-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


## President of the Republic of the Union of Myanmar U Min Aung Hlaing overviews antique, beautiful, and large ruby discovered from Mogok gems land

NAY PYI TAW May 7

After the democratic government elected by the people through free and fair multi-party democratic general elections in the Republic of the Union of Myanmar took office, a piece of antique, beautiful, and large ruby was discovered in the gems land of Mogok in Mandalay Region, during the post-New Year period of 1388 Myanmar Era.

President of the Republic of the Union of Myanmar U Min Aung Hlaing, together with Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Speaker of the Pyithu Hluttaw U Khin Yi, Speaker of the Amyotha Hluttaw U Aung Lin Dway, Commander-in-Chief of Defence Services General Ye Win Oo, Union Minister at the President's Office U Khin Maung Yi and Union Minister for Natural Resources and Environmental Conservation U Hsan Oo, inspected the piece of ruby at the hall of the President's Office this morning.



The Union Minister at the President's Office and the Union Minister for Natural Resources and Environmental Conservation reports to the President on facts about the recently discovered ruby piece.



The recently-discovered ruby weighs 2,200 grammes (11,000 carats), making it exceptionally large, rare, and difficult to find. The giant ruby has a purplish-red colour with yellowish undertones and is considered to have a high-quality colour grade. It also has moderate transparency, excellent vitreous luster, and remains in its natural state without any treatment or enhancement.

The Union Minister at the President's Office and the Union Minister for Natural Resources and Environmental Conservation reported to the President on facts about of the piece of ruby.

Next, the President and attendees checked the ruby.

The recently-discovered ruby weighs 2,200 grammes (11,000 carats), making it exceptionally large, rare, and difficult to find. The giant ruby has a purplish-red colour with yellowish undertones and is considered to have a high-quality colour grade. It also has moderate transparency, excellent vitreous luster, and remains in its natural state without any treatment or enhancement.

In the past, the rare and precious SLORC ruby weighing 99.25 grammes (496.25 carats) was discovered in 1990, another giant ruby weighing 4,290 grammes (21,450 carats) in 1996 and the NaSaKa ruby weighing 557.85 grammes (2,789.25 carats) in 2022 in Myanmar. All four pieces of ruby including this ruby were extracted from Mogok region of Mandalay Region. Each individual ruby possesses distinctive characteristics and qualities, making them extremely valuable gemstones. Although the ruby discovered in 1996 was the largest in terms of weight, the recently discovered ruby is considered more valuable because its colour and quality are superior in comparison.

**100**

## Merchants supply many bags of Kyapyan rice to Yangon market

NYAUNGDON May 7

"Local merchants from Nyaungdon Township of Ayeyawady Region sold a large number of bags for Kyapyan rice to Yangon market," said Daw San San Win, the owner of rice and paddy trading depot in Nyaungdon Township.

In Nyaungdon Township, 55,000 bags (24 pyi per bag) of Kyapyan rice were exported to the Yangon market within the month.

"During the past month, we exported up to 55,000 bags of Kyapyan rice to the Yangon market. From Nyaungdon, paddy, rice, and other agricultural products are mainly shipped to Yangon. Kyapyan rice is a variety classified under fine rice. There have been many purchase inquiries from the Yangon market for Kyapyan rice this month as well," said Daw San San Win.

Over the past month, Kyapyan rice exported from Nyaungdon Township to the Yangon market fetched up to Ks-112,000 per 24-pyi bag. As trading in paddy and rice has improved, farmers, traders, cargo handlers, and truck rental operators have reportedly gained more job opportunities. **SMK**

# Myaung Township sees 100 percent completion of harvesting lablab bean

MYAUNG May 7

All plantations of lablab bean planted last cold season were harvested in Myaung Township of Sagaing Region, according to the Sagaing Region Agriculture Department.

In Myaung Township, during the winter cropping season, a total of 1,461 acres of lablab bean were cultivated. Harvesting of these lablab bean fields began in January this year, and as of today, harvesting has been completed on 100 percent of the cultivated acreage, with an average yield of 15.27 baskets per acre.

"During the winter cropping season in Myaung Township, we were able to cultivate 1,461 acres of lablab bean. At present, harvesting has been fully completed across all acres. To ensure good yield and quality of the crop, we worked together with farmers to provide necessary high-quality and pure seeds, agricultural inputs, and post-harvest technology training," said Daw Myat Moe Win, District Manager of the Agriculture Department in Sagaing District.

In Myaung Township, the Township Agriculture Department has also carried out awareness and extension activities to help farmers expand the cultivated area of lablab bean, improve yields, adopt Good Agricultural Practices (GAP), use high-quality and pure seeds, and cultivate high-yielding varieties.

The crops planted in GAP system have higher quality than the others planted in other agricultural techniques, fetch higher prices than other similar crops with the opportunities to export them to foreign market. Hence, local farmers can true their dreams of improving socioeconomic life.

SK

# Farmers harvest more than 900 acres of dried chilli in Pwintbyu Township

PWINTBYU May 7

Pwintbyu Township Agriculture Department of Magway Region stated that a total of 920 acres of dried chilli has been harvested in the township.



In Pwintbyu Township, during the winter cropping season, a total of 1,296 acres of dried chilli were cultivated. Local farmers began harvesting the chilli crop in December 2025, and as of today, harvesting has been completed on 920 acres, with an average yield of 711 viss per acre.

"In Pwintbyu Township, 1,296 acres of dried chilli were cultivated during the winter cropping season. Harvesting of these chilli fields began in December 2025, and currently 920 acres have been harvested. The yield is about 711 viss of dried chilli per acre. For the remaining fields yet to be harvested, we are carrying out awareness activities to ensure timely harvesting so that yields do not decline," said Daw Moe Moe Wai, Township Manager of the Agriculture Department in Pwintbyu Township.

During the winter cropping season, the Township Agriculture Department has supported chilli farmers in Pwintbyu Township by providing agricultural knowledge and assistance to help increase income. These include selecting high-yield and regionally suitable quality seeds, applying correct cultivation methods and appropriate plant density, adopting Good Agricultural Practices (GAP) to ensure food safety, producing and using natural fertilizers and organic inputs, and implementing pest and disease control measures.

It is also noted that if chilli cultivation can be improved to achieve higher yields, it will not only meet local consumption needs but also allow surplus production for sale, thereby increasing farmers' income and contributing to socio-economic development. Therefore, efforts should be made to expand chilli cultivation, according to the Township Agriculture Department.

SK

# Zalun Township supplies 54,000 bags of black gram to Yangon market

ZALUN May 7

"Local merchants from Zalun Township of Ayeyawady Region sent 45,000 bags of black gram to Yangon market." said Daw Thin Thin, the owner of agricultural produce trading in Zalun Township.

Up to 45,000 24-pyi bags of black gram were successfully shipped to the Yangon market. These locally produced black grams were purchased by traders in Zalun Township and transported to Yangon for sale.

" Zalun Township shipped up to 45,000 24-pyi bags of black gram to Yangon. Currently, traders in Yangon are still buying the local black gram. The growing demand from overseas markets has also influenced Yangon traders to actively purchase. Most of the black gram and green gram are exported primarily to China as the main overseas market, and at present, the foreign market is buying quite actively," said Daw Thin Thin.

Selling price for each 24-pyi bag of black gram shipped from Zalun Township to Yangon has reached up to Ks-135,000. Thanks to the good prices and strong demand, farmers, traders, freight workers, and truck rental operators are all benefiting and able to conduct their work smoothly.

SMK

# All plantations of sunflower harvested in ChaungU Township

CHAUNGU May 7

Statistics of ChaungU Township Agriculture Department stated that local farmers have reaped all plantations of sunflower in ChaungU Township of Sagaing Region.

In ChaungU Township, during the winter cropping season, a total of 2,883 acres of sunflower were cultivated. Harvesting of these sunflower fields began in January this year, and as of today, harvesting has been completed on 100 percent of the cultivated acreage, with an average yield of 26.89 baskets per acre.

"During the winter cropping season in ChaungU Township, sunflower was cultivated on 2,883 acres. At present, harvesting has been fully completed across all acres. To reduce reliance on imported edible palm oil, we promoted the expansion of sunflower cultivation as an oilseed crop. Sunflower produces higher oil yield per acre compared to other oil crops such as groundnut and sesame," said U Tint Swe, Township Manager of the Agriculture Department in ChaungU Township.

In ChaungU Township, the Township Agriculture Department has intensified training and awareness programs to expand sunflower cultivation and to improve the capacity of both staff and farmers.



It is also reported that arrangements have been made to supply seeds to sunflower farmers, sell urea fertilizer at affordable prices, and distribute harvested sunflower seeds through farmer-to-farmer exchange systems.

SMK

# Thai, Cambodian PMs discuss border situation in Philippines

BANGKOK May 7

Thai Prime Minister Anutin Charnvirakul met his Cambodian counterpart Hun Manet and Philippine President Ferdinand Romualdez Marcos on the sidelines of the 48th ASEAN Summit in Cebu, the Philippines, the Thai Prime Minister's Office said on Thursday.

Anutin discussed the situation along the Thai-Cambodian border with Cambodian and Philippine leaders, said Ratchada Thanadirek, spokesperson for the office.

"I just had a friendly and candid discussion with Prime Minister Hun Manet. We both reaffirm that we will jointly endeavor to move towards peace through dialogue," Anutin said at a joint press conference held after the trilateral talk.

"Prime Minister Hun Manet and I agreed to assign our foreign ministers to work together closely on a list of practical confidence-building measures," Anutin added.

Hun Manet, for his part, described the talks as reflecting "a collective resolve for lasting peace."

He said discussions focused on de-escalation and trust-building measures to restore and consolidate a functioning framework for lasting peace and normalized relations. **Xinhua**

# Airlines facing 'worse than Covid' crisis – AirAsia CEO

WASHINGTON May 7

The steep rise in jet fuel prices caused by the US-Israeli war on Iran is posing a bigger challenge to the global airline industry than the COVID-19 pandemic did, according to AirAsia CEO Tony Fernandes.

In response to the US-Israeli aggression, Tehran has closed the Strait of Hormuz – a choke point through which around 20 percent of global crude passes – to "enemy ships." US President Donald Trump has meanwhile imposed a blockade on Iranian ports. Massive maritime traffic disruptions have sent global oil prices above US$-100 a barrel, resulting in a spike in jet fuel prices as well.

In an interview with the Financial Times on Thursday, Fernandes said he thought he had "seen it all with Covid… but having seen jet fuel go up almost three times – this is much worse."

"You wake up one day and your major cost has tripled – it was quite a new experience for me and I've been through a lot in my life," the AirAsia CEO added.

Last week, Ryanair CEO Michael O'Leary similarly predicted that "if it continues at US$-150 a barrel into July, August, September, then you'll see European airlines fail."

According to the aviation analytics company Cirium, carriers have cut 13,000 flights from May schedules worldwide.

Germany's Lufthansa has announced the cancellation of 20,000 short-haul flights through October, while Scandinavian Airlines has recently axed around 1,000 flights.

Turkish Airlines and Air China have taken similar steps, among numerous other carriers.




Last Saturday, US-based low-cost carrier Spirit Airlines said it was shutting down due to the sudden and sustained rise in fuel prices in recent weeks. The closure of the seventh-largest passenger carrier in North America is expected to leave around 17,000 people without work.

Kirill Dmitriev, Russian President Vladimir Putin's special envoy for investment and economic cooperation, said on X that the "global aviation shock is spreading quickly and is a HARBINGER of the more severe shocks to come in other sectors."

**RT**

# Seven Filipino injured in drone attack on ship in Strait of Hormuz

MANILA May 7

Seven Filipino seafarers were injured after a drone attack struck the container ship "San Antonio" in the Strait of Hormuz on Tuesday, the Philippines' Department of Migrant Workers said Thursday.

In a statement, Migrant Workers Secretary Hans Leo Cacdac said the seven Filipinos were among the crew members hurt when a drone hit the vessel.

Cacdac said the Filipino crew members survived the attack and are currently receiving treatment in an undisclosed hospital in the region for burns and gas inhalation caused by the explosion triggered by the drone strike.

Of the seven injured Filipino seafarers, Cacdac said four sustained minor injuries while three remain under intensive care.

The incident comes amid heightened tensions in the Middle East, particularly around the Strait of Hormuz, a vital global shipping route.

**Xinhua**

# Seven killed, two injured in head-on crash in S. Iraq

BAGHDAD May 7

Seven people were killed and two others seriously injured on Thursday due to a head-on crash between a passenger vehicle and a truck in southern Iraq's province of al-Qadisiyah.

Lieutenant Colonel Abdul Jabbar Hussein from the country's traffic directorate told Xinhua that the cause of the collision in the town of al-Budayr was "excessive speed and non-compliance with traffic regulations."

The injuries have been sent to hospital for emergency treatment, Hussein said.

Traffic accidents are common in Iraq due to poor road conditions and widespread disregard for safety regulations.

**Xinhua**

# Trump reverses Hormuz plan after Saudi Arabia suspends U.S. access to bases, airspace: NBC

WASHINGTON May 7

U.S. President Donald Trump abruptly reversed his plan to escort ships through the Strait of Hormuz after Saudi Arabia blocked U.S. use of its bases and airspace for the operation, NBC News reported Wednesday, citing two U.S. officials.

Trump's announcement of "Project Freedom" on social media reportedly angered Saudi leadership, the report said.

A call with Saudi Crown Prince Mohammed bin Salman Al Saud failed to resolve the issue, forcing Trump to pause the plan to restore U.S. military access to the critical airspace.

**Xinhua**

# Kallas' remarks on US troop withdrawal from Germany show western dependence on US - Moscow

MOSCOW May 7

Remarks by EU foreign policy chief Kaja Kallas about the unexpected nature of the US decision to withdraw troops from Germany confirm that Washington makes the key decisions in the West, Russian Foreign Ministry spokeswoman Maria Zakharova said on Thursday.

"It is simply a statement of fact: there is no solidarity within the EU and NATO, but rather a harsh command-and-administrative dictatorship headed by the United States of America, or the Anglo-Saxon duo, one could say," Zakharova told a media briefing.

On Monday, Kallas said that the United States' decision to withdraw 5,000 troops from Germany had come as a surprise to the European Union.

US President Donald Trump announced the planned reduction of American forces in Germany by 5,000 troops on May 2. The announcement came after German Chancellor Friedrich Merz made critical remarks about the US military campaign against Iran, pointing to a lack of clear strategy from Washington.

**Sputnik**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 50 Questions 2 (do you know where … ? / he asked me where …)

**A** Do you **know where** … ? / **I don't know why** … / **Could you tell me what** … ? etc.

We say: Where **has Tom** gone?

but **Do you know** where **Tom has** gone? (not has Tom gone)

When the question **(Where has Tom gone?)** is part of a longer sentence (**Do you know** … ? / **I don't know** … / **Can you tell me** … ? etc.), the word order changes. We say:

- What time **is it?** but **Do you know** what time **it is**?
- Who **are those people**? **I don't know** who **those people are**.
- Where **can I** find Louise? **Can you tell me** where **I can** find Louise?
- How much **will it** cost? **Do you have any idea** how much **it will** cost?

Be careful with **do/does/did** questions. We say:

- What time **does the film start**? but **Do you know** what time **the film starts**? (not does the film start)
- What **do you mean**? **Please explain** what **you mean**.
- Why **did she leave** early? **I wonder** why **she left** early.

Use **if** or **whether** where there is no other question word **(what, why etc.)**:

- Did anybody see you? but I don't know **if** anybody saw me. or … **whether** anybody saw me.

**B** **He asked me where …**

The same changes in word order happen in questions in reported speech. Compare:

- direct: The police officer said to us 'Where **are you going** ?'
  reported: The police officer asked us where **we were going** .
- direct: Clare asked 'What time **do the shops close** ?'
  reported: Clare wanted to know what time **the shops closed** .

In reported speech the verb usually changes to the past (**were, closed** etc.). See Unit 47.

Study these examples. You had a job interview and the interviewer asked you these questions:




Later you tell a friend what the interviewer asked you. You use reported speech:

- She asked if (or whether) **I was** willing to travel.
- She wanted to know what **I did** in my spare time.
- She asked how long **I had been working** in my present job.
- She asked why **I had applied** for the job. or … why I **applied** …
- She wanted to know if (or whether) **I could** speak any other languages.
- She asked if (or whether) **I had** a driving licence.

Reported speech ⟶ Units 47–48

Raymond Murphy





ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့်တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများ ရေတပ်သားဘာသာရပ်ဆိုင်ရာ ကြိုးချည်ကြိုးထိုးသင်ခန်းစာများ လေ့ကျင့်သင်ကြားနေမှုကိုတွေ့ရစဉ်။



ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့်တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများ ရေကူးဘာသာရပ်၌ပါဝင်သည့် ခြေခတ်၊ လက်ဆွဲမြေပြင် သင်ခန်းစာလေ့ကျင့်သင်ကြားနေမှုကိုတွေ့ရစဉ်။

❐ ကျောဖုံးမှအဆက်

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရေတပ်သားဘာသာရပ်၌ပါဝင်သည့် ရေကြောင်းဝေါဟာရ၊ ကျောက်ဆူးနှင့် ကျောက်ကြိုးသင်ခန်းစာ၊ ရေယာဉ်ကိုင်တွယ်မောင်းနှင်မှုနှင့် တက်မထိန်းသင်ခန်းစာ၊ ရေကူးဘာသာရပ်၌ပါဝင်သည့် ခြေခတ်၊ လက်ဆွဲမြေပြင်သင်ခန်းစာ၊ ပက်လက်ကူး၊ ပေါင်းစပ်ကူးခပ်ခြင်း၊ မှောက်လျက်ကူး သင်ခန်းစာများကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၉၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ရှိ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၁၀၀ ဦး၊ ကိုကိုးကျွန်းမြို့ရှိရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး၊ ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၁၂၀ ဦး၊ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၀ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့ရှိရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၀ ဦး၊ ပုသိမ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၅ဦး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှသင်တန်းသား၊ သင်တန်းသူ ၆၀ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဟိန်းဇဲဒေသရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၄၀ ဦး၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၀ ဦး၊ ကျွန်းစုမြို့ရှိရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၀ ဦးနှင့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၇၅ဦးတို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၂၀ ခုတွင် စုစုပေါင်းသင်တန်းသား ၁၀၄၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိရာ မှော်ဘီမြို့ရှိ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်းမှ သင်တန်းသား ၆၃ ဦး၊ ရန်ကုန်မြို့ရှိ ရန်ကုန်သင်တန်းစခန်းမှ သင်တန်းသား ၅၀ ဦး၊ နမ့်စန်မြို့ရှိ နမ့်စန်သင်တန်းစခန်းမှ သင်တန်းသား ၅၀ ဦး၊ တောင်ကြီးမြို့ရှိ တောင်ကြီးသင်တန်းစခန်းမှသင်တန်းသား ၆၀ ဦး၊ တောင်ငူမြို့ရှိ တောင်ငူသင်တန်းစခန်းမှ သင်တန်းသား ၆၀ ဦး၊ မုံရွာမြို့ရှိ မုံရွာသင်တန်းစခန်းမှ သင်တန်းသား ၅၀ ဦး၊ ပုသိမ်မြို့ရှိ ပုသိမ်သင်တန်းစခန်းမှ သင်တန်းသား ၅၃ ဦး၊ မိတ္ထီလာမြို့ရှိ မိတ္ထီလာသင်တန်းစခန်းမှ သင်တန်းသား ၅၀ ဦး၊ နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦးနှင့် ကျိုင်းတုံမြို့ရှိ ကျိုင်းတုံသင်တန်းစခန်းမှ သင်တန်းသား ၅၀ ဦးတို့အား အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းလူငယ်သမိုင်းဘာသာရပ်၊ လေကြောင်းပညာ သမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာအခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး၊ ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ ရဟတ်ယာဉ် မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များကို တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကျန်သင်တန်းစခန်းအသီးသီးတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြား ပို့ချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)









လေကြောင်းလူငယ်အခြေခံသင်တန်းနှင့်တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများ စာတွေ့လက်တွေ့လေ့ကျင့်သင်ကြားနေမှုကိုတွေ့ရစဉ်။

## နေ့စဉ်လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့်အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကိုလျော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကိုလျော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

## တောင်ကိုရီးယားတွင် ပြည်တွင်း၌ ကူးစက်သည့် Oz ဗိုင်းရပ်ကူးစက်မှုကို ပထမဆုံးအကြိမ် တွေ့ရှိ

**ဆိုး၊ ကျန်းမာရေး**

တောင်ကိုရီးယားနိုင်ငံတွင် မွှားကောင်မှတစ်ဆင့်ကူးစက်သည့် Oz ဗိုင်းရပ်ကူးစက်မှုကို ပြည်တွင်း၌ ပထမဆုံးအကြိမ်တွေ့ရှိကြောင်း ကျန်းမာရေးတာဝန်ရှိသူများက မေလ ၇ ရက်တွင် အတည်ပြုထုတ်ပြန်ထားသည်။

ဗိုင်းရပ်ကူးစက်ခံရသူမှာ အသက် ၈၀ ကျော်ရှိအမျိုးသမီးတစ်ဦးဖြစ်ကာ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ဖျားနာခြင်း၊ ချမ်းတုန်ခြင်းနှင့် ကြွက်သားများ နာကျင်ခြင်းတို့ကိုခံစားခဲ့ရခြင်းဖြစ်သည်။ ၎င်းသည် ပြည်ပခရီးသွားရာဇဝင်မရှိဘဲ ပြည်တွင်း၌သာနေထိုင်သူဖြစ်ကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ကာကွယ်ရေးအေဂျင်စီကဆိုသည်။

Ozဗိုင်းရပ်ကို ၂၀၁၈ ခုနှစ်တွင် ဂျပန်နိုင်ငံရှိ မွှားကောင်များ၌ စတင်တွေ့ရှိခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် ဂျပန်၌ထိုဗိုင်းရပ်ကြောင့် လူသေဆုံးမှုဖြစ်ပွားပြီးနောက် လူသားများကို ကူးစက်နိုင်သည့် အန္တရာယ်ရှိဗိုင်းရပ်အဖြစ်သတိပြုမိလာခြင်းဖြစ်သည်။ ယခင်က ဂျပန်နိုင်ငံပြင်ပတွင် အဆိုပါဗိုင်းရပ်ကူးစက်မှုကို မတွေ့ရှိရသော်လည်း ယခုအခါ တောင်ကိုရီးယားနိုင်ငံတွင်ပါ တွေ့ရှိခြင်းဖြစ်သည်။ **Ref: ST**

## ထိုင်းဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ်တို့ ရှားရှားပါးပါးတွေ့ဆုံပြီး နယ်စပ်တင်းမာမှုများလျှော့ချရန်ဆွေးနွေး




**စီဘူး၊ နိုင်ငံရေး**

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ဝန်ကြီးချုပ်တို့သည် ဖိလစ်ပိုင်နိုင်ငံ၌ မေလ ၇ ရက်တွင်ကျင်းပသည့် အာဆီယံအစည်းအဝေး၌ ရှားရှားပါးပါးတွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်တင်းမာမှုများလျှော့ချရန်နှင့် ငြိမ်းချမ်းရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရန် ဆွေးနွေးကြောင်းသိရသည်။

၂၀၂၅ ခုနှစ်တွင်ဖြစ်ပွားသော နယ်စပ်ပဋိပက္ခများကြောင့် နှစ်ဖက်စလုံးတွင် ထိခိုက်သေဆုံးမှုများရှိခဲ့ပြီးနောက် ယခုကဲ့သို့ ထိပ်သီးခေါင်းဆောင်များ၏တွေ့ဆုံမှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

အိမ်နီးချင်းနိုင်ငံများကြား ပဋိပက္ခဖြစ်ပွားခြင်းသည် နှစ်ဖက်စလုံးအတွက်ဆုံးရှုံးမှုများသာဖြစ်ပေါ်စေကြောင်းနှင့် နောင်တွင် ယခုကဲ့သို့တင်းမာမှုများ ထပ်မံမဖြစ်ပွားစေရန် နားလည်မှုတည်ဆောက်သွားမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်ကပြောသည်။

ထို့ပြင် အဆိုပါနယ်စပ်ပဋိပက္ခများတွင် ဒေသခံများအပြား အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည့်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍လည်း နှစ်နိုင်ငံခေါင်းဆောင်များကထည့်သွင်းဆွေးနွေးသည်။

ယခုတွေ့ဆုံမှုသည် နှစ်နိုင်ငံကြားပျက်ပြားနေသောဆက်ဆံရေးကို ပြန်လည်ကုစားရန်နှင့် နယ်စပ်ဒေသများတွင်တပ်ဖြန့်ထားမှုများကို လျှော့ချနိုင်ရန်တို့အတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်လာသည့်အပြင် နယ်စပ်လုံခြုံရေးကိုပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ခေါင်းဆောင်များက ကတိပြုကြောင်းသိရသည်။ **Ref: ST**

## အင်ဒိုနီးရှားနိုင်ငံ၌ IS အဖွဲ့နှင့်ဆက်နွှယ်သည့် သံသယရှိသူရှစ်ဦးကို ဖမ်းဆီး

**ဂျကာတာ၊ ပြည်တွင်းရေး**

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း ဆူလာဝေစီပြည်နယ်တွင် IS အဖွဲ့နှင့်ဆက်နွှယ်နေသည့် အစွန်းရောက်အုပ်စုတစ်ခုမှ သံသယရှိသူရှစ်ဦးကို ရဲတပ်ဖွဲ့က မေလ ၆ ရက် နံနက်အစောပိုင်းတွင် ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်းသိရသည်။

အင်ဒိုနီးရှား၏အကြမ်းဖက်မှုတိုက်ဖျက်ရေးအထူးတပ်ဖွဲ့ဖြစ်သည့် Densus 88 က ပါရီဂီမောင်တွန်နှင့် ပိုဆိုဒေသတို့၌ စီးနင်းမှုများပြုလုပ်ခြင်းဖြစ်သည်။ ထိုစီးနင်းမှုများအတွင်း အသက် ၂၉ နှစ်မှ ၄၇ နှစ်ကြားရှိ အမျိုးသားရှစ်ဦးကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူက အတည်ပြုပြောသည်။

ဖမ်းဆီးရမိသူများသည် IS အဖွဲ့နှင့်ဆက်နွှယ်နေသော Mujahidin Indonesia Timur (MIT) အဖွဲ့ဝင်များဖြစ်ပြီး ပုန်းအောင်းလှုပ်ရှားနေသည့် အဖွဲ့ဝင်များဖြစ်သည်ဟု ယူဆရသည်။ ၎င်းတို့သည် အစွန်းရောက်ဝါဒဖြန့်ဗီဒီယိုများနှင့် အကြောင်းအရာများကို ဖြန့်ဝေခြင်း၊ အကြမ်းဖက်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်ခြင်းတို့ လုပ်ဆောင်ကြောင်း သိရသည်။ **Ref: AGC**

## ဟန်တာဗိုင်းရပ် ကူးစက်ခံရသည်ဟု သံသယရှိသူများအနက် ငါးဦးတွင် ဗိုင်းရပ်တွေ့ရှိ

**ဂျီနီဗာ၊ ကျန်းမာရေး**

ပင်လယ်ကူးခရီးသည်တင်သင်္ဘော MV Hondius နှင့်ဆက်စပ်၍ ဟန်တာဗိုင်းရပ်ကူးစက်ခံရသည်ဟုသံသယရှိသူ ရှစ်ဦးအနက် ငါးဦးတွင် ဗိုင်းရပ်ကူးစက်မှုတွေ့ရှိကြောင်း ဓာတ်ခွဲခန်းစစ်ဆေးချက်များအရ အတည်ပြုနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေလ ၇ ရက်တွင် ထုတ်ပြန်သည်။

ဂျီနီဗာမြို့တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှညွှန်ကြားရေးမှူးချုပ်က ထိုသို့ကူးစက်မှုကြောင့် ပြည်သူ့ကျန်းမာရေးအပေါ် ခြိမ်းခြောက်မှုမှာ နည်းပါးဆဲဖြစ်ကြောင်းပြောသည်။ သို့သော် ဗိုင်းရပ်၏ရောဂါပျိုးချိန်မှာ ကြာမြင့်သည့်အတွက် နောက်ထပ်ကူးစက်ခံရသူများရှိလာနိုင်ခြေရှိသည်ကို သတိပြုကြောင်း ၎င်းကဆိုသည်။ ထိုသင်္ဘောပေါ်ရှိ နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ခရီးသည်များသည် စိန့်ဟယ်လီနာကျွန်းတွင် ဆင်းခဲ့ကြောင်း သိရသည်။ **Ref: AGC**

## အောင်ပွဲနေ့အခမ်းအနားကို နှောင့်ယှက်ပါက ဒုံးကျည်မိုးရွာမည်ဟု ရုရှားက ယူကရိန်းကို သတိပေး



**မော်စကို၊ စစ်ရေး**

ရုရှားနိုင်ငံ၏ အောင်ပွဲနေ့အခမ်းအနားများကိုနှောင့်ယှက်ရန် ကြိုးပမ်းလာပါက ကီယက်မြို့ကို ဒုံးကျည်မိုးရွာမည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ယူကရိန်းကို သတိပေးစကားပြောလိုက်သည်။ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက မေလ ၉ ရက်တွင်ကျရောက်မည့် (၈၁) နှစ်မြောက်မဟာမျိုးချစ်စစ်ပွဲ အောင်ပွဲနေ့အခမ်းအနားကို ယူကရိန်းဘက်က နှောင့်ယှက်ဖျက်ဆီးရန် စီစဉ်လာပါက တုံ့ပြန်မှုများပြုလုပ်မည်ဟု ပြောထားခြင်းဖြစ်သည်။

ထို့ကြောင့် ကီယက်မြို့ရှိ အရပ်သားများနှင့် နိုင်ငံခြားသံတမန်များသည် မြို့အတွင်းမှ အချိန်မီထွက်ခွာရန် ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏အကြံပြုချက်ကို အလေးအနက်ထား လိုက်နာသင့်ကြောင်း ၎င်းကဆိုသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ထိုအောင်ပွဲနေ့ကိုဂုဏ်ပြုသောအားဖြင့် မေလ ၈ ရက်နှင့် ၉ ရက်တို့တွင် အပစ်အခတ်ရပ်စဲရန်ကြေညာထားသည်။ ထိုအပစ်အခတ်ရပ်စဲရေးအစီအစဉ်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဧပြီလ ၂၉ ရက်တွင်ပြုလုပ်သည့် တယ်လီဖုန်းဖြင့်ဆွေးနွေးမှုတွင် ထောက်ခံခဲ့သော်လည်း ယူကရိန်းသမ္မတ ဇီလန်စကီက ပယ်ချခဲ့သည့်အပြင် ရုရှားနိုင်ငံ၏အခမ်းအနားများကို ဒရုန်းများဖြင့် တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ထားကြောင်း ရုရှားအစိုးရကပြောသည်။ **Ref: Sputnik**

## အမေရိကန်နှင့် အီရန်တို့ကြား သဘောတူညီချက် မကြာမီရရှိမည်ဟု ပါကစ္စတန်မျှော်လင့်

**အစ္စလာမ်မာဘတ်၊ နိုင်ငံရေး**

အမေရိကန်ပြည်ထောင်စုနှင့် အီရန်နိုင်ငံတို့ကြားဖြစ်ပေါ်လာနိုင်သည့် သဘောတူညီချက်တစ်ရပ်ကို မကြာမီရရှိမည်ဟု မျှော်လင့်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက မေလ ၇ ရက်တွင်ထုတ်ပြန်ထားသည်။


ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တာဟီဟူစိန်အန်ဒရာဘီက အပတ်စဉ်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်နှင့် အီရန်တို့ကြား ဆွေးနွေးမှုများနှင့်ပတ်သက်သည့် မေးမြန်းချက်ကိုပြန်ဖြေရာ၌ ထိုသို့ထည့်သွင်းပြောခြင်းဖြစ်သည်။ ထို့ပြင် နှစ်နိုင်ငံကြားသဘောတူညီချက်တစ်ရပ်ကို အမြန်ဆုံးမြင်တွေ့လိုကြောင်း ၎င်းကအလေးပေးပြောသည်။

အလားတူ ပါကစ္စတန်နိုင်ငံအနေဖြင့် အမေရိကန်နှင့်အီရန်တို့ကြား ဆွေးနွေးမှုများ အဆင်ပြေချောမွေ့စေရေးအတွက် ရိုးသားသော ကြားဝင်စေ့စပ်ပေးသူအဖြစ် ဆောင်ရွက်ပေးရန် အသင့်ရှိကြောင်းလည်း ပြောရေးဆိုခွင့်ရှိသူက ဆက်ပြောသည်။

ထိုနှစ်နိုင်ငံဆွေးနွေးပွဲကို မည်သည့်နေရာတွင်မဆိုပြုလုပ်သည်ဖြစ်စေ ပါကစ္စတန်အနေဖြင့်ကြိုဆိုမည်ဖြစ်ပြီး အကယ်၍ အစ္စလာမ်မာဘတ်မြို့တွင် ပြုလုပ်ဖြစ်ပါက နိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာဖြစ်မည်ဟုလည်း ပြောရေးဆိုခွင့်ရှိသူကပြောသည်။ **Ref: Xinhua**



# အာရှတိုက်မှ အလယ်အလတ်အင်အားစုများရဲ့ ခေတ်သစ်လုံခြုံရေးမဟာဗျူဟာ



ယနေ့ခေတ် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းဟာ အင်မတန်မှ ရှုပ်ထွေးလှသလို အထူးသဖြင့် အာရှ-ပစိဖိတ်ဒေသဟာ အင်အားကြီးနိုင်ငံတွေရဲ့ အားပြိုင်မှု အပြင်းထန်ဆုံး ဗဟိုချက်တစ်ခု ဖြစ်လာနေပါတယ်။ အရင်ကတော့ အာရှတိုက်မှာရှိတဲ့နိုင်ငံအများစုဟာ အမေရိကန်ရဲ့ စစ်ရေးကျောထောက်နောက်ခံကိုပဲ အကြွင်းမဲ့ယုံကြည်အားကိုးနေခဲ့ကြတာပါ။ ဒါပေမဲ့ အခုတော့ အဲဒီယုံကြည်မှုတွေဟာ တဖြည်းဖြည်းနဲ့ လျှော့ပါးလာနေပြီး ဒေသတွင်းရှိမဟာမိတ်နိုင်ငံတွေ ကြားမှာ "ကိုယ့်ကြမ္မာကိုယ်ဖန်တီးမှဖြစ်တော့မယ်" ဆိုတဲ့ အတွေးအခေါ်တွေ စိမ့်ဝင်လာနေပါတယ်။ အဲဒီ အခြေအနေကို အကောင်းဆုံးထင်ဟပ်ပြလိုက်တာက တော့ ဂျပန်ရဲ့မဟာဗျူဟာမြောက် ပြောင်းလဲမှုတွေ ပဲဖြစ်ပါတယ်။

ဂျပန်ဝန်ကြီးချုပ် ဆာနာအီတာကာအီချီအနေနဲ့ ပြီးခဲ့တဲ့လမှာပြောခဲ့ဖူးတဲ့ စကားတစ်ခွန်းရှိပါတယ်။ သူက "ဒီကနေ့ခေတ်လိုမျိုး လုံခြုံရေးအခြေအနေတွေ ပိုပြီးဆိုးရွားလာတဲ့အခါ ဘယ်နိုင်ငံကမှတစ်ဦးတည်း ရပ်တည်ပြီးကိုယ့်ရဲ့ငြိမ်းချမ်းရေးနဲ့လုံခြုံရေးကို မကာကွယ်နိုင်တော့ဘူး" လို့ ပြတ်ပြတ်သားသား ပြောလိုက်တာပါ။ ဒါဟာ ဂျပန်နိုင်ငံအနေနဲ့စစ်ပြီးခေတ်နောက်ပိုင်းကတည်းက ကျင့်သုံးလာခဲ့တဲ့ ငြိမ်းချမ်းရေးဝါဒီဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ကန့်သတ်ချက်တွေကို ကျော်လွန်ဖို့ကြိုးစားလိုက်တဲ့ အချက်ပြမှုတစ်ခုပါပဲ။ ဂျပန်ဟာ ဆယ်စုနှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် အဖြစ် အဆင့်မြင့်စစ်လက်နက်ပစ္စည်းတွေကို မဟာမိတ်နိုင်ငံတွေဆီတင်ပို့နိုင်ဖို့အတွက် ကန့်သတ်ချက်တွေကိုလျှော့ပေါ့ပေးလိုက်ပါတယ်။ အရင်ကတော့ သယ်ယူပို့ဆောင်ရေး၊ ကယ်ဆယ်ရေးနဲ့ စောင့်ကြည့်ရေးလိုမျိုး အသက်အန္တရာယ်မရှိတဲ့ ပစ္စည်းတွေကိုပဲ တင်ပို့ခဲ့တာပါ။ အခုတော့ ခေတ်မီစစ်လက်နက်နည်းပညာတွေကို မိတ်ဖက် ၁၇ နိုင်ငံဆီ လွှဲပြောင်းပေးနိုင်ဖို့ လမ်းဖွင့်ပေးလိုက်တာဟာ ဂျပန်နိုင်ငံရဲ့ ကာကွယ်ရေးမူဝါဒမှာ အကြီးမားဆုံး အပြောင်းအလဲလို့ဆိုရမှာပါ။

ဒီလို ပြောင်းလဲရတာဟာ ဂျပန်နိုင်ငံရဲ့လုံခြုံရေးအတွက်သာမက ဒေသတွင်းတည်ငြိမ်ရေးအတွက်ပါ မရှိမဖြစ်လိုအပ်လာတာကြောင့်ဖြစ်တယ်ဆိုပြီး ကာကွယ်ရေးဝန်ကြီး မီနိုရူကီဟာရာကအတည်ပြုပါတယ်။ ဂျပန်နိုင်ငံရဲ့ဒီခြေလှမ်းကို ဖိလစ်ပိုင်နဲ့ အမေရိကန်တို့ ပြုလုပ်တဲ့ "ဘာလီကာတန်" ပူးတွဲစစ်ရေးလေ့ကျင့်မှုမှာ အထင်အရှား မြင်တွေ့ခဲ့ရပါတယ်။ အဲဒီမှာ ဂျပန်ဟာ စစ်ပြီးခေတ်နောက်ပိုင်း ပထမဆုံးအဖြစ် စစ်သည်အင်အား ၁၄၀၀ ကျော်ပါဝင်တဲ့ တိုက်ခိုက်ရေးမစ်ရှင်တစ်ခုကိုစေလွှတ်ခဲ့ပါတယ်။ ဒါတင်မကဘဲ မြေပြင်ကနေ သင်္ဘောပစ်ဒုံးကျည်စနစ်တွေ၊ ရေပြင်ညီဆင်းသက်နိုင်တဲ့ လေယာဉ်တွေနဲ့ ခေတ်မီစစ်သင်္ဘောတွေကိုပါ အင်တိုက်အားတိုက်ထည့်သွင်းအသုံးပြုခဲ့တာတွေ့ရပါတယ်။

ဒီနေရာမှာမေးစရာရှိတာက ဂျပန်နိုင်ငံအနေနဲ့ ဘာကြောင့်ဒီလောက်အထိ အရှိန်အဟုန်နဲ့ပြောင်းလဲလာတာလဲဆိုတာပါပဲ။ တကယ်တော့ ဒါဟာ ဂျပန်တစ်နိုင်ငံတည်း စစ်အင်အားကြီးနိုင်ငံပြန်ဖြစ်လာတာ ထက်ပိုပါတယ်။ ဒေသတွင်းမှာ အမေရိကန်က မဟာမိတ်အနေနဲ့ တကယ်ကိုပဲအားကိုးရပါ့မလားဆိုတဲ့ သံသယတွေ ကြီးထွားလာတာကြောင့်ပါ။ တစ်ချိန်တည်းမှာပဲ တရုတ်နိုင်ငံက မဟာအင်အားကြီးနိုင်ငံအဖြစ်ကိုအရှိန်အဟုန်နဲ့တက်လာနေချိန်မှာ အမေရိကန်ရဲ့နိုင်ငံခြားရေးမူဝါဒတွေက တည်ငြိမ်မှုမရှိသလို ဖြစ်နေပါတယ်။ အဲဒါကြောင့် ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနဲ့ ဖိလစ်ပိုင်လိုနိုင်ငံတွေက အမေရိကန်အပေါ်ကိုသာ လုံးလုံးလျားလျားပုံအပ်မထားတော့ဘဲ သူတို့ကြားမှာ "အလယ်အလတ်အင်အားစု" မဟာမိတ်အုပ်စုငယ်တွေကို တည်ဆောက်လာပါတယ်။ ဒါဟာ အနာဂတ်မှာဖြစ်လာနိုင်တဲ့ "အမေရိကန်လွန် အာရှခေတ်" အတွက် ကြိုတင်ပြင်ဆင်မှုတွေထဲကတစ်ခုလို့ ဆိုနိုင်ပါတယ်။

အမေရိကန်ဘက်ကလည်း သူ့ရဲ့မူဝါဒကိုနှစ်ဖက်ခွပြီးကျင့်သုံးနေတာကို တွေ့ရပါတယ်။ တစ်ဖက်မှာ အာရှဒေသရှိ စစ်အခြေစိုက်စခန်းတွေကိုအသုံးပြုခွင့် ရဖို့ကြိုးစားနေသလို အခြားတစ်ဖက်မှာတော့ မဟာမိတ်နိုင်ငံတွေကို ကိုယ့်အားကိုယ်ကိုးဖို့ ဖိအားပေးနေပါတယ်။ အထူးသဖြင့် ဒေါ်နယ်ထရမ့်လက်ထက်မှာ အမေရိကန်ရဲ့ မူဝါဒဟာ "ကုန်ကျစရိတ်သက်သာတဲ့ လွှမ်းမိုးမှု"အသွင်ကို ကူးပြောင်းသွားပါတယ်။ ဆိုလိုတာက ရှေ့တန်းရှိမဟာမိတ်တွေအနေနဲ့ အမေရိကန်ဆီက အကူအညီကို အကန့်အသတ်နဲ့ပဲရမယ်၊ ကာကွယ်ရေးအသုံးစရိတ်ကို ကိုယ့်ဘာသာကိုယ် ပိုပြီး ဝေမျှကျခံရမယ်လို့ အတိအလင်းပြောထားတာပါ။ ဒါ့အပြင် အမေရိကန်ဟာ မဟာမိတ်တွေကို အမေရိကန်ထုတ်စစ်လက်နက်တွေ ပိုဝယ်ဖို့နဲ့ အရေးပါတဲ့ စစ်လက်နက်ပစ္စည်းတွေကိုလက်ခံပေးထားဖို့ ဖိအားပေးနေပါတယ်။

ဖိလစ်ပိုင်နိုင်ငံကလည်း ဒီကစားကွက်မှာ အရေးပါတဲ့နေရာကပါဝင်နေပါတယ်။ အရင်းအမြစ်နည်းတဲ့ ဖိလစ်ပိုင်ဟာ အမေရိကန်ကို စစ်စခန်းတွေပိုအသုံးပြုခွင့်ပေးရုံတင်မကဘဲ တရုတ်ကိုတန်ပြန်မယ့် ဒုံးကျည်တံတိုင်းကြီးမဟာဗျူဟာမှာ အရေးပါတဲ့ "တိုင်ဖွန်း" ဒုံးကျည်တွေကိုပါလက်ခံထားဖို့ သဘောတူခဲ့ပါတယ်။ ဒါပေမဲ့ အမေရိကန်ရဲ့ ဦးဆောင်မှုအပေါ် ယုံကြည်မှုက အီရန်နဲ့ဖြစ်တဲ့စစ်ပွဲအတွင်း သိသိသာသာလျော့နည်းသွားပါတယ်။ အဲဒီစစ်ပွဲက အမေရိကန်ရဲ့ လက်နက်ခဲယမ်းအင်အားစုဆောင်းမှု ဘယ်လောက်အားနည်းနေလဲဆိုတာနဲ့ မဟာမိတ်တွေကို အီရန်ရဲ့တိုက်ခိုက်မှုဒဏ်ကနေ ထိရောက်အောင် မကာကွယ်နိုင်တာကို သက်သေပြလိုက်သလိုဖြစ်ပါတယ်။ ဒါ့အပြင် အီရန်က ရေလမ်းကြောင်းတွေကို ပိတ်ဆို့လိုက်တဲ့အခါ အာရှမဟာမိတ်တွေဟာ စွမ်းအင်အခက်အခဲနဲ့ စီးပွားရေးရိုက်ခတ်မှုတွေကို ဆိုးရွားစွာခံစားခဲ့ရပါတယ်။

ဒီအခြေအနေတွေကြောင့် နိုင်ငံတချို့ဟာ ရုရှားဆီကနေရေနံဝယ်တာနဲ့ အီရန်နဲ့တိုက်ရိုက်ညှိနှိုင်းတာတွေအထိလုပ်လာပါတယ်။ စင်ကာပူကလည်း အာရှမှာ စစ်ပွဲဖြစ်လာရင် အမေရိကန်ဘက်ကပဲ အပိုင်ရပ်တည်ပေးမယ်လို့ အာမ မခံကြောင်းပြောပါတယ်။ ဒါကြောင့် အာရှနိုင်ငံတွေဟာ အချင်းချင်းကြားမှာ မဟာမိတ်ဖွဲ့တာကိုအရှိန်မြှင့်နေကြတာပါ။ ဂျပန်က နည်းပညာတွေမျှဝေနေသလို ဖိလစ်ပိုင်ကလည်း တောင်ကိုရီးယား၊ အိန္ဒိယနဲ့ ဥရောပနိုင်ငံတွေဆီမှ အဆင့်မြင့်လက်နက်တွေဝယ်ဖို့ ကြိုးစားနေပါတယ်။ အီရန်စစ်ပွဲမှာ အမေရိကန်ရဲ့ ဈေးကြီးတဲ့ ဒုံးကျည်ကာကွယ်ရေးစနစ်တွေ ထိရောက်မှုမရှိတာကြောင့်လည်း မဟာမိတ်တွေဟာ ဒရုန်းထုတ်လုပ်ရေးလိုမျိုး လက်တွေ့ကျတဲ့တခြား ရွေးချယ်စရာတွေကို ရှာလာကြပါတယ်။

ဒီလို အလယ်အလတ်အင်အားစုတွေရဲ့ စုဖွဲ့မှုဟာ စစ်ရေးလက်နက်တပ်ဆင်ရုံတင်မကဘဲ စီးပွားရေးနဲ့ နည်းပညာကွင်းဆက်တွေကိုပါ အင်အားကြီးနိုင်ငံတွေ အပေါ် အလွန်အကျွံမှီခိုနေရတာမျိုးမဖြစ်အောင် ကြိုတင်ကာကွယ်တဲ့ မဟာဗျူဟာဖြစ်လာပါတယ်။ တစ်ချိန်တည်းမှာပဲ အာရှနိုင်ငံတွေဟာ အမေရိကန်ရဲ့ အဆင့်မြင့် ဒုံးကျည်ကာကွယ်ရေးစနစ်တွေကဈေးကြီးပြီး လက်တွေ့မှာ အလုံးအရင်းနဲ့တိုက်ခိုက်မှုကို မကာကွယ်နိုင်တာကိုသင်ခန်းစာယူကာ ကိုယ်ပိုင်ဒရုန်းနည်းပညာနဲ့ ကုန်ကျစရိတ်သက်သာတဲ့ ကာကွယ်ရေးစနစ်တွေကို ဥရောပနိုင်ငံတွေနဲ့ ပူးပေါင်းထုတ်လုပ်ဖို့ပိုပြီး အာရုံစိုက်လာကြပါတယ်။

ဒီအခြေအနေအရပ်ရပ်ကို ခြုံငုံကြည့်မယ်ဆိုရင် အာရှ-ပစိဖိတ်ဒေသရဲ့ အနာဂတ်ဟာ အရင်ကလိုမျိုး မဟာအင်အားကြီးနိုင်ငံတွေကပဲ စိတ်ကြိုက်ပုံဖော်မယ့် ခေတ်မဟုတ်တော့ဘဲ ဒေသတွင်းနိုင်ငံတွေရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်တွေကပိုပြီး အဆုံးအဖြတ်ပေးလာမယ့် အသွင်ဆောင်လာပါတယ်။ အထူးသဖြင့် ဂျပန်၊ ဖိလစ်ပိုင်နဲ့ တောင်ကိုရီးယားတို့လိုနိုင်ငံတွေဟာ အမေရိကန်ရဲ့ အကာအကွယ်ကိုသာ စောင့်မျှော်နေတာမျိုး မဟုတ်ဘဲ မိမိတို့ရဲ့စစ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်တာ၊ လက်နက်နည်းပညာတွေ အပြန်အလှန်ဖလှယ်တာနဲ့ စစ်ရေးသဘောတူညီချက်အသစ်ချုပ်ဆိုတာတွေကို ပိုမိုတက်ကြွစွာ လုပ်ဆောင်လာကြပါတယ်။ ဒါဟာ အမေရိကန်ရဲ့နိုင်ငံခြားရေးမူဝါဒ ရုတ်တရက်ပြောင်းလဲသွားရင်တောင် ဒေသတွင်းတည်ငြိမ်မှုကို မပြိုလဲအောင် ထိန်းထားနိုင်မယ့် "လုံခြုံရေးကွန်ရက်" တစ်ခုကို တည်ဆောက်နေခြင်းလည်းဖြစ်ပါတယ်။

**Ref: SCMP**

**ထက်မြတ်**

# ထရမ့်က သင်္ဘောများ စောင့်ရှောက်ပေးမည့် အစီအစဉ်ကို ပြန်လည်ရုပ်သိမ်း

**ဝါရှင်တန်၊ စစ်ရေး**

ဆော်ဒီအာရေဗျနိုင်ငံက အမေရိကန်၏ စစ်စခန်းများနှင့် လေပိုင်နက်အသုံးပြုခွင့် ပိတ်ပင်လိုက်ပြီးနောက် ဟော်မုရေလက်ကြားမှသင်္ဘောများကို လိုက်ပါစောင့်ရှောက်ပေးမည့်အစီအစဉ်ကို သမ္မတ ဒေါ်နယ်ထရမ့်က ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း NBC သတင်းဌာနက မေလ ၆ ရက်တွင် ဖော်ပြထားသည်။

ထရမ့်သည် Project Freedom အမည်ရှိ အစီအစဉ်ကို လူမှုကွန်ရက်တွင် ကြေညာခဲ့ခြင်းကြောင့် ဆော်ဒီခေါင်းဆောင်ပိုင်းကို ဒေါသထွက်စေခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူနှစ်ဦးကပြောသည်။ ထိုပြဿနာကို ဖြေရှင်းနိုင်စေရေးအတွက် ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန်နှင့် တယ်လီဖုန်းဖြင့်ဆွေးနွေးခဲ့သော်လည်း အဆင်မပြေခဲ့ကြောင်း၊ ထို့ကြောင့် အမေရိကန်အနေဖြင့် အရေးပါသော လေပိုင်နက်အား ပြန်လည်အသုံးပြုခွင့်ရရှိနိုင်စေရန် အဆိုပါအစီအစဉ်ကို ရပ်တန့်ခဲ့ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများ၏ ပြောဆိုချက်များကို ကိုးကား၍သတင်းဌာနကဖော်ပြထားသည်။

အမေရိကန်သမ္မတအနေဖြင့် ထိုကဲ့သို့ အရေးကြီးသော အစီအစဉ်ကို ဆော်ဒီအာရေဗျအစိုးရနှင့် ကြိုတင်ညှိနှိုင်းခြင်းမရှိဘဲ လူသိရှင်ကြားထုတ်ဖော်ကြေညာလိုက်ခြင်းကြောင့် ဆော်ဒီအာရေဗျဘက်က အမေရိကန်၏စစ်စခန်းများနှင့် လေပိုင်နက်တို့ကို အသုံးပြုခွင့် ပိတ်ပင်ခြင်းဖြစ်ကြောင်း လေ့လာသူများကပြောသည်။

**Ref: Xinhua**

# ဖယ်ခုံမြို့နယ်နှင့်မိုးဗြဲမြို့နယ်တို့မှ နေရပ်ပြန်ပြည်သူများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ထောက်ပံ့ပေးအပ်

ကလော မေ ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့တွင် ကလောမြို့မှ ဖယ်ခုံမြို့သို့သွားရောက်ပြီး ဖယ်ခုံမြို့ သဒ္ဓမ္မသဒ္ဓိပရိယတ္တိစာသင်တိုက် ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး မြို့နယ်ခန်းမ၌ ဖယ်ခုံမြို့နယ်နှင့်မိုးဗြဲမြို့နယ်တို့သို့ နေရပ်ပြန်ရောက်ရှိလာသော ပြည်သူများအား တွေ့ဆုံကာ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်သည်။



နေရပ်ပြန်ပြည်သူများအနက် အသက် ၇၅ နှစ်အထက် သက်ကြီးဘိုးဘွား ၂၀၆ ဦးအတွက် ငွေကျပ် ၆၁၈၀၀၀၀၊ အသက် ၅ နှစ်အောက် ကလေး ၄၈၄ ဦးအတွက် ငွေကျပ် ၁၄၅၂၀၀၀၀၊ ကိုယ်ဝန်ဆောင် ၃၂ ဦးအတွက် ငွေကျပ် ၉၆၀၀၀၀ စုစုပေါင်းထောက်ပံ့ငွေကျပ် ၂၁၆၆၀၀၀၀ နှင့် နေရပ်ပြန်ပြည်သူအိမ်ထောင်စု ၁၈၁၆ စုမှလူဦးရေ ၆၅၂၀ အတွက် ဆန်ရိက္ခာဖိုးတစ်လစာ ငွေကျပ် ၁၃၀၄၀၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုး ၁၈၁၆ အိမ်ထောင်စုစာနှင့် တာပေါ်လင်ထုပ် ၆၁ ထုပ်တို့ကို ပြည်ထောင်စုဝန်ကြီးနှင့် နယ်မြေခံ တပ်နယ်မှူး၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ လီဆူတိုင်းရင်းသားရေးရာ ဝန်ကြီး၊ ကယန်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်သူများ လက်ဝယ်သို့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေရပ်ပြန်ပြည်သူများကို အားပေးစကားပြောကြားပြီး ဖယ်ခုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဖယ်ခုံပြည်သူ့ဆေးရုံ၌ ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် ညောင်ရွှေမြို့သို့ သွားရောက်၍ မန္တလေးငလျင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်မှုအဖြစ် အာဆီယံနိုင်ငံများက AHA Center မှတစ်ဆင့် လှူဒါန်းသောအလှူငွေများဖြင့်ဆောင်ရွက်ခဲ့သော အသင့်တပ်ဆင်စာသင်ဆောင်များ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# မကွေးမြို့၌ အောင်သစ်လွင်ဈေးသစ်ဖွင့်လှစ်

မကွေး မေ ၇

မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်မေတ္တာရပ်ကွက် သစ်တောလမ်းရှိ အောင်သစ်လွင်ဈေးသစ်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဈေးသစ်တည်ရှိရာနေရာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေးနှင့် အခြေခံလိုအပ်ချက်များဖြစ်သည့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့်အခြေခံအဆောက်အဦများ ပြည့်စုံစေရန် ပြည်သူ့အသံကိုနားထောင်၍ အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ယခုအောင်သစ်လွင်ဈေးသစ်ကြီးသည် ပြည်သူလူထု၏ အခြေခံလိုအပ်ချက်ထဲမှအဓိကကျသော အဆောက်အအုံတစ်ခုဖြစ်သည့်အတွက် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက အောင်သစ်လွင်ဈေး တည်ဆောက်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့က ဈေးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖွင့်ပွဲတွင်ကူညီပါဝင်အားဖြည့်ပေးသော ပန်းဖွားအဖွဲ့နှင့် ဘင်ခရာအဖွဲ့တို့ကို ဂုဏ်ပြုဆုငွေများပေးအပ်ကာ ဈေးသစ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**



# အီရတ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူသုံးဦးအား အမိနိုင်ငံသို့ပြန်လည်ခေါ်ဆောင်



ရန်ကုန် မေ ၇

နိုင်ငံတော်အစိုးရသည် ပြည်ပတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ အခက်အခဲများကြုံတွေ့လာပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေတွင်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာနိုင်ငံများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ အီရတ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မဝင်းဝင်းအေး၊ မဝိုင်းသစ္စာနှင့် မနွယ်နီမြင့်တို့ကို အမိနိုင်ငံသို့ ပို့ဆောင်နိုင်ရန် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် အီရတ်နိုင်ငံမှ အစိုးရအဖွဲ့အစည်းများ၊ IOM အဖွဲ့တို့နှင့် ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်မှုဖြင့် မေလ ၆ ရက်တွင်ဘဂ္ဂဒတ်မြို့မှလေကြောင်းလိုင်းဖြင့်ထွက်ခွာခဲ့ရာ မေလ ၇ ရက် ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အမိနိုင်ငံသားများ ပြည်ပတွင်အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရပါက မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့ကို လှိုက်လှဲစွာကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ဓာတ်ပုံ-ကနူး -**
**ညိမ်းသူ(သတင်းစဉ်)**

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

နေပြည်တော် မေ ၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS)အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဧပြီလ ၂၇ ရက်မှ မေလ ၃ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း (၂၄ ဒသမ ၆၁၃၈ ) တန်၊ သစ်မာ (၃ ဒသမ ၂၂၃၂) တန်၊ အခြား (၁၄ ဒသမ ၅၂၄၆)တန်၊ စုစုပေါင်း (၄၂ ဒသမ ၃၆၁၆)တန်၊ ယာဉ်/ယန္တရား (၄)စီး၊ တရားခံ (၅)ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှသိရသည်။

မြဝတီ



**⊃ ကျောဖုံးမှအဆက်**

ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးက စပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်က စပါးခေါင်နှံကောက်၍ မျိုးသန့်ရွေးချယ်ထိန်းသိမ်းစိုက်ပျိုးခြင်းကို အသိပညာပေးဆွေးနွေးပြီးနောက် စပါးစိုက်ခင်းမှ စပါးခေါင်နှံရယူခြင်းကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် တောင်သာအုပ်စု သူငွေးကုန်းကျေးရွာ မီးဘေးကြောင့် ထိခိုက်ပျက်စီးနေအိမ်များအားထောက်ပံ့



နေပြည်တော် မေ ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် တောင်သာအုပ်စု သူငွေးကုန်းကျေးရွာ မီးဘေးကြောင့် ထိခိုက်ပျက်စီးနေအိမ်ရှစ်လုံးအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ထိုသို့ထောက်ပံ့ရာတွင် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ ဘေးသင့်လူဦးရေ ၃၁ ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၁၅၅၀၀၀၊ သေဆုံးသူတစ်ဦးအတွက် ထောက်ပံ့ငွေကျပ်သုံးသိန်း၊ ဒဏ်ရာရသူနှစ်ဦးအတွက် ထောက်ပံ့ငွေကျပ်တစ်သိန်း စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၅၅၅၀၀၀ နှင့် အိမ်ထောင်စု ၁၃ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၃ ပုံးကို ခေတ္တကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည့် သူငွေးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ ဘေးသင့်ပြည်သူများထံ သွားရောက်ထောက်ပံ့၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရုတ်နိုင်ငံသား ၃ ဦး ဖမ်းဆီးရမိ



ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့နယ် အတွင်း မေလ ၆ ရက်နေ့တွင် တရားမဝင် အွန်လိုင်း လောင်းကစားမှု ကျူးလွန်သူ တရုတ် နိုင်ငံသား အမျိုးသား နှစ်ဦး ဖမ်းဆီး ရမိစဉ်။

နေပြည်တော် မေ ၇

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ဆောင်ရွက်ခြင်း မရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်အတွင်း၌ မေလ ၆ ရက် ညနေပိုင်းတွင် မိုင်းပန်မြို့၏ အရှေ့မြောက်ဘက် မီတာ ၁၃၇၀၀ ခန့် အကွာ၌ တရားမဝင် အွန်လိုင်းလောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၂ ဦးအား ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ရှာဖွေဖော်ထုတ်မှုများကြောင့် ယနေ့ညနေပိုင်းတွင် မိုင်းပန်မြို့၏မြောက်ဘက် မီတာ ၁၂၃၀၀ ခန့် အကွာတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား ၁ ဦးအား ထပ်မံဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၄၉၉ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၇

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် မေလ ၈ ရက်နေ့မှ ၁၄ ရက်နေ့အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၄၉၉ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရပါသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းသိရှိရပါသည်။

မြဝတီ

**ပျောက်ဆုံးကြောင်း**
ကျော်သူအောင်(ဘ)မိုဟာမက်ဟာနစ်(ခ) လှဦး ၇/ပမန(ဧည့်)၀၀၀၃၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၅၁၁၃၆၃၆

**ပျောက်ဆုံးကြောင်း**
ချမ်းငြိမ်းဝင်း(ဘ)ဦးစံဝင်း ၁၀/ပမန(နိုင်) ၂၂၈၂၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၄၂၉၉၈၀

**ပျောက်ဆုံးကြောင်း**
နှင်းစပယ်(ဘ)ဦးမြင့်ဦး ၉/ဥတသ(နိုင်) ၀၀၃၄၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၆၄၀၀၈၄၅

**ပျောက်ဆုံးကြောင်း**
နှင်းယုဝေ(ဘ)ဦးဇော်ဝင်းနိုင် ၇/ဝမန(နိုင်) ၂၃၃၁၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ထက်ဝေနောင်(ဘ)ဦးတင်မောင်ထွန်း ၉/ ပဘန(နိုင်)၂၁၈၉၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
စည်သူအောင်(ဘ)ဦးမြင့်သူ ၁၂/အစန(နိုင်) ၂၆၄၄၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၉၆၆၀၆၉၄

**ပျောက်ဆုံးကြောင်း**
ကိုကိုချစ်(ဘ)ဦးအေးရွှေ ၇/ပတတ(နိုင်) ၁၀၆၉၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
သဇင်ထွန်း(ဘ)ဦးထွန်းထွန်းဦး ၁၄/ဟသတ(နိုင်)၃၀၉၈၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**အမည်ပြောင်း**
အဘ ဦးငွေဇော် ၃/ဘအန(နိုင်)၂၃၄၁၂၂ ၏သမီး ဘီးလင်းမြို့၊ အ.မ.က၊ ရွှေအင်ဒိုတောင် ကလေးကျောင်း၊ Grade-5 မှ မဂျူးလိယက်သရဖီဇော်အား မဂျူးလိယက်ဇော်၊ Grade-3 မှ မရှင်းသန့်သရဖီဇော်အား မရှင်းသန့်သန့်ဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မဂျူးလိယက်ဇော်၊ မရှင်းသန့်သန့်ဇော်

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

**ပျောက်ဆုံးကြောင်း**
အောင်နိုင်ထွန်း(ဘ)ဦးကျော်နိုင် ၅/ရဥန(နိုင်)၁၄၂၅၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၁၀၃၉၆၄၂

# ဘိုကလေးပညာရေးဒီဂရီကောလိပ်၌ လူငယ်စကားဝိုင်းနှင့် ဟောပြောပွဲကျင်းပ

ဘိုကလေး မေ ၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဘိုကလေးပညာရေးဒီဂရီကောလိပ်တို့ပူးပေါင်း၍ ဘိုကလေးပညာရေးဒီဂရီကောလိပ် ပညာဂုဏ်ရည်ခန်းမ၌ မေလ ၆ ရက်က လူငယ်စကားဝိုင်းနှင့် ဟောပြောပွဲကျင်းပသည်။

အဆိုပါလူငယ်စကားဝိုင်းနှင့် ဟောပြောပွဲသို့ ဘိုကလေးပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ စာရေးဆရာအလင်းနတ်သမီးတို့တက်ရောက်ကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းစိုးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဘိုကလေးပညာရေးဒီဂရီကောလိပ် သင်တန်းသား၊ သင်တန်းသူလေးဦးနှင့် စာရေးဆရာအလင်းနတ်သမီးတို့က လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့် AI နည်းပညာ ခေါင်းစဉ်နှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ AI နည်းပညာ၏ သဘောသဘာဝများအား အကျယ်တဝင့် အပြန်အလှန်ဆွေးနွေးကြသည်။

ထို့နောက် စကားဝိုင်းတက်ရောက်လာကြသူများက ဆွေးနွေးမှုများအပေါ် သိရှိလိုသည်များကိုမေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။ ဆက်လက်ပြီး ဟောပြောပွဲကိုကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်က စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာများ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဖြိုးကျော်ကျော်က သဘာဝဘေးအန္တရာယ်များအကြောင်း အသီးသီးအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြှိမ်းသတ်နည်းဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်




အင်္ဂပူ မေ ၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့်မီးငြှိမ်းသတ်နည်း ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို မေလ ၆ ရက်က မြို့မဈေး၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းသိန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးအကြောင်း အသိပညာပေးဟောပြောပြီး အရေးပေါ်မီးငြှိမ်းသတ်နည်း၊ မီးသတ်ယာဉ်များဖြင့် မီးငြှိမ်းသတ်နည်းတို့ကို စည်ပင်သာယာရေးဝန်ထမ်းများ၊ ဈေးသူဈေးသားများနှင့်အတူ လက်တွေ့ဇာတ်တိုက်လေ့ကျင့်ကြသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်နှင့်တာဝန်ရှိသူများ၊ အင်္ဂပူမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ ဈေးသူဈေးသားများတက်ရောက်ကြသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ အင်္ဂပူမြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲများ၊ မီးဘေးအန္တရာယ်အသိပညာပေးလက်ကမ်း စာစောင်များဖြန့်ဝေခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# ကျွဲလမ်းကြီး+စာဖြူစုကျေးရွာနှင့် ညောင်ချောင်းကျေးရွာတို့၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

မအူပင် မေ ၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ထရော်ညောင်ဝိုင်းကျေးရွာအုပ်စု ကျွဲလမ်းကြီး+စာဖြူစုကျေးရွာနှင့် အဂါးကျေးရွာအုပ်စု ညောင်ချောင်းကျေးရွာတို့၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မေလ ၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။



ကျွဲလမ်းကြီး+စာဖြူစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ငွေကျပ် ၉ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် သန်း ၃ ဒသမ ၅ စုစုပေါင်းငွေကျပ် ၁၂ ဒသမ ၅ သန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းနှင့် အဂါးကျေးရွာအုပ်စု ညောင်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ ငွေကျပ် ၁၆ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၃ သန်း စုစုပေါင်းငွေကျပ် ၁၉ သန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ထားခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သောကြောင့် ကျွဲလမ်းကြီး+စာဖြူစုကျေးရွာရှိ အိမ်ထောင်စု ၂၂၇ စုရှိ လူဦးရေ ၁၁၀၀ ဦးနှင့် ညောင်ချောင်းကျေးရွာ၌ အိမ်ထောင်စု ၁၂၈ စုရှိ လူဦးရေ ၇၅၈ ဦးတို့၏ ကျန်းမာရေး၊ ပညာရေးနှင့် လူနေမှုအဆင့်အတန်းများ ပိုမိုအဆင်ပြေလာနိုင်ကြောင်း သိရသည်။

**ချမ်းမြေ့**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေများ ထုတ်ချေး

ရွှေတောင် မေ ၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ နေကြာအပါအဝင် တခြားဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေများ ထုတ်ချေးခြင်းကို မေလ ၇ ရက်တွင် ညောင်လှကျေးရွာ၌ ကျင်းပသည်။


ရှေးဦးစွာ ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ခိုင်ဇော်က ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ညောင်လှကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ငွေကျပ် သိန်း ၁၀၀ အား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ နေကြာနှင့် တခြားဆီထွက်သီးနှံများစိုက်ပျိုးမည့် အသင်းသား၊ အသင်းသူ ၂၉ ဦးအတွက် ငွေကျပ်သိန်း ၁၀၀ အား တစ်ဦးချင်းလက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့် (ကျေးလက်)**

## မိုးလေဝသ သတင်း





| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ပဲခူး | ၄၂.၂˚C |
| တောင်တွင်းကြီး | ၄၂˚C |
| တောင်ငူ | ၄၁.၉˚C |
| သိမ်ဇရပ် | ၄၁.၈˚C |
| ရွှေကျင် | ၄၁.၆˚C |
| ဇောင်းတူ | ၄၁.၄˚C |
| သာယာဝတီ | ၄၁.၄˚C |
| ဖြူး | ၄၁˚C |
| ကြို့ပင်ကောက် | ၄၁˚C |
| မင်းဘူး | ၄၁˚C |
| ဇလွန် | ၄၁˚C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မိုးညှင်း | (၁.၁၀)လက်မ |
| ခန္တီး | (၀.၅၉)လက်မ |
| လားရှိုး | (၀.၅၉)လက်မ |
| ကျောက်မဲ | (၀.၅၉)လက်မ |
| မူဆယ် | (၀.၅၉)လက်မ |
| ဂန့်ဂေါ | (၀.၅၅)လက်မ |
| ကန့်ဘလူ | (၀.၅၁)လက်မ |
| မုံရွာ | (၀.၃၅)လက်မ |
| သီပေါ | (၀.၃၅)လက်မ |
| မိုးကုတ် | (၀.၂၈)လက်မ |
| မချမ်းဘော | (၀.၂၈)လက်မ |
| မာန်အောင် | (၀.၂၈)လက်မ |
| ဖောင်းပြင် | (၀.၂၄)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၂ | ၃၂ |
| ရှမ်း(မြောက်) | ၂၀ | ၃၂ |
| ရှမ်း(အရှေ့) | ၁၈ | ၃၁ |
| ရှမ်း(တောင်) | ၁၉ | ၃၂ |
| ချင်း | ၁၇ | ၃၀ |
| စစ်ကိုင်း(အထက်) | ၂၃ | ၄၀ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၆ |
| နေပြည်တော် | ၂၆ | ၃၉ |
| မန္တလေး | ၂၈ | ၃၈ |
| မကွေး | ၂၅ | ၄၁ |
| ရခိုင် | ၂၇ | ၃၂ |
| ပဲခူး | ၂၅ | ၄၀ |
| ရန်ကုန် | ၂၇ | ၄၀ |
| ဧရာဝတီ | ၂၅ | ၃၉ |
| ကယား | ၂၀ | ၃၄ |
| ကရင် | ၂၄ | ၃၉ |
| မွန် | ၂၄ | ၃၉ |
| တနင်္သာရီ | ၂၄ | ၃၈ |

# ရာသီအကုန်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့်လွဲချော်မည်ဆိုပါက ချယ်လ်ဆီးအသင်း ကစားသမားများ လုပ်ခလစာလျှော့ချခံရမည်



လန်ဒန် မေ ၇

ချယ်လ်ဆီးအသင်းအနေဖြင့် ယခုဘောလုံးရာသီ အကုန်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့် လွဲချော်မည်ဆိုပါက ကစားသမားများအနေဖြင့် လုပ်ခလစာ ၂၀ ရာခိုင်နှုန်း လျှော့ချခံရမည်ဖြစ်ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် အသင်းမှကစားသမားများကို စာချုပ်ချုပ်ဆိုရာတွင် ကာလရှည်စာချုပ်များ ချုပ်ဆိုလေ့ရှိကာ လုပ်ခလစာကိုလည်း တခြားပြိုင်ဘက်အသင်းများနှင့်မတူဘဲ စာချုပ်ပါအချက်အလက်များအရ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့် လွဲချော်မည်ဆိုပါက လုပ်ခလစာ ၂၀ ရာခိုင်နှုန်း လျှော့ယူရမည်ဟူသည့်အချက်ပါဝင်နေပြီး ဆုဖလားများဆွတ်ခူးနိုင်မှသာ လုပ်ခလစာတိုးမြှင့်ပေးမည့် အချက်ကြောင့် ကစားသမားများအနေဖြင့် လုပ်ခလစာ ၂၀ ရာခိုင်နှုန်းအထိ လျှော့ချခံရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့်လွဲချော်မည်ဆိုပါက အသင်းဝင်ငွေများစွာ လျော့နည်းမည်ဖြစ်၍ အသင်းဝင်ငွေ၊ ထွက်ငွေစည်းမျဉ်းနှင့် မငြိစွန်းစေရန်အတွက် အသင်းမှကစားသမားများကို လုပ်ခလစာ လျှော့ချရန် စီစဉ်ထားခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ယခုဘောလုံးရာသီတွင် နည်းပြအပြောင်းအလဲ နှစ်ကြိမ်လုပ်ဆောင်ထားပြီး နည်းပြမာရက်ကာကို ထုတ်ပယ်ပြီးနောက် နည်းပြအဖြစ် ရိုစင်နီယာကို ခန့်အပ်ခဲ့သော်လည်း စံချိန်တင်ရလဒ်ဆိုးများကြောင့် ရာထူးမှထပ်မံထုတ်ပယ်ခဲ့သည်။ ယာယီနည်းပြအဖြစ် မက်ဖာလန်ကို ရာသီကုန်အထိ ခန့်အပ်ထားသော်လည်း အသင်းရလဒ်မှာ တိုးတက်လာခြင်းမရှိဘဲ ပိုမိုဆိုးရွားနေခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပြိုင်ပွဲပြီးဆုံးရန် သုံးပွဲအလိုတွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နောက်ဆုံးနေရာဖြစ်သည့် အဆင့်(၅)နေရာမှ အက်စ်တွန်ဗီလာအသင်းနှင့် ၁၀ မှတ်ကွာဟနေသည့်အတွက် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့်လွဲချော်မည်ဖြစ်သည်။ သို့သော် အဆင့်(၆) နေရာ၌ ရပ်တည်နိုင်ပြီး ယူရိုပါလိဂ်ဖလားဆွတ်ခူးနိုင်မည်ဆိုပါက ဝင်ခွင့်ရရှိနိုင်သည့်အခွင့်အရေးရှိနေသော်လည်း အဆိုပါအခွင့်အရေးမှာ မျှော်လင့်ချက်နည်းပါးနေကြောင်း သိရသည်။

*Ref;The Athletic*

# ရီးယဲလ်မက်ဒရစ်အသင်းတွင် ကစားသမားများအကြား အချင်းများမှုများရှိနေ

မက်ဒရစ် မေ ၇

ရီးယဲလ်မက်ဒရစ်အသင်းတွင် အသင်းမှကစားသမားများအကြား အချင်းများမှုများရှိနေသည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်း လေ့ကျင့်ရေးကွင်း၌ အသင်းကွင်းလယ်ကစားသမားများဖြစ်သည့် ဗယ်ဗာဒီနှင့် ချူအာမန်နီတို့ အချင်းများမှုဖြစ်ပွားသကဲ့သို့ ခံစစ်ကစားသမားများဖြစ်သည့် အယ်ဗာရက်နှင့် ရူဒီဂါတို့သည်လည်း ကိုယ်ထိလက်ရောက်ကျူးလွန်သည်အထိ အချင်းများမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အလားတူ တိုက်စစ်ကစားသမားများဖြစ်သည့် ဗင်နီစီးယက်နှင့် အမ်ဘတ်ပီတို့အကြားတွင်လည်း တင်းမာမှုများရှိနေသကဲ့သို့ နည်းပြအာဘီလိုနာနှင့် အသင်းမှကစားသမားများအကြားတွင်လည်း ဆက်ဆံရေးတင်းမာမှုများ ပိုမိုမြင့်တက်နေကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် လာမည့်ရက်သတ္တပတ်တွင် ဘာစီလိုနာအသင်းနှင့်ကစားရမည်ဖြစ်ပြီး သရေရလဒ်ရရှိလျှင်ပင် ရာသီမကုန်ဆုံးမီ လာလီဂါချန်ပီယံဆုကို လက်လွတ်ရမည်ဖြစ်ကာ ဆုဖလားလက်မဲ့ရာသီဖြစ်လာဖွယ်ရှိကြောင်း သိရသည်။

*Ref;Top Skills Sports UK*

# နာပိုလီအသင်းနှင့်မန်ယူအသင်းတို့အကြား ဟွိုင်လန်း၏အပြောင်းအရွှေ့အတွက် ပေါင် ၃၈ သန်းဖြင့် သဘောတူညီမှုရရှိ

ရောမ မေ ၇

နာပိုလီအသင်းနှင့် မန်ယူအသင်းတို့အကြား တိုက်စစ်ကစားသမား ဟွိုင်လန်း၏အပြောင်းအရွှေ့အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၈ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ဟွိုင်လန်းသည် အတ္တလန်တာအသင်းတွင်ကစားခဲ့စဉ်က ထိပ်တန်းအဆင့်ရှိခြေစွမ်းပြနိုင်ခဲ့သော်လည်း မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ခြေစွမ်းပြနိုင်ခြင်းမရှိသည့်အတွက် ပြီးခဲ့သည့်နှစ်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက နာပိုလီအသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။

ဟွိုင်လန်းသည် ယခုဘောလုံးရာသီ နာပိုလီအသင်းတွင် အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့ကာ ပြိုင်ပွဲစုံ ၄၁ ပွဲကစားရာတွင် ၁၄ ဂိုးသွင်းယူပြီး ဂိုးဖန်တီးမှုလေးကြိမ်ပြုလုပ်နိုင်သည်အထိ ခြေစွမ်းပြနိုင်ပြီးနောက် နာပိုလီအသင်းက အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နာပိုလီအသင်းက ဟွိုင်လန်းကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူစဉ်ကတည်းက သက်တမ်းကုန်ဆုံးချိန်တွင် အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူလိုပါက ခေါ်ယူနိုင်သောအချက်ပါဝင်သည့်အတွက် နာပိုလီအသင်းက ခြေစွမ်းပြလျက်ရှိနေသော ဟွိုင်လန်းကို အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူရန်ဆုံးဖြတ်ခဲ့ပြီးနောက် မန်ယူအသင်းနှင့်ပြောင်းရွှေ့ကြေးအတွက် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာ စတာလင်ပေါင် ၃၈ သန်းဖြင့် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

*Ref;Top Skills Sports UK*



# ရိန်းဂျားအသင်းနှင့် ဆဲတစ်အသင်းတို့၏ နှစ်ပေါင်း ၄၀ ကြာလွှမ်းမိုးမှုကိုကျော်ဖြတ်ပြီး စကော့တလန်ပရီးမီးယားရှစ်ဖလားကို ဟတ်အသင်း ဆွတ်ခူးနိုင်ရန်နီးစပ်

ဒဗ္ဗလင် မေ ၇

စကော့တလန်ပရီးမီးယားရှစ်ပြိုင်ပွဲတွင် ရိန်းဂျားအသင်းနှင့် ဆဲတစ်အသင်းတို့၏ နှစ်ပေါင်း ၄၀ ကြာလွှမ်းမိုးနေမှုကိုကျော်ဖြတ်ပြီး ယခုဘောလုံးရာသီတွင် ဟတ်အသင်းက ချန်ပီယံဆုဆွတ်ခူးနိုင်ရန် နီးစပ်နေကြောင်း သိရသည်။

စကော့တလန်ပရီးမီးယားရှစ်ပြိုင်ပွဲကို ၁၉၈၆ ခုနှစ်မှစတင်ပြီး ဆဲတစ်အသင်းနှင့် ရိန်းဂျားအသင်းတို့ကသာ နှစ်စဉ်အပြန်အလှန်ချန်ပီယံဆုများ ဆွတ်ခူးနိုင်ပြီး ပြီးခဲ့သည့်နှစ်ပေါင်း ၄၀ အတွင်း စကော့တလန်ချန်ပီယံရှစ်ဖလားကို ဆဲတစ်အသင်းက ၂၂ ကြိမ်ဆွတ်ခူးနိုင်ခဲ့ကာ ရိန်းဂျားအသင်းက ၁၈ ကြိမ်ဆွတ်ခူးနိုင်ခဲ့ပြီး ကျန်အသင်းများအနေဖြင့် တစ်သင်းမှ ဆွတ်ခူးနိုင်ခြင်းမရှိခဲ့ပေ။

စကော့တလန်ပရီးမီးယားရှစ်ဖလားကို ဆဲတစ်အသင်းက ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ခုနစ်ကြိမ်ဆက်ချန်ပီယံနှင့် ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ လေးကြိမ်ဆက်ချန်ပီယံအဖြစ် ချန်ပီယံဆုများကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

သို့သော် ယခုဘောလုံးရာသီတွင် ဟတ်အသင်းအနေဖြင့် အဆိုပါကလပ်အသင်းနှစ်သင်းလွှမ်းမိုးနေမှုကိုကျော်ဖြတ်ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ရန်နီးစပ်လျက်ရှိပြီး စကော့တလန်ချန်ပီယံရှစ်ပြိုင်ပွဲ၌ ၃၅ ပွဲကစားပြီးချိန်တွင် ၂၃ ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ငါးပွဲရှုံး ရမှတ် ၇၆ မှတ်ဖြင့် ပြိုင်ပွဲပြီးဆုံးရန် သုံးပွဲအလိုတွင် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေကာ အဆင့်(၂)နေရာမှ ဆဲတစ်အသင်းကို ရမှတ်သုံးမှတ် ဖြတ်တောက်ထားပြီး လက်ကျန်ပွဲစဉ်သုံးပွဲတွင် နှစ်ပွဲအနိုင်ရရှိပါက ချန်ပီယံဆုဆွတ်ခူးနိုင်မည်ဖြစ်သည်။

ဟတ်အသင်းသည် လက်ကျန်သုံးပွဲအဖြစ် မားသားဝဲအသင်း၊ ဖယ်ခရစ်အသင်း၊ ဆဲတစ်အသင်းတို့နှင့်ကစားရမည်ဖြစ်ပြီး နောက်ဆုံးကစားမည့် ဆဲတစ်အသင်းနှင့်ပွဲစဉ်မှာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်လာဖွယ်ရှိကြောင်း သိရသည်။

*Ref;Score 90*

## ပဲခူးတိုင်းဒေသကြီး
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စု/ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန(ဆည်မြောင်း)မှဆောင်ရွက်မည့် ရေဘေးကာကွယ်ရေးတာများ အခိုင်အမာပြုပြင်ခြင်းနှင့် ချောင်းကော/မြောင်းကောများတူးဖော်ခြင်းနှင့် ရေတံခါး ပြုပြင်ခြင်းလုပ်ငန်းများတွင် အသုံးပြုမည့်တည်ဆောက်ရေးသုံးပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန်<br>ပစ္စည်းတင်ဒါ | ၁၂-၅-၂၀၂၆ ရက်နေ့မှ ၁၅-၅-၂၀၂၆ ရက်နေ့ထိ(ရုံးချိန်) |
| (ခ) | တင်ဒါလျှောက်လွှာတင်သွင်း ရမည့်နောက်ဆုံးရက်/အချိန်<br>ပစ္စည်းတင်ဒါ | ၁၉-၅-၂၀၂၆ ရက်နေ့နှင့် ၂၀-၅-၂၀၂၆ ရက်နေ့ညနေ(၄:၃၀) နာရီ နောက်ဆုံးလက်ခံပါမည်။ |
| (ဂ) | တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်<br>ပစ္စည်းတင်ဒါ | ၂၂-၅-၂၀၂၆ ရက်နေ့ (နံနက် ၀၉:၀၀ နာရီ) |
| (ဃ) | တင်ဒါလျှောက်လွှာရောင်းချ/ ဖွင့်လှစ်မည့်နေရာ | ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ အစည်းအဝေးခန်းမတွင်ရောင်းချပါမည်။ |

၂။ အသေးစိတ်သိရှိလိုသောအချက်များကို အထက်ဖော်ပြပါလိပ်စာရှိ ရုံးနှင့် လုပ်ငန်းတည်ရှိရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ခရိုင်ရုံး များသို့လာရောက်စုံစမ်းနိုင်ပြီး ဖုန်း-၀၅၂-၂၂၃၀၀၃၅၊ ၀၅၂-၂၂၃၀၂၆၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် ဖော်ပြပါရက်များပြောင်းလဲပါက ကြိုတင်၍ ထပ်မံအသိပေးအကြောင်းကြားပါမည်။

## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများအား အောက်ဖော်ပြပါအတိုင်း တင်ဒါစနစ်ဖြင့်ဆောင်ရွက်မည်ဖြစ်ပါ၍ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် - (၁၁-၅-၂၀၂၆)ရက်နေ့မှ (၂၅-၅-၂၀၂၆) ရက်နေ့အထိ (ရုံးချိန်အတွင်း)

(ခ) လျှောက်လွှာတင်သွင်း ရမည့်ရက် - (၂၆-၅-၂၀၂၆)ရက်နေ့ (ရုံးချိန်အတွင်း)

(ဂ) တင်ဒါဖွင့်ပွဲ ကျင်းပမည့်ရက် - ထပ်မံကြေညာပါမည်

၂။ တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး (၆၆)လမ်း၊ (၁၆ x ၁၇)လမ်းကြား၊ အောင်မြေသာစံမြို့နယ်တွင် ဝယ်ယူတင်သွင်း ရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို တယ်လီဖုန်းအမှတ် ၀၉-၄၄၈၉၃၃၂၆၆၊ ၀၉-၆၆၃၅၆၃၁၂၅ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်း နိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မြန်မာ့သစ်လုပ်ငန်းမှ အောက်ဖော်ပြပါရုံးသုံးစာရေးကိရိယာများနှင့်လုပ်ငန်း သုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender) ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | ရုံးသုံးစာရေးကိရိယာပစ္စည်း | ၁၀ မျိုး |
| ၂။ | တာယာ | ၂ မျိုး |
| ၃။ | ဘက်ထရီ | ၃ မျိုး |
| ၄။ | စက်ဆီချောဆီ | ၃ မျိုး |
| ၅။ | ဆင်သံကြိုး | ၂ မျိုး |
| ၆။ | ပတ်လွှ | ၂ မျိုး |

တင်ဒါရောင်းချမည့်ရက် - ၇-၅-၂၀၂၆/ နံနက် ၁၀:၀၀ နာရီ

တင်ဒါပိတ်မည့်ရက် - ၂၁-၅-၂၀၂၆/ညနေ ၁၅:၀၀ နာရီ

တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

အမှတ်-၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့၊

ဖုန်း- ၀၁-၈၂၅၄၁၉၁၊ ၀၉-၅၃၄၁၆၀၅၊ ၀၉-၅၁၁၈၉၂၅

### တစ်ဦးတည်းဖြစ်ပါကြောင်း

မူဆယ်မြို့၊ အ.ထ.က(၃)မှ အလယ်တန်းပြဆရာမ ဒေါ်နန်းခမ်းဖောင် ၁၃/နခန(နိုင်)၀၀၀၉၀၆ ၏ဖခင် ဦးဆန်လှိုင်(ခ)ဦးရွက်ခမ်းဆိုင်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဆန်လှိုင်(ခ)ဦးရွက်ခမ်းဆိုင်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ဦးပုညလမ်းနေ ဒေါ်သီတာလွင် ၁၂/ရကန(နိုင်)၀၀၇၇၁၇ ၏သမီးဖြစ်သူ မသော်တာတင်ဇော် ၁၂/ဥကမ(နိုင်)၂၆၁၇၆၄ သည် မိဘဖြစ်သူ၏ဆိုဆုံးမမှုများကိုမနာခံဘဲ မိဘစိတ်ဆင်းရဲစေသောကိစ္စရပ်များအား အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်အပြီးပိုင်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင် ဒေါ်သီတာလွင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့နေ မဖြူဖြူခိုင် ၁၃/နဆန(နိုင်)၀၆၃၇၂၅ ကိုင်ဆောင်သူ၏ဖခင် ဦးအိုက်ကုမ်းနှင့် ဦးသာကုမ်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအိုက်ကုမ်း(ခ)ဦးသာကုမ်း**

### အမည်ပြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က(၂၀) Grade-10 တွင် ပညာသင်ကြားနေသော အဘ ဦးအောင်မျိုးထွန်း ၉/ပမန(နိုင်)၂၁၉၈၆၇ ၏သား မောင်ထင်လင်းဦးအား မောင်ကောင်းဝေယံထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကောင်းဝေယံထွန်း**

### ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.ထ.က (၂)Grade-12 မှ ပညာသင်ကြားနေသော မဆုရည်နန္ဒာ၏ဖခင်အမည်မှန်မှာ ဦးဟိန်းမင်းစံ ၁၄/မအန(နိုင်)၁၅၀၇၂၇ ဖြစ်ပါကြောင်း။

**ဦးဟိန်းမင်းစံ**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(အခြား)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Reference Book များဝယ်ယူရန်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ Polytechnic University များတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(အခြား)ခွင့်ပြုရန်ပုံငွေဖြင့် Reference Book များဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာ ဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင် (၈-၅-၂၀၂၆)ရက်နေ့မှ(၂၂-၅-၂၀၂၆) ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများကို (၂၂-၅-၂၀၂၆) ရက်နေ့ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

### ပျောက်ဆုံးကြောင်း

ဦးတင်နိုင်ဌေး(ဘ)ဦးတင်ဌေး ၁၂/လကန(နိုင်)၂၂၀၇၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၂၂၀၆၂၃

### ပျောက်ဆုံးကြောင်း

မောင်ကျလော(ဘ)ဦးအားရင် ၁၃/ကတန(နိုင်)၁၉၉၀၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၁၃၆၇၇၀၈

### ပျောက်ဆုံးကြောင်း

ဂျာဆိုင်းအောင်(ဘ)ဦးထွန်းထွန်းဝင်း ၉/အမဇ(နိုင်)၀၆၆၀၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း

ညွှယ်ဖူချော(ဘ)ဦးကျော်ဇော်လတ် ၅/လရန(နိုင်)၀၁၃၄၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ဝေဝေမော်(ဘ)ဦးစိုးပေ ၁၃/မတမ(နိုင်)၀၀၅၃၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း

အိအိခိုင်(ဘ)ဦးမြင့်ဇော် ၉/အမရ(နိုင်)၁၄၉၄၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း

လှိုင်မင်းဝေ(ဘ)ဦးရန်ရှိုက် ၁၃/လရန(နိုင်)၂၄၃၆၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၁၀၄၇၃၆

### ပျောက်ဆုံးကြောင်း

ကျော်လင်းအောင်(ဘ)ဦးကျော်အေး ၁၃/နခတ(နိုင်)၀၇၁၅၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၈၈၄၄၅၁၁

### ဖခင်အမည်မှန်

တန့်ယန်းမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ Grade-10 မှ မောင်ထွန်းနိုင်၏ဖခင်အမည်မှန်မှာ ဦးအိုက်မောင် ၁၃/တယန(နိုင်)၀၀၀၄၄၇ ဖြစ်ပါကြောင်း။

**ဦးအိုက်မောင်**

### ပျောက်ဆုံးကြောင်း

မိုးဟန်နီကို(ဘ)ဦးသိန်းစိုး ၁၂/ဒဂဆ(နိုင်)၀၃၆၆၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း

စိုးမင်းအောင်(ဘ)ဦးအောင်မြို့ ၁၄/ညတန(နိုင်)၁၄၈၄၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ကေသွယ်အေး(ဘ)ဦးကျော်ငွေ ၉/မလန(နိုင်)၀၉၇၃၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 714533)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၈၂၄၃၀၆၄

### အမည်ပြောင်း

ပဲခူးမြို့၊ အ.ထ.က(၃)ကျောင်း၊ Grade-5(B) မှ အဘ ဦးနေလင်းထွန်း၏သမီး မခန့်နေကြည်အား မခင်နေကြည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မခင်နေကြည်**

### မိဘအမည်မှန်

ဘားအံမြို့၊ အ.ထ.က(ခွဲ)ကော့တာ၊ Grade-3 မှ နန်းမေမြင့်သီရိခင်နှင့် ကော့တာ(မူလကြို)ကျောင်းမှ နန်းသွန်းရတီဖြိုးတို့၏မိဘအမည်မှန်မှာ ဦးစောခင်လှ ၃/ဘအန(နိုင်)၀၉၀၀၆၅ နှင့် ဒေါ်ငွေခင် ၃/ဘအန(နိုင်)၀၉၀၀၆၉ ဖြစ်ပါကြောင်း။

**ဦးစောခင်-ဒေါ်ငွေခင်**

### အမည်မှန်

ပဲခူးမြို့နယ်(မူလွန်) မယင်းရွာဟောင်းကျောင်းမှ မှတ်ပုံတင်အမှတ် ၇/ပခန(နိုင်)၀၂၁၄၁၈ ကိုင်ဆောင်သူ မူ/အုပ် ဒေါ်စပယ်၏ အမည်မှန်မှာ ဒေါ်စပယ်ဖြစ်ပါကြောင်း။

**ဒေါ်စပယ်**

### ပျောက်ဆုံးကြောင်း

ဇော်ဇော်(ဘ)ဦးလှအောင် ၁၁/တကန(နိုင်)၀၇၀၀၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၉၉၂၅၀၈၂

### ပျောက်ဆုံးကြောင်း

မိမိရွှေ(ဘ)ဦးစံရွှေ ၁၁/မဥန(နိုင်)၁၄၄၈၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၂၁၂၀၂၁၃

### ပျောက်ဆုံးကြောင်း

နန်းနန်းထွေး(ဘ)ဦးဌေးဝင်း ၁၂/ပဇတ(နိုင်)၀၂၉၈၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၀၂၇၁၆၂

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်-မန္တလေးလမ်းမကြီး၊ စာတိုက်ရပ်ကွက်၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် ဦးရမ်းဂိုပါလ်မှ ကျော်စင်ကြယ်အမည်ဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှအမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ဦးရမ်းဂိုပါလ်ထံ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ၊ Viber ဖြင့်ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြော်ငြာချက်နှင့်အတူ အသုံးပြုလိုသောအမှတ်တံဆိပ် အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးရမ်းဂိုပါလ်**

**ရန်ကုန်-မန္တလေးလမ်းမကြီး၊ စာတိုက်ရပ်ကွက်၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။**

**Ph:** 09-883281885

**Viber:** 09-883281885

### ပျောက်ဆုံးကြောင်း

ဝပြည့်ဖြိုး(ဘ)ဦးအောင်လွင်လတ် ၁၂/ရပသ(နိုင်)၁၀၆၉၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၄၄၄၀၄၂

### ပျောက်ဆုံးကြောင်း

သဲစုမိုး(ဘ)ဦးသန်းရွှေ ၁၄/သပန(နိုင်)၁၃၃၂၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၆၄၀၀၈၄၅

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22w/58601၊ အမျိုးအမည် HONDA WAVE.NF 100S၊ အမျိုးအစား MOTOR CYCLE၊ အမည်ပေါက်သူ/ယာဉ်လက်ဝယ်ရှိသူ အမည်၊ ဦးမောင်မြင့်၊ မှတ်ပုံတင်အမှတ် ၃/ဘအန(နိုင်) ၂၄၇၁၆၃ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**

**(ကော့ကရိတ်မြို့)**

### ပျောက်ဆုံးကြောင်း

ဘဂျမ်း(ဘ)အဗ္ဗဒူလ်နဗီ ၁၂/ဥကတ(နိုင်)၀၇၇၃၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၀၂၃၂၈၆

# ပညာရေးနည်းပြများအလိုရှိသည်

၁။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများနှင့် ပညာရေးကျောင်းများတွင် ပညာရေးနည်းပြ(စာပေ) အဖြစ် အမှုထမ်းဆောင်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) တက္ကသိုလ်၊ သို့မဟုတ် ကောလိပ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (ပညာရေးဘွဲ့ရရှိသူများအား ဦးစားပေးမည်။)

( ဂ ) အသက် ၃၀ နှစ်ထက် မကြီးစေရ။

(ဃ) ကျန်းမာရေးကောင်းမွန်ရမည်။

( င ) မည်သည့်ပညာရေးကျောင်းများတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ လျှောက်ထားသူသည် အောက်ပါစာရွက်စာတမ်းများယူဆောင်လာရမည်-

(က) ကိုယ်ရေးအချက်အလက်။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်(မူရင်းနှင့်မိတ္တူ)။

( ဂ ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်းနှင့်မိတ္တူ)။

(ဃ) တက္ကသိုလ်၊ သို့မဟုတ် ကောလိပ်တစ်ခုခုမှဘွဲ့ရရှိကြောင်း ထောက်ခံချက်၊ သို့မဟုတ် ဘွဲ့လက်မှတ်(မူရင်းနှင့် မိတ္တူ)။

( င ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာကျေးရွာ/ရပ်ကွက်နှင့် ရဲတပ်ဖွဲ့စခန်းတို့မှ ထောက်ခံချက်များ။

၃။ လျှောက်ထားလိုပါက အရည်အချင်းပြည့်မီခြင်း ရှိ/မရှိ စစ်ဆေးခံရန် အောက်ပါပညာရေးကျောင်းများသို့ ၁-၅-၂၀၂၆ ရက်မှစ၍ လူကိုယ်တိုင်သွားရောက်လျှောက်ထားနိုင်သည်-

(က) အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်မြို့)။

( ခ ) အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(နေပြည်တော်)။

( ဂ ) အမှတ်(၁)ပညာရေးကျောင်း(မြိတ်မြို့)။

(ဃ) အမှတ်(၂)ပညာရေးကျောင်း(မိတ္ထီလာမြို့)။

( င ) အမှတ်(၃)ပညာရေးကျောင်း(အောင်ပန်းမြို့)။

( စ ) အမှတ်(၄)ပညာရေးကျောင်း(ရဲမွန်မြို့)။

(ဆ) အမှတ်(၅)ပညာရေးကျောင်း(တောင်ငူမြို့)။

(ဇ) အမှတ်(၆)ပညာရေးကျောင်း(မော်လမြိုင်မြို့)။

(ဈ) အမှတ်(၇)ပညာရေးကျောင်း(မြစ်ကြီးနားမြို့)။

(ည) အမှတ်(၈)ပညာရေးကျောင်း(လားရှိုးမြို့)။

(ဋ) အမှတ်(၉)ပညာရေးကျောင်း(ပုသိမ်မြို့)။

(ဌ) အမှတ်(၁၀)ပညာရေးကျောင်း(စစ်တွေမြို့)။

(ဍ) အမှတ်(၁၁)ပညာရေးကျောင်း(မုံရွာမြို့)။

(ဎ) အမှတ်(၁၂)ပညာရေးကျောင်း(ကျိုင်းတုံမြို့)။

၄။ ရွေးချယ်ခန့်အပ်ခြင်းခံရပါက အောက်ပါအကျိုးခံစားခွင့်များ ရရှိမည်ဖြစ်ပါသည်-

(က) **လစာ**

| | **အဆင့်/အတန်း** | **အခြေခံလစာ** | **နှစ်တိုး** | **ပေါင်း** |
|---|---|---|---|---|
| (၁) | တပ်ကြပ်ကြီး/နည်းပြ(စစ်သည်အစားခန့်) | ၁၉၈၀၀၀ | ၂၀၀၀ | ၂၀၈၀၀၀ |
| (၂) | ဒုတိယအရာခံဗိုလ်/နည်းပြ(စစ်သည်အစားခန့်) | ၂၁၆၀၀၀ | ၂၀၀၀ | ၂၂၆၀၀၀ |
| (၃) | အရာခံဗိုလ်/နည်းပြ(စစ်သည်အစားခန့်) | ၂၃၄၀၀၀ | ၂၀၀၀ | ၂၄၄၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ၁၀၀၀၀ ကျပ်အထိ ခံစားခွင့်ရှိသည်။ အပိုထောက်ပံ့ငွေအား နိုင်ငံ့ဝန်ထမ်းများနည်းတူခံစားခွင့်ရှိသည်။

( ခ ) နေအိမ်၊ ရေ၊ မီးနှင့် တပ်မတော်ဆေးရုံ/ဆေးခန်းများတွင် ဆေးကုသခွင့် အခမဲ့ ခံစားခွင့်ရရှိမည်။

( ဂ ) လုပ်သက် ၅ နှစ်ပြည့်ပါက ပညာရေးဒီပလိုမာစာပေးစာယူသင်တန်းသို့ တက်ရောက်ခွင့်ရရှိရေးဆောင်ရွက်ပေးမည်။

(ဃ) သက်ဆိုင်ရာကျောင်းမှ ကျောင်းဝတ်စုံ တစ်နှစ်လျှင် ၂ စုံနှုန်း ထောက်ပံ့ပေးခြင်းနှင့် အခြားထောက်ပံ့မှုများအား အခါအားလျော်စွာ ဆောင်ရွက်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာပညာရေးကျောင်းများနှင့် ဖုန်း-၀၃၆-၃၀၅၃၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။



Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁




AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com




အင်္ဂလန်နိုင်ငံ International Brewing Awards ၊ သြစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




STARMART အရောင်းဆိုင်များတွင် အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom - ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale - ၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၂၀၂၆ ခုနှစ်၊ ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိ

နေပြည်တော် မေ ၇

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန် နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံ လေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းများကို ဧပြီလ ၂၇ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေး လျက်ရှိသည်။

**စာမျက်နှာ ၂၂ ကော်လံ ၁ ❐**



လေကြောင်းလူငယ်အခြေခံသင်တန်းနှင့်တန်းမြင့်သင်တန်းတို့မှ သင်တန်းသားများ လက်တွေ့လေ့ကျင့်သင်ကြားနေမှုကိုတွေ့ရစဉ်။

## ထူးခြားသည့်နေ့အပူချိန်များ

၇-၅-၂၀၂၆

| | | | | |
|---|---|---|---|---|
| ပဲခူး | ၄၂ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တောင်ငူ | ၄၁ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| သိမ်ဇရပ် | ၄၁ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ရွှေကျင် | ၄၁ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ဇောင်းတူ | ၄၁ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| သာယာဝတီ | ၄၁ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ဖြူး | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကြို့ပင်ကောက် | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဇလွန် | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရုတ်နိုင်ငံသား ၃ ဦး ဖမ်းဆီးရမိ

စာ - ၂၆ သို့

## အီရတ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ သုံးဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

စာ - ၂၅ သို့

နိုင်ငံတကာသတင်း

## အမေရိကန်နှင့်အီရန်တို့ကြား သဘောတူညီချက် မကြာမီရရှိမည်ဟု ပါကစ္စတန်မျှော်လင့်

စာ - ၂၃ သို့

# တိုက်ကြီးမြို့နယ်၌ စပါးခေါင်နှံဖြင့် မျိုးသန့်မျိုးထိန်းပွားများရေး ကွင်းသရုပ်ပြ

ရန်ကုန် မေ ၇

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ စပါးခေါင်နှံဖြင့် မျိုးသန့်မျိုးထိန်းပွားများရေး ကွင်းသရုပ်ပြပွဲကို ယနေ့တွင် ရင်းတိုက်ကွင်းကျေးရွာအုပ်စု ကွင်းအမှတ်(၇၃၀) တောင်သူ ဦးအောင်သိန်း၏ မျိုးသန့်စိုက်ပျိုးထားရှိသော ဆင်းသုခနှင့် မနောသုခ (၂) စပါးစိုက်ခင်းငါးဧက၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှူး ကော်မတီဥက္ကဋ္ဌ ဦးသူအောင်က ဒေသတွင်း စားရေရိက္ခာဖူလုံစေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့စိုက်ပျိုးရေး ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှူး **စာမျက်နှာ ၂၅ ကော်လံ ၁ ➲**




OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar